ကြေးမုံ

The Mirror

၁၃၆၅ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၄ ရက်၊ စနေနေ့၊ (16-8-2003) (၁၉၆၄)

ပုဗ္ဗေ စ ကတပုညတာ တော် မင်္ဂလ မုတ္တမံ။ ရှေးကောင်းမှုကံ ရှိခြင်းသည် မြတ်သော မင်္ဂလာမည်၏။



အကြီးဆုံးရေအား လျှပ်စစ်စီမံကိန်း

မန္တလေးမြို့ အရှေ့တောင်ဘက် ၃၁မိုင်အကွာ ရဲရမန်းရွာအနီး မြစ်ငယ်မြစ်ပေါ်တွင် တည်ဆောက်မည့် မြန်မာနိုင်ငံတွင် အကြီးဆုံးရေအားလျှပ်စစ်စီမံကိန်းဖြစ်သော ရဲရွာ ရေအားလျှပ်စစ်စီမံကိန်းပြ ပုံစံကို တွေ့ရစဉ်။ (ဓာတ်ပုံ–ရေအားလျှပ်စစ်ဦးစီး)

သတင်းဆောင်းပါး အညွှန်း

တရုတ် နိုင်ငံတော် သင်္ဘောတည်ဆောက်ရေး ကော်ပိုရေးရှင်း(စီအက်စ်အက်စ်စီ)က ကမ္ဘာပေါ်တွင် အကြီးဆုံး သင်္ဘောကျင်း ရှစ်ကီလိုမီတာ ရှည်လျားသည့် သင်္ဘောကျင်းအသစ်တစ်ခုကို တည်ဆောက်မည်။

(နိုင်ငံတကာသတင်းများ၊ စာ–၃၊ ၄၊ ၅)

ဂျပန်ဂီတပညာရှင်တစ်ဦးက မြန်မာ့ ဆိုင်းဝိုင်းကြီးသည် အမြင်အားဖြင့် ဘုရားကျောင်းကဲ့သို့ လှပခမ်းနား၍ ပါဝင်သောတူရိယာများမှ ဆန်းပြားပြီးလျှင် ထွက်ပေါ်သော တူရိယာဂီတသံများမှာလည်း ထူးခြားလှကြောင်း ပြောကြားသွားပါသည်။

[ဦးရဲဒွေး(အမြင့်သဘင်)၏ ဆောင်းပါး၊ စာ–၁၆]

နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး တရုတ်ပြည်သူ့သမ္မတနိုင်ငံက ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ အထူးချေးငွေပေးအပ် ရဲရွာ ရေအားလျှပ်စစ်စီမံကိန်းအတွက် စက်ယန္တရားနှင့်စက်ပစ္စည်းများ ဝယ်ယူဖြည့်တင်းမည်

ရန်ကုန် ဩဂုတ် ၁၅

တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရက ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရသို့ ပေးအပ်မည့် အထူးချေးငွေဆိုင်ရာ သဘောတူညီချက်စာချုပ် လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ယနေ့နံနက် ၉နာရီ ၁၅မိနစ်တွင် ရန်ကုန်မြို့ အမှတ်(၁) စက်မှုလမ်းရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ စာချုပ်လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးမင်းသိန်း၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်၊

စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆



မန္တလေးတိုင်း မန္တလေးမြို့၏ အရှေ့တောင်ဘက် ၃၁မိုင်အကွာရှိ ရဲရမန်းရွာအနီးတွင် တည်ဆောက်လျက်ရှိသော ရဲရွာရေအားလျှပ်စစ်စီမံကိန်းကို တွေ့ရစဉ်။ (ဓာတ်ပုံမှတ်တမ်း–သတင်းစဉ်)

နိုင်ငံတော်၏ အကြီးဆုံး ရေအားလျှပ်စစ်စီမံကိန်း

ရဲရွာရေအားလျှပ်စစ်စီမံကိန်းတည်ဆောက် ဓာတ်အား မဂ္ဂါဝပ် ၇၉၀ ထုတ်လုပ်နိုင်မည်

လေ့လာရေးသားသူ–ကျော်စိန်၊ ဓာတ်ပုံ–သတင်းစဉ်နှင့် ရေအားလျှပ်စစ်ဦးစီးဌာန

ရန်ကုန် ဩဂုတ် ၁၅

ပြည်ထောင်စု မြန်မာနိုင်ငံတော်သည် စိုက်ပျိုးရေးကိုအခြေခံပြီး စက်မှုနိုင်ငံတော်သစ်သို့ ချီတက်လျက်ရှိရာ လျှပ်စစ်ဓာတ်အားသည် နိုင်ငံတော်သစ်သို့ ချီတက်ရာတွင် အဓိကအားဖြင့် အရေးပါသောကဏ္ဍမှ ပါဝင်လျက်ရှိသည်။

လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရာတွင် ရေအားဖြင့်လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း၊ ဓာတ်ငွေ့ဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း၊ လောင်စာဆီဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းနှင့် ကျောက်မီးသွေးဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း စသော နည်းလမ်းအသွယ်သွယ်ဖြင့် ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိသည်။

ယင်းသို့ နည်းလမ်းအသွယ်သွယ်ဖြင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရာတွင် ရေအားဖြင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးခြင်းသည် ကုန်ကျစရိတ် သက်သာသောကြောင့် ရေအားလျှပ်စစ်ဓာတ်အား

စာမျက်နှာ ၉ ကော်လံ ၁ သို့ ✳

နိုင်ငံတော် ပွဲစည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၁၆–၈–၂၀၀၃
(စနေနေ့)

နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေး လျှပ်စစ်ဓာတ်အား ပိုမိုထုတ်လုပ်နိုင်ရေး ကြိုးပမ်း

နိုင်ငံတော်အစိုးရသည် အမျိုးသားစီးပွားရေးဘဝ တိုးတက်ဖြစ်ထွန်းခိုင်မာစေရေးအတွက် စိုက်ပျိုးရေးကဏ္ဍကို အခြေခံပြီး စက်မှုကုန်ထုတ်လုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာစေရန် ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိသည်။ စိုက်ပျိုးရေးအပါအဝင် စက်မှုလက်မှုနှင့် အခြားကုန်ထုတ်လုပ်မှုကဏ္ဍအသီးသီး၌ ကုန်ပစ္စည်းများ တိုးတက်ထုတ်လုပ်လာနိုင်စေရန် အဘက်ဘက်က အားပေးဖြည့်ဆည်းပေးလျက်ရှိသည်။

နိုင်ငံတော်၏ စီးပွားရေးကဏ္ဍ၊ ကုန်ထုတ်လုပ်မှုကဏ္ဍနှင့် လူမှုရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းအကောင်အထည် ဖော်ရာတွင် လျှပ်စစ်ဓာတ်အားသည် အရေးပါသည့်ကဏ္ဍတစ်ရပ်အဖြစ် ပါဝင်လျက်ရှိသည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် လျှပ်စစ်စွမ်းအားကဏ္ဍက ထိထိရောက်ရောက် အထောက်အကူပြုနိုင်ရန် လိုအပ်မည်ဖြစ်သည်။

ထို့ကြောင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက ၂၀၀၁–၂၀၀၂ခုနှစ်မှ စတင်ဆောင်ရွက်လျက်ရှိသည့် တတိယကာလတို ငါးနှစ်စီမံကိန်းကာလအတွင်း လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၂၀၀၀ ထပ်မံထုတ်လုပ်နိုင်ရေးအတွက် အလတ်စားနှင့် အကြီးစားလျှပ်စစ်စီမံကိန်းများကို ချမှတ်တည်ဆောက်လျက်ရှိသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက လျှပ်စစ်ဓာတ်အားမဂ္ဂါဝပ် ၂၈၀ ထုတ်လုပ်ပေးနိုင်မည့် ပေါင်းလောင်းစီမံကိန်း၊ မဂ္ဂါဝပ် ၇၅ ဓာတ်အားထုတ်လုပ်နိုင်စွမ်းရှိသည့် မုန်းချောင်းစီမံကိန်း၊ မဂ္ဂါဝပ် ၇၉၀ ထုတ်လုပ်နိုင်မည့် ရဲရွာရေအား လျှပ်စစ်စီမံကိန်း၊ မဂ္ဂါဝပ် ၆၀ ထုတ်လုပ်နိုင်မည့် ကွင်းချောင်းရေအားလျှပ်စစ်စီမံကိန်း၊ မဂ္ဂါဝပ် ၄၀၀ ထုတ်လုပ်ပေးနိုင်မည့် ရွှေလီရေအားလျှပ်စစ်စီမံကိန်းများကို အရှိန်အဟုန်ဖြင့် တည်ဆောက်နိုင်ရေး ကြိုးပမ်းလျက်ရှိသည်။

ယင်းတို့အနက် ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့နယ်အတွင်းရှိ ရွှေလီမြစ်ပေါ်တွင် အကောင်အထည်ဖော် တည်ဆောက်မည့် ရွှေလီရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်အကောင်အထည်ဖော်ရေးနှင့် စပ်လျဉ်း၍ တည်ဆောက်ရေး ကန်ထရိုက်စာချုပ် လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ဩဂုတ်လ ၈ရက်နေ့က ရန်ကုန်မြို့ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်း ဗဟိုဌာနအဆောက်အအုံ၌ ကျင်းပခဲ့သည်။ ရွှေလီရေအားလျှပ်စစ်စီမံကိန်းမှာ မဂ္ဂါဝပ် ၄၀၀ တပ်ဆင် စက်အင်အားရှိပြီး တစ်နှစ်လျှင် လျှပ်စစ်ဓာတ်အား ယူနစ် သန်းပေါင်း ၃၀၄၂ ထုတ်လုပ်ဖြန့်ဖြူးနိုင်မည်ဖြစ်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် အဖွဲ့ဝင်များ လိုက်ပါလျက် ဩဂုတ်လ ၁၂ ရက် နံနက်က ပဲခူးတိုင်း ရွှေကျင်မြို့သို့ သွားရောက်ပြီး ရွှေကျင်မြို့ အရှေ့မြောက်ဘက် ခြောက်မိုင်အကွာ ကျောက်နဂါးကျေးရွာအနီး၌ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်ဦးစီးဌာန အမှတ်(၄) တည်ဆောက်ရေးက တာဝန်ယူတည်ဆောက်နေသည့် ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ယင်းသို့ စစ်ဆေးရာတွင် ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်းက စီမံကိန်းလုပ်ငန်းများ သတ်မှတ်ကာလပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်ရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး၊ လုပ်သားများ၏ ကျန်းမာရေးဆိုင်ရာ ကိစ္စများကို မှာကြားခဲ့သည်။

ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်းမှာ စစ်တောင်းမြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်းတွင် ပါဝင်သည့် ရေအားလျှပ်စစ်စီမံကိန်းတစ်ခုဖြစ်သည်။ အဆိုပါ စီမံကိန်းတွင် ရေအားလျှပ်စစ်စက်ရုံနှစ်ရုံ တည်ဆောက်သွားမည်ဖြစ်ရာ စက်ရုံ(၁)တွင် ၁၈ ဒသမ ၇၅ မဂ္ဂါဝပ်ရှိ စက်လေးလုံးတပ်ဆင်မည်ဖြစ်ပြီး စက်ရုံ(၂)၌ ရှစ်မဂ္ဂါဝပ်ရှိ စက်တစ်လုံးတပ်ဆင်သွားမည်ဖြစ်သည်။ စုစုပေါင်းရေအားလျှပ်စစ် ၈၃ မဂ္ဂါဝပ်ထုတ်ယူရရှိမည့် စီမံကိန်းဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်က ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံစီမံကိန်းတစ်ခုကို တည်ဆောက်ရာတွင် ငွေကြေးအရင်းအနှီး ပမာဏကြီးမားသည့်အပြင် အချိန်ယူတည်ဆောက်ရသော စီမံကိန်းလုပ်ငန်းများဖြစ်သည်။ ယခုကဲ့သို့ ရေအားလျှပ်စစ်စီမံကိန်းများကို အရှိန်အဟုန်ဖြင့် တည်ဆောက်ပေးလျက်ရှိရာ ပြည်သူများ၊ စက်မှုကုန်ထုတ်လုပ်ငန်းများအတွက် လိုအပ်သည့် လျှပ်စစ်ဓာတ်အားများ ပိုမိုရရှိလာတော့မည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုမြင့်မားစေရေးတို့အတွက် လျှပ်စစ်ဓာတ်အားများကို စက်စွမ်းအားပြည့်ထုတ်လုပ်နိုင်ရေး အရှိန်အဟုန်မြင့် ကြိုးပမ်းကြရန်နှင့် ဌာနဆိုင်ရာများ၊ ပြည်သူများအားလုံးကလည်း နိုင်ငံတော်က ထုတ်လုပ်ပေးနေသည့် လျှပ်စစ်ဓာတ်အားများကို အလေအလွင့်မရှိ စနစ်တကျ သုံးစွဲသွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

၂၀၀၃ခုနှစ် ကောဒသမအကြိမ် (၁၁ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ခေါင်းအတီးပြိုင်ပွဲအတွက် ရွေးချယ်ထားသော သီချင်းများ

(ယမန်နေ့မှအဆက်)

၁။ ပညာရှင်

(က) ထောင်ရောင်နေကသာ (သီချင်းခံ)
(ခ) အင်ကြင်းသရဖီ (ယိုးဒယား)
(ဂ) တောတောင်စွယ် (ယိုးဒယား)
(ဃ) ဖြူပြာမှုရာ (ပတ်ပျိုး)
(င) အောင်မြေသာစံ (ပတ်ပျိုး)
(စ) စိန်မြရံခြယ် (မွန်)
(ဆ) ဂန္ဓမာတောင် (ပတ်ပျိုး)
(ဇ) သပြေပင်ဝန်း (ကြိုး)

၂။ ဝါသနာရှင်အဆင့်

(က) သိင်္ဂါရွှေရောင် (ပတ်ပျိုး)
(ခ) ဥကင်ဘုံမြင့် (ဘွဲ့)
(ဂ) ရာပြည်မင်းငယ်တို့ (ယိုးဒယား)

၃။ အဆင့်မြင့်ပညာအဆင့်

(က) နှစ်ကိုယ်သစ္စာ (ပတ်ပျိုး)
(ခ) မိုးမင်းလွန်ကဲ (ကြိုး)
(ဂ) ဟေဝန်မြိုင်လမ်း (ယိုးဒယား)

၄။ အခြေခံပညာ (၁၅–၂၀)အဆင့်

(က) ကုန်းဘောင်အာဟိန်ညွှန့်ညွှန့် (ပတ်ပျိုး)
(ခ) ဟေမဝန်ချာ (ဘွဲ့)
(ဂ) ဇေယျာအောင်ချာ (ကြိုး)

၅။ အခြေခံပညာ (၁၀–၁၅)အဆင့်

(က) ဂန္ဓာမာတောင် (ဘွဲ့)
(ခ) ဆန်းနွေဦး (ယိုးဒယား)
(ဂ) သီတာသီတာဧရာကြီး (ကြိုး)

၆။ အခြေခံပညာ(၅–၁၀)အဆင့်

(က) ဇေယျာမြို့ (ကြိုး)
(ခ) မြို့နန်း (ကြိုး)
(ဂ) တံတျာတေရှင် (ကြိုး)

(ဆက်လက်ဖော်ပြပါမည်။)

တိုင်းရင်းဆေးသမားတော်ကြီးများအဖွဲ့ ကွင်းဆင်းကုသ၊ ပညာပေးဟောပြော

ရန်ကုန် ဩဂုတ် ၁၅

ပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်မှုပေးရန်အတွက် မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း (ရန်ကုန်တိုင်း)မှကြီးမှူး၍ ကွင်းဆင်းကုသရေးနှင့် ပညာပေးအစီအစဉ်ကို ဩဂုတ် ၉ရက် နံနက်၉နာရီက ခရမ်းမြို့နယ် ကွမ်းမိုးဒိန်းစံပြကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲခန်းမ၌ စခန်းဖွင့်ပြုလုပ်ရာ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်းဥက္ကဋ္ဌ သမားတော်ကြီး ဦးဉာဏ်လွင်၊ တိုင်းရင်းဆေးပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်၊ ရန်ကုန်တိုင်း တိုင်းရင်းဆေးဆရာအသင်းဥက္ကဋ္ဌ သမားတော်ကြီး မှန်ချိုဦးလှဌေး၊ တိုင်းရင်းဆေးပညာဦးစီးဌာန တိုင်းဦးစီးမှူး ဒေါ်သန်းသန်းမြင့်တို့က ဦးဆောင်၍ အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုကုသခြင်း၊ ပညာပေးဟောပြောခြင်းတို့ကို ဆောင်ရွက်ကြသည်။

ပညာပေးဟောပြောပွဲတွင် ရန်ကုန်တိုင်း တိုင်းရင်းဆေးဆရာအသင်းဥက္ကဋ္ဌ သမားတော်ကြီး မှန်ချိုဦးလှဌေးနှင့် ခရမ်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်စိုးတို့က အမှာစကားပြောကြားပြီး တိုင်းရင်းဆေးပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်နှင့် သမားတော် ဒေါ်ချိုချိုဝင်းတို့က ပညာပေးဟောပြောကြပြီး သမားတော်ကြီးများက ဒေသခံပြည်သူ ၁၅၀၀ကျော်တို့အား နံနက် ၉နာရီမှ ညနေ ၃နာရီအထိ အခမဲ့ကြည့်ရှုကုသပေးကြသည်။

(အောက်ပုံ)

ထိုသို့ကွင်းဆင်းကုသရေးနှင့် ပညာပေးအစီအစဉ်အတွင်း ကွမ်းမိုးဒိန်းစံပြကျေးရွာ အလယ်တန်း ကျောင်းခွဲအတွက် စာအုပ်၊ စာရေးကိရိယာနှင့် အလှူငွေများ၊ ခရမ်းဘိုးဘွားရိပ်သာ၊ သပြေကုန်း မဟာစည်သာသနာ့ရိပ်သာ၊ ကွမ်းမိုးဒိန်းစံပြကျေးရွာ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် လူမှုရေးအသင်းများသို့ အလှူငွေများ ပေးအပ်လှူဒါန်းရာ ခရမ်းမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်စိုးနှင့် တာဝန်ရှိသူများက လက်ခံယူကြပြီး ကွမ်းမိုးဒိန်းစံပြကျေးရွာ ရပ်မိရပ်ဖ ဦးမြင့်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ထိုသို့ကွင်းဆင်းကုသရေးနှင့် ပညာပေးအစီအစဉ်အတွင်း လူမှုရေး အဖွဲ့အစည်းများနှင့် ဆေးဝါးကုသမှု တန်ဖိုးရှစ်သိန်းကျော်ဖိုး ကုသလှူဒါန်းပေးခဲ့ကြသည်။

(က–ပ)

ခယောင်းတော ပြန်အဖြစ်မခံ

* ဆယ့်ငါးနှစ်ကြာ၊ ဟိုချိန်ခါက
တို့ရွာခြေနေ၊ တို့ရပ်မြေသည်
အခြေနေပျက်၊ ပပ်ကြားအက်ပေါ်
ခယောင်းတောသာ ဖြစ်ခဲ့ပါ၏။

* တို့ရွာသူကြီး၊ ကြီးမားမြော်မြင်
တွေးဆင်ခြင်ပြီး၊ စည်းစည်းလုံးလုံး
ပတ်ကုန်းဝန်းကျင်၊ ချုံနွယ်ပင်များ
ဖယ်ကာရှား၍၊ ပပ်ကြားကွဲနေ
ခယောင်းမြေကို၊ လယ်တွေဖြစ်ရန်
စီမံကြိုးကုတ်၊ လုံ့လထုတ်ပြီး
လုပ်ပြခဲ့တာ၊ မျက်မြင်ပါ။

* ပပ်ကြားအက်ပေါ်၊ ခယောင်းတောသည်
လယ်တောအသွင်၊ စိမ်းလွင်လာတာ
မုဒိတာထား၊ မရှုပွားဘဲ
တို့များလယ်တော၊ ခယောင်းတောသို့
ရွှေ့လျောပြန်ဖြစ်၊ ဆယ့်ငါးနှစ်က
ဘဝခြေနေ၊ ပြန်ရောက်စေရန်
အကောက်ဉာဏ်ဖြင့်၊ လုပ်ကြံလို့နေ
တစ်ရပ်ရွာက၊ ရွာသားတွေ။

* သူတို့လုပ်ကြံ၊ ဘယ်လိုဖန်စေ
မတွေဝေဘူး၊ အခြေမပျက်
တို့လယ်ကွက်ကို၊ အထွက်တိုးရန်
တို့စီမံပြီး၊ သူကြီးညွှန်ကြား
မှာစကားတိုင်း၊ သိုင်းသိုင်းဝိုင်းဝိုင်း
ပြိုင်းရိုင်းညီညာ၊ ဆက်လုပ်မှာကို
သေချာကြည့်ကြ၊ ပြမည်ပါ့
တို့ရွာသားများ၊ အစွမ်းအစ။ ။

ပျိုလွှား

အမေရိကန် ဆန့်ကျင်ရေးဆန္ဒပြမှု ဘဂ္ဂဒက်မြို့တော်၌ ရှီးယားမွတ်စလင်တို့ဆင်နွှဲ

ဘဂ္ဂဒက် ဩဂုတ် ၁၄

ဘာသာရေးကျောင်းများကို ထိခိုက်အောင် အမေရိကန်စစ်ဘက် ရဟတ်ယာဉ်တစ်စင်းကို ခပ်နိမ့်နိမ့်ပျံခဲ့သော အမေရိကန်စစ်သားများအား ပြစ်တင်ရှုတ်ချရန် ဘဂ္ဂဒက်ဆင်ခြေဖုံးဒေသရှိ လမ်းမကြီးများသို့ ထောင်ပေါင်းများစွာသော ရှီးယားမွတ်စလင်များ ဗုဒ္ဓဟူးနေ့က စုရုံးကန့်ကွက်ဆန္ဒပြကြသည်။

အီရတ်နိုင်ငံ၏ ရှီးယားမွတ်စလင် အများစုတို့ နေထိုင်သည့် ထိုဆင်းရဲသားရပ်ကွက်များ၌ ဆန္ဒပြပွဲတက်ရောက်ကြသည့် လူအုပ်ကြီးက အမေရိကန်အလိုမရှိ ဟူသော ကြွေးကြော်သံများ ကြွေးကြော်ချီတက်လာကြသည်။

အာရပ်ရုပ်မြင်သံကြားဌာနတစ်ခုကလည်း အမေရိကန်စစ်ဘက် ရဟတ်ယာဉ်တစ်စင်း အနိမ့်ပျံသန်းစဉ် ဘာသာရေးအလံကို ဘီးဖြင့်ထိသွားသည့် သဏ္ဌာန်ကိုပြသလိုက်သည်။

ရှီးယားမွတ်စလင်ခေါင်းဆောင်တစ်ဦးကမူ အမေရိကန်တပ်များသည် မြင့်မြတ်သောနေရာကို ဖျက်ဆီး ရမ်းကားကြောင်းဖြင့် ပြောကြားလိုက်သည်။

အမေရိကန်စစ်သားများ ဤမြို့အတွင်းမဝင်ရန် မိမိတို့ မေတ္တာရပ်ခံကြောင်း၊ အမေရိကန်စစ်သားများ မြို့တွင်းရောက်လာခြင်းကြောင့် လုံခြုံရေးပျက်ပြားပြီး အကြမ်းဖက်မှုကို ပေါ်ပေါက်စေကြောင်း၊ ယင်းမှာမွတ်စလင်တို့၏ အထွတ်အမြတ်နေရာများကို ကျူးကျော်စော်ကားခြင်းဖြစ်ကြောင်း မွတ်စလင်ဘာသာရေးခေါင်းဆောင်ရှိတ်ကေးက ရိုက်တာသို့ ပြောကြားလိုက်သည်။ ***အင်တာနက်။***

အီရတ်၌ တိုက်ပွဲကြီးများ ပြီးဆုံးပြီးနောက်ပိုင်း သေဆုံးအမေရိကန်စစ်သားစုစုပေါင်း ၆၀ရှိသွားပြီ

တီကရစ် ဩဂုတ် ၁၃

လွန်ခဲ့သည့် နှစ်ရက်အတွင်း အီရတ်ရှိ အမေရိကန်စစ်သားများအား တိုက်ခိုက်မှုကြောင့် အမေရိကန် စစ်သား သုံးဦး သေဆုံးရကြောင်းသိရသည်။

ကြေညာ

အဆိုပါ အမေရိကန် စစ်သားသုံးဦးနှင့် အမေရိကန် သမ္မတဘုရှ်က တိုက်ပွဲကြီးများ ပြီးဆုံးသွားပြီဟု မေ ၁ ရက်နေ့က ကြေညာပြီးနောက် အီရတ်နိုင်ငံ၌ သေဆုံးသည့် အမေရိကန်စစ်သား ၆၀ ဦး ရှိသွားပြီဖြစ်သည်။

အမေရိကန်စစ်သားများအား နောက်ဆုံးတိုက်ခိုက်ခြင်းမှာ တီကရစ်မြို့တောင်ဘက် ၁၅ မိုင်ခန့် အကွာတွင် ဗုဒ္ဓဟူးနေ့နံနက်က ဖြစ်ပွားခြင်းဖြစ်သည်။ ထိုစဉ်က အမေရိကန်စစ်သားတစ်ဦးသေဆုံးပြီး တစ်ဦး ဒဏ်ရာရခဲ့သည်။ အင်္ဂါနေ့က တာဂျီအနီး ဖုံးခွဲတိုက်ခိုက်မှုတွင် အမေရိကန်စစ်သားတစ်ဦး သေဆုံးပြီး နှစ်ဦး ဒဏ်ရာရသွားကြောင်း အမေရိကန်စစ်ဘက်က ကြေညာသည်။

ဗုံးဖောက်ခွဲ

ထို့ပြင် အင်္ဂါနေ့ကပင် ဘဂ္ဂဒက်မြို့အနောက်ဘက် မိုင်၆၀အကွာ ရာမာဒီ၌ လမ်းဘေး ဗုံးဖောက်ခွဲတိုက်ခိုက်မှုများပြုလုပ်စဉ် အမေရိကန်စစ်သား တစ်ဦး သေဆုံးရကြောင်းသိရသည်။ အီရတ်စစ်ပွဲ စတင်ပြီးနောက် သေဆုံးသွားသည့် အမေရိကန်စစ်သားပေါင်း ၂၆၆ ဦး ရှိသွားပြီဟု သိရသည်။

အင်တာနက်။

အီရတ် အုပ်ချုပ်ရေးကောင်စီ ဆောင်ရွက်ချက် ကုလသမဂ္ဂအထူးကိုယ်စားလှယ် ကြိုဆို

ဘဂ္ဂဒက် ဩဂုတ် ၁၄

အီရတ်နိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ရေးဆွဲရေး ဦးတည်သည့် အီရတ်အုပ်ချုပ်ရေးကောင်စီ၏ ခြေလှမ်းများကို ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ အီရတ်ဆိုင်ရာ အထူးကိုယ်စားလှယ် ဆာဂျီရိုဒီမဲလိုးက ကြိုဆိုလိုက်သည်။

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် ဒီမဲလိုးက ယင်းလုပ်ရပ်ကို ယနေ့ကြိုဆိုကြောင်း ပြောကြားပြီး ကုလသမဂ္ဂအကူအညီပေးမည်ဟုလည်း ကမ်းလှမ်းလိုက်သည်။

အီရတ်နိုင်ငံဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ရေးဆွဲပြဋ္ဌာန်းရေးကို ဦးတည်စေသည့် ယင်းလုပ်ငန်းတစ်ရပ်တွင် ပြည်ပစွက်ဖက်မှုမရှိဘဲ အီရတ်ပြည်သူများ လွတ်လပ်စွာ လုပ်ကိုင်ဆောင်ရွက်ရေးကိုလည်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်ကမူအားဖြင့် အခိုင်အမာထောက်ခံကြောင်း ထုတ်ပြန်ကြေညာလိုက်သည်။

ဖွဲ့စည်း

ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ရေးဆွဲရေးအတွက် ပြင်ဆင်ရေးကော်မတီတစ်ရပ်ကို အီရတ်အုပ်ချုပ်ရေးကောင်စီက ယမန်နေ့က ဖွဲ့စည်းလိုက်သည်။

အဆိုပါ ပြင်ဆင်ရေးကော်မတီအနေဖြင့် ရည်မှန်းချက်ပန်းတိုင်ကို အမြန်ဆုံး အောင်မြင်စွာ အကောင်အထည်ဖော်နိုင်စေရန် ဆန္ဒပြုကြောင်းဖြင့် အထူးကိုယ်စားလှယ် ဒီမဲလိုးက ပြောကြားလိုက်သည်။

အီရတ်အုပ်ချုပ်ရေးကောင်စီသည် အီရတ်နိုင်ငံ၏ အချုပ်အခြာအာဏာ အပြည့်အဝပြန်လည်ရရှိရေးတို့အတွက် အရေးပါသော ခြေလှမ်းတစ်ရပ်ပင်ဖြစ်ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်က ကြိုဆိုထားပြီးဖြစ်သည်ဆို၏။ ***အင်တာနက်။***

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ အယ်ဆာစီးတီးခရိုင်တွင် အမေရိကန်တပ်ဖွဲ့များ တိုက်ခိုက်သည်ဟုဆိုကာ ဩဂုတ် ၁၃ ရက်တွင် အမေရိကန် ဆန့်ကျင်ရေး ကြွေးကြော်သံများ ဟစ်ကြွေးကာ ဆန္ဒပြနေကြသည့် အီရတ်နိုင်ငံသားများအား တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ကြီးမားလှသည့် ဖရုံသီးကြီး

ဩဂုတ် ၁၃ ရက်က တရုတ်ပြည် အရှေ့မြောက်ပိုင်း ဂျီလင်ပြည်နယ် မြို့တော်တွင် ချန်ချူးနိုင်ငံတကာ စိုက်ပျိုးရေးနှင့် အစားအစာပြပွဲ ကျင်းပရာ ခန်းမသို့ ကြီးမားလှသည့် ဖရုံသီးကြီးကို သယ်ဆောင်လာစဉ်။
(ဓာတ်ပုံ-ဆင်ဟွာ)

စပိန်တွင် အပူလှိုင်းကျရောက်၍ လူ ၃၀ ကျော် သေဆုံး

မဒရစ် ဩဂုတ် ၁၄

စပိန်နိုင်ငံတွင် တောမီးများ လောင်ကျွမ်းမှုကြောင့် သစ်တောဟက်တာ ၃၀၀၀ ကျော် ပျက်စီးခဲ့ရကြောင်း ဒေသန္တရအာဏာပိုင်များက အင်္ဂါနေ့တွင် ပြောကြားသည်။

ထုတ်ပြန်ကြေညာ

ယခုလောလောဆယ်တွင် မီးသတ်သမားများသည် တောမီး ကူးစက်ပျံ့နှံ့သည်ကို ဟန့်တားရန်နှင့် လူနေဒေသများကို ကာကွယ်ရန် မီးငြိမ်းသတ်လျက်ရှိကြောင်း ဂျာနာရာလီကာ မီးသတ်ဌာနက ထုတ်ပြန်ကြေညာသည်။

ပျက်စီးခဲ့

စပိန်နိုင်ငံသည် နွေရာသီ၌ မကြုံစဖူးအောင် အိုက်စပ် ပူလောင်နေသည့်အတွက် ယခုနှစ် ယခုအချိန်ထိ တောမီးများ လောင်ကျွမ်းမှုကြောင့် စပိန်နိုင်ငံတွင် သစ်တော ဟက်တာ ၅၀၀၀၀ ကျော် ပျက်စီးခဲ့ရသည်။

စပိန်နိုင်ငံတွင် အပူလှိုင်း ကျရောက်မှုကြောင့် ဩဂုတ် ၁ ရက်နေ့နောက်ပိုင်း လူ ၃၀ ကျော်သေဆုံးခဲ့ရသည်ဟု တရားဝင်ထုတ်ပြန်သည့် အစီရင်ခံစာများအရသိရသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

ဘယ်လ်ဂျီယံနိုင်ငံ၌ သင်္ဘောနှစ်စင်း တိုက်မိ

ဘရပ်ဆဲလ် ဩဂုတ် ၁၄

ကားများတင်ဆောင်လာသော အီတလီနိုင်ငံမှ ကုန်တင်သင်္ဘောနှစ်စင်းသည် ဥရောပ၏ ဒုတိယ အကြီးဆုံးဆိပ်ကမ်းဖြစ်သော ဘယ်လ်ဂျီယံနိုင်ငံရှိ အတ်ဝပ်ဆိပ်ကမ်း၌ ဗုဒ္ဓဟူးနေ့က ရင်ဆိုင်တိုက်မိခဲ့ပြီး ဆိပ်ကမ်းရှိသင်္ဘောအဝင်အထွက်ပြုမှုများအား ရပ်တန့်စေခဲ့ရသည်။

သင်္ဘောနှစ်စင်းစလုံးမှာ ဆိပ်ကမ်းအပြင်ဘက် ဝက်စတာစကယ်ဒီမြစ်ပြင်၌ မျောပါနေဆဲဖြစ်ပြီး အဆိုပါ တိုက်မိမှုတွင် ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သိရသည်။ ***အမ်အင်အေ၊ ရိုက်တာ။***

ကမ္ဘာ့အရှည်လျားဆုံး သင်္ဘောကျင်း တရုတ်ပြည်ရှန်ဟိုင်း၌ တည်ဆောက်မည်

ဘေဂျင်း ဩဂုတ် ၁၄

တရုတ်ပြည်နိုင်ငံတော် သင်္ဘောတည်ဆောက်ရေးကော်ပိုရေးရှင်း (စီအက်စ်အက်စ်စီ)က ကမ္ဘာပေါ်တွင် အကြီးဆုံးသင်္ဘောကျင်းဖြစ်မည့် ရှစ်ကီလိုမီတာရှည်လျားသည့် သင်္ဘောကျင်းအသစ်တစ်ခုကို တည်ဆောက်မည်ဖြစ်ကြောင်း ဘေဂျင်းမြို့တွင် အင်္ဂါနေ့က ထုတ်ပြန်ကြေညာသည်။

အဆိုပါသင်္ဘောကျင်းအသစ်ကို ရှန်ဟိုင်းမြို့အနီး ချန်ဆင်ကျွန်းတွင် တည်ဆောက်မည်ဖြစ်ကြောင်း စီအက်စ်အက်စ်စီ အထွေထွေမန်နေဂျာ ချင်ရှောင်ဂျင်က ပြောကြားသည်။

ယင်းသင်္ဘောကျင်း၏ အရှည်သည် ရှန်ဟိုင်းမြို့ရှိ အဓိကသင်္ဘောကျင်းများ၏ စုစုပေါင်းအရှည်ထက် ပိုရှည်လျားမည်ဖြစ်ပြီး ကမ္ဘာပေါ်တွင် အရှည်လျားဆုံး သင်္ဘောကျင်းဖြစ်လိမ့်မည်ဟု မျှော်လင့်ရသည်။

သင်္ဘောကျင်းအသစ်သည် ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၂ ဒသမ ၄ ဘီလျံမှ ၃ ဒသမ ၆ ဘီလျံ အထိ ကုန်ကျမည်ဖြစ်ပြီး နှိုဝင်ဘာလတွင် လုပ်ငန်းစတင်သည်နှင့် ရှစ်နှစ်မှ ၁၀ နှစ်အထိ ကြာမြင့်မည်ဖြစ်သည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

အီရတ်နိုင်ငံ သိမ်းပိုက်ခံရမှုအောက် အခြေအနေမတိုးတက်လျှင် အီရတ်ခေါင်းဆောင်များက လက်နက်စွဲကိုင်၍ အမေရိကန်ကို တွန်းလှန်မည်

နိုင်ငံတကာသတင်းများ

ပါရီ ဩဂုတ် ၁၄

အီရတ်နိုင်ငံ သိမ်းပိုက်ခံရမှုအောက်ဝယ် ဘဝအခြေအနေ အလျင်အမြန်တိုးတက်လာခဲ့ခြင်းမရှိပါက အီရတ်ခေါင်းဆောင်များက လက်နက်စွဲကိုင်ကာ အမေရိကန်တပ်သားများအား တွန်းလှန်တိုက်ခိုက်ကြမည်ဖြစ်ကြောင်း အီရတ်စစ်ပွဲလွန်ခေတ်တွင် အမေရိကန်အစိုးရ၏ မူဝါဒကို ပွင့်လင်းစွာဝေဖန်ရင်းဖြင့် ဖော်ပြပါအတိုင်း ကုလသမဂ္ဂ ထိပ်တန်းတာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ပြောကြားလိုက်သည်။

တွေ့ဆုံမေးမြန်း

ဆက်ဒမ်ဟူစိန်အား ရာထူးမှ ဖယ်ရှားပြီးသည့်နောက် အမေရိကန်ပြည်ထောင်စုက ၎င်း၏အီရတ်နိုင်ငံအပေါ် စစ်အောင်နိုင်ခဲ့မှုကို အလွဲလွဲအချော်ချော်ဖြစ်စေခဲ့ကြောင်း အီရတ်နိုင်ငံဆိုင်ရာ ကုလသမဂ္ဂ အထူးကိုယ်စားလှယ် ဆာဂျီယိုဒီမဲလို၏ အကြံပေးအရာရှိ ဂက်ဆန်ဆလာမေးက ပြင်သစ်အပတ်စဉ်ထုတ်ဝေသည့် စာစောင်တစ်ခုက တွေ့ဆုံမေးမြန်းရာတွင် ပြောကြားခြင်းဖြစ်သည်။

အာမခံပြော

အီရတ်ရှိ အမေရိကန်ရောင်းရင်းတပ်သားများ၏ လုပ်ရပ်များ အကျိုးမဖြစ်ထွန်းပါက သြဇာတိက္ကမရှိသည့် အီရတ်နိုင်ငံသား ခေါင်းဆောင်များက လက်နက်ကိုင်တော်လှန်ကြမည်ဟု မိမိအား အာမခံပြောကြားကြောင်း ဆလာမေးက ပြောကြားသည်။

သို့ရာတွင် မည်သည့် ထင်ရှားသောခေါင်းဆောင်က အမေရိကန်နှင့် ၎င်း၏ ရောင်းရင်းတပ်သားများအား တော်လှန်ထကြွကြမည်ကို ပြောကြားခြင်းမရှိပေ။ ကုလသမဂ္ဂမစ်ရှင်က ထိပ်တန်းခေါင်းဆောင် အစည်းအဝေးကျင်းပပြီး အမေရိကန် အုပ်ချုပ်ရေးမှူးက အီရတ်အုပ်ချုပ်ရေး ကောင်စီသစ်တွင် ခန့်အပ်ထားခံရသူများအား အုပ်ချုပ်ရေး အာဏာများအပ်နှင်းရန် တွန်းအားပေးလုပ်ဆောင်မှုကိုလည်း ဂုဏ်ပြုချီးကျူးထားကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အီရတ်တောင်ဖျားပိုင်း ဘာဆရာတွင် လောင်စာပြတ်လပ်မှုနှင့် ပတ်သက်၍ ဆန္ဒပြကန့်ကွက်နေမှုများသည် အမေရိကန်၏ ရောင်းရင်းဗြိတိသျှတပ်သားများအတွက် အခက်အခဲနှင့်ကြုံတွေ့နေရကြောင်း ဖော်ထုတ်ပြသခြင်းဖြစ်ကြောင်း ဆလာမေးက ပြောကြားသည်။ ရှီးယားမွတ်စလင်များ လွှမ်းမိုးသည့် အီရတ်တောင်ဖျားပိုင်းဒေသသည် အတန်အသင့်ငြိမ်သက်လျက်ရှိသော်လည်း ရှီးယားဘာသာရေး ခေါင်းဆောင်များသည် အစွန့်ပစ်ခံဘဝကို စိတ်မရှည်တော့ဘဲ ကိုယ့်ပြဿနာကိုယ်ရှင်းရန် ပြတ်သားစွာ ပြောကြားလာကြသည်။

သာမန်ပြည်သူများမှာလည်း အီရတ်နိုင်ငံသိမ်း တပ်သားများအား အတိုက်အခံပြည်သူများ၏ အတွေးအခေါ်နောက်ကွယ်တွင် စုရုံးပြီးသားရောက်ရှိနေကြကြောင်း ဆလာမေးက သတိပေး ပြောကြားလိုက်သည်။

အမ်အင်အေ၊ ရိုက်တာ။

နေရာပြမြေပုံ

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့မြောက်ဘက် တာဂျီမြို့၌ အမေရိကန်စစ်ယာဉ်တန်းအနီးတွင် လက်လုပ်ဗုံးတစ်လုံး ပေါက်ကွဲမှုကြောင့် အမေရိကန်တပ်သားတစ်ဦး သေဆုံးကာ နှစ်ဦး ဒဏ်ရာရရှိခဲ့သည့် နေရာပြမြေပုံ။ အီရတ်နိုင်ငံတစ်ဝန်းတွင် ဩဂုတ် ၁၂ရက်နောက်ပိုင်း ဗုံးပေါက်ကွဲမှု သီးခြားစီသုံးနေရာ၌ ဖြစ်ပွားခဲ့ရာ အမေရိကန်တပ်သား သုံးဦးသေဆုံးခဲ့သည်။ (ဓာတ်ပုံ-အင်တာနက်)

ပါလက်စတိုင်းဟိုတယ် အမေရိကန်ပစ်ခတ်မှု အဖြစ်မှန်ပေါ်ပေါက်

ဘဂ္ဂဒက် ဩဂုတ် ၁၄

အီရတ်စစ်ပွဲဖြစ်ပွားပြီး ဧပြီလအတွင်း ဘဂ္ဂဒက်မြို့ရှိ ပါလက်စတိုင်းဟိုတယ်အား အမေရိကန်တပ်ဖွဲ့များက ပစ်ခတ်မှုကြောင့် သတင်းထောက်နှစ်ဦး သေဆုံးသွားခဲ့သည်။

ယင်းအမှုကို စုံစမ်းစစ်ဆေးခဲ့ရာ ဟိုတယ်ဝရန်တာမှ မှန်ပြောင်းဖြင့် ကြည့်နေသည်ကို လက်နက်ထင်မှတ်၍ တင့်ကားပစ်ဒုံးကျည်ဖြင့် အမေရိကန်တပ်ဖွဲ့ဝင်များက ပစ်ခတ်ခဲ့ရာတွင် သတင်းထောက်နှစ်ဦး သေဆုံးခဲ့ခြင်းဖြစ်ကြောင်း၊ ထိုစဉ်က ဟိုတယ်အတွင်း၌ အီရတ်တပ်ဖွဲ့ဝင်များမရှိကြောင်း သတင်းထောက်များက ပြောကြားခဲ့သည်ဟု စီအင်န်အင်န် သတင်းဌာနက ဖော်ပြသွားသည်။ *စီအင်န်အင်န်။*

ရှေးဟောင်းတရုတ်ပြည် ဆွန်မင်းဆက်ခေတ် (၉၆၀-၁၁၂၇) မှူးမတ်တစ်ဦး၏ ကြင်ရာတော် အုတ်ဂူဟောင်းတစ်ခုကို တရုတ်ပြည်အနောက်တောင်ပိုင်း ဆီချွန်ပြည်နယ် ဇင်ကျင်းခရိုင်တွင် ဩဂုတ် ၁၃ ရက်က ရှာဖွေတွေ့ရှိစဉ်။ *(ဓာတ်ပုံ-ဆင်ဟွာ)*

အီရတ်တွင် အမေရိကန်စစ်သားများ မြေမြှုပ်ဗုံးထိမှန် ၂၄ နာရီအတွင်း တတိယအကြိမ်တိုက်ခိုက်ခံရ

ဘဂ္ဂဒက် ဩဂုတ် ၁၄

ပြီးခဲ့သော ဗုဒ္ဓဟူးနေ့က အမေရိကန် သံချပ်ကာယာဉ်တစ်စီးကို လက်လုပ်မြေမြှုပ်မိုင်းထိမှန်ခံရရာ အမေရိကန်စစ်သားတစ်ဦး သေဆုံးသွားပြီး အခြားတစ်ဦးဒဏ်ရာရရှိသွားသည်။ ယခုမိုင်းဗုံးပေါက်ကွဲမှုသည် အီရတ်နိုင်ငံ၌ ၂၄ နာရီအတွင်း အမေရိကန်တပ်ဖွဲ့များ တတိယအကြိမ်တိုက်ခိုက်ခံရခြင်းဖြစ်သည်ဟု ဆိုသည်။

အမေရိကန် အမှတ်(၄) ကြည်းတပ်မမှ စစ်သည်များသည် ဆက်ဒမ်ဟူစိန်၏ဇာတိမြို့ တီကရစ်၏ အရှေ့တောင်ဘက်တွင် ယာဉ်တန်းဖြင့်သွားနေစဉ် မြေမြှုပ်မိုင်းဖြင့် အတိုက်ခံခဲ့ရကြောင်း အမေရိကန်ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

တိုက်ခိုက်မှုဖြစ်ပွား

အင်္ဂါနေ့က ရာမာဒီမြို့အနီးတွင်လည်း အမေရိကန်စစ်ယာဉ်တန်းကို လက်လုပ်ဗုံးဖြင့် အတိုက်အခိုက်ခံခဲ့ရသေးသည်။ ရာမာဒီမြို့သည် ဘဂ္ဂဒက်မြို့၏ အနောက်ဘက် တာဂျီမြို့နှင့် မလှမ်းမကမ်းတွင် တည်ရှိသည်။ အမေရိကန်တပ်များ မကြာခဏအတိုက်ခံရသော ယင်းရာမာဒီမြို့သည် ဆွန်နီမွတ်စလင်များ နေထိုင်ရာဒေသဖြစ်သည်။ တာဂျီမြို့၌လည်း အမေရိကန်များအား တိုက်ခိုက်မှုဖြစ်ပွားခဲ့သေးသည်။

တစ်ဦးသေဆုံး၊ နှစ်ဦးဒဏ်ရာရ

ရာမာဒီမြို့ တိုက်ခိုက်မှုတွင် ပေါက်ကွဲမှုသုံးခုသည် ချိန်ကိုက်ထားသကဲ့သို့ ဆက်တိုက်ဆိုသလို ပေါက်ကွဲခဲ့သည်။ ထိုတိုက်ခိုက်မှုကြောင့် အမှတ်(၃) သံချပ်ကာ တပ်မှ စစ်သည်တစ်ဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိသွားသည်။ တာဂျီမြို့ ဗုံးပေါက်ကွဲမှုတွင် အမှတ်(၄) အမေရိကန်ကြည်းတပ်မမှ စစ်သားတစ်ဦး သေဆုံးခဲ့ရပြီး နှစ်ဦးဒဏ်ရာရရှိသွားသည်။

ဝါရှင်တန်က အီရတ်တွင် တိုက်ပွဲကြီးများပြီးဆုံးသွားပြီဟု မေလ ၁ ရက်က ကြေညာခဲ့ပြီး နောက်ပိုင်း အီရတ်တွင် ပြောက်ကျားတိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားနေသည်။ ထိုတိုက်ခိုက်မှုများကြောင့် အနည်းဆုံး အမေရိကန်စစ်သား ၆၀ ဦး သေဆုံးသွားခဲ့ရပြီဖြစ်သည်။

အင်တာနက်။

ကမ္ဘောဒီးယားသို့ လေကြောင်းပျံသန်းမှု လာအို နှစ်ဆတိုးမည်

ဖနွမ်းပင် ဩဂုတ် ၁၄

လာအိုနိုင်ငံပိုင် လေကြောင်းလိုင်းသည် ကမ္ဘောဒီးယားနိုင်ငံသို့ အပတ်စဉ်ပျံသန်းနေကျ လေကြောင်းခရီးစဉ်အရေအတွက်အား အောက်တိုဘာလ စောစောပိုင်းမှစ၍ နှစ်ဆတိုးချဲ့ ပျံသန်းမည်ဖြစ်ကြောင်း ကမ္ဘောဒီးယားသတင်းစာတစ်စောင်က ဗုဒ္ဓဟူးနေ့တွင် ဖော်ပြသည်။ မကြာသေးခင်က ဝယ်ယူထားသည့် ဗြိတိန်နိုင်ငံတွင် တည်ဆောက်သော ထိုင်ခုံ ၁၀၀ ကျော်ပါ အဲယားဘတ်စ် အေ-၃၂၀ လေယာဉ်ကို ယခုလေကြောင်း တိုးချဲ့ပျံသန်းမှုတွင် အသုံးပြုမည်ဖြစ်သည်။

အမ်အင်အေ၊ ဆင်ဟွာ။



အီရတ်ရေနံ စတင်တင်ပို့ရောင်းချ

အင်ကာရာ ဩဂုတ် ၁၃

အီရတ်နိုင်ငံက စစ်ပွဲစတင်ကတည်းက ပထမဆုံးအကြိမ်အဖြစ် ယင်း၏ မြောက်ပိုင်းရေနံမြေမှ ရေနံစိမ်းများကို ဗုဒ္ဓဟူးနေ့က စတင်ထုတ်လုပ်နေပြီဖြစ်သည်။

နိမိတ်ကောင်း

အီရတ်နိုင်ငံ၏ ရေနံပြန်လည်ထုတ်လုပ်မှုတွင် သမိုင်းမှတ်တိုင်တစ်ရပ်ဖြစ်သည့် ယင်းကိစ္စမှာ ကမ္ဘာ့ရေနံဈေးကွက်အတွက် နိမိတ်ကောင်းသည့် လက္ခဏာတစ်ရပ်ပင်ဖြစ်သည် ဆို၏။

တင်ပို့ရောင်းချ

အီရတ်နိုင်ငံသည် ကမ္ဘာ့ဒုတိယအကြီးဆုံး ရေနံသိုက်ကြီးပေါ်တွင် တည်ရှိသည့် နိုင်ငံဖြစ်သည်။ စစ်ဖြစ်သဖြင့် အီရတ်ရေနံထုတ်လုပ်မှု မရပ်ဆိုင်းမီက အီရတ်သည် ရေနံစိမ်း တစ်နေ့လျှင် စည်ပေါင်း ၂ ဒသမ ၁ သန်းခန့် ထုတ်လုပ်ခဲ့ပြီး အများစုကို ပြည်ပသို့ တင်ပို့ရောင်းချခဲ့သည်။ ***အင်တာနက်။***

ဥရောပတစ်လွှား၌ အပူချိန်မြင့်တက် စားသောက်ကုန်လုပ်ငန်းအချို့ အကျိုးဖြစ်ထွန်း

လန်ဒန် ဩဂုတ် ၁၅

ဥရောပတစ်လွှား၌ ယခုနွေရာသီအတွင်း အပူချိန်မြင့်တက်မှုကြောင့် အခက်အခဲများ ဖြစ်ပေါ်နေသော်လည်း စားသောက်ကုန်ထုတ်လုပ်ငန်းအချို့ အကျိုးဖြစ်ထွန်းခဲ့ကြောင်း သိရသည်။ ရေခဲမုန့်များ အရောင်းသွက်လာခြင်းကြောင့် ယခုနှစ်အစောပိုင်း ဝင်ငွေရည်မှန်းချက်မပြည့်မီခဲ့သည့် Unilever ကုမ္ပဏီအနေဖြင့် အရောင်းစံချိန် မြင့်တက်လာသကဲ့သို့ ဂေါ့ဖ်နှင့် ဥယျာဉ်လုပ်ငန်းသုံးပစ္စည်းများသည်လည်း ၁၈ ရာခိုင်နှုန်းခန့် အရောင်းတက်လာသည်။ သို့သော်လည်း အချို့လုပ်ငန်းများတွင် အရောင်းထိုင်းခဲ့ကြောင်း စီအင်န်အင်န် သတင်းဌာနက ဖော်ပြသွားသည်။

စီအင်န်အင်န်။

လူမှောင်ခို ၁၂ ဦး မက္ကဆီကို၌ ဖမ်းမိ

မက္ကဆီကိုစီးတီး ဩဂုတ် ၁၄

မက္ကဆီကိုရဲများက တရားမဝင်ဝင်ရောက်လာသူ ၁၈ ဦး သေဆုံးခဲ့ရမှုနှင့် ပတ်သက်သည်ဟု ယူဆရသော သင်္ကာမကင်းခံရသူ ၁၂ ဦးအား ဖမ်းဆီးခဲ့သည်။ အဆိုပါ သေဆုံးခဲ့သူများ၏ ရုပ်အလောင်းများကို အမေရိကန်ပြည်ထောင်စု တက္ကဆက်ပြည်နယ်၌ ပြီးခဲ့သည့်မေလက တွေ့ရှိခဲ့သည်။

သေဆုံးသူ ၁၈ ဦးအနက် နှစ်ဦး၏ဆွေမျိုးသားချင်းတစ်ဦးက တရားစွဲဆိုခဲ့ပြီးနောက် ၎င်းတို့ ၁၂ ဦးအား မြို့လေးမြို့တွင် ယခုကဲ့သို့ ဖမ်းဆီးခဲ့ခြင်းဖြစ်သည်ဟု မက္ကဆီကို ရှေ့နေချုပ်ရုံးက အင်္ဂါနေ့က ပြောကြားသည်။

ရင်ဆိုင်ရဖွယ်

အဆိုပါ ဖမ်းဆီးခံခဲ့ရသူများသည် တရားရုံး၌ လူမှောင်ခိုကူးမှုနှင့် ရာဇဝတ်ပြစ်မှုစွဲချက်များဖြင့် အမှုရင်ဆိုင်ရဖွယ်ရှိကြောင်း သိရသည်။

အမ်အင်အေ၊ ဆင်ဟွာ။

အမေရိကန်နှင့် ကနေဒါနိုင်ငံ အနှံ့အပြားတွင် လျှပ်စစ်ဓာတ်အား အကြီးအကျယ် ပြတ်တောက် လေကြောင်းခရီးသွားလာမှုများ ကသောင်းကနင်းဖြစ်ပြီး လေဆိပ်အချို့ကို ပိတ်ပစ်ရ ချီကာဂိုမြို့ အိုဟာရီလေဆိပ်၌ ဒေါသထွက်နေသည့် ခရီးသည်လူတန်းရှည်ကြီးများဖြင့် ပြည့်နှက်

ချီကာဂို ဩဂုတ် ၁၅

ကြာသပတေးနေ့က အသွားအလာရှုပ်ထွေးသည့်အချိန်တွင် အမေရိကန်ပြည်ထောင်စုနှင့် ကနေဒါနိုင်ငံ အနှံ့အပြား၌ လျှပ်စစ်ဓာတ်အား အကြီးအကျယ် ပြတ်တောက်ခဲ့ရာ လေကြောင်းဖြင့် ခရီးသွားလာမှုကို အကြီးအကျယ် ကသောင်းကနင်းဖြစ်စေခဲ့ပြီး အရေးပါသည့် လေဆိပ်အချို့ကို ပိတ်ပစ်ခဲ့ရကာ ထောင်ပေါင်းများစွာသော ခရီးသည်တို့ ခရီးမသွားနိုင်ဘဲ သောင်တင်ခဲ့ရသည်။ ယင်းကဲ့သို့ ဖြစ်ပွားခြင်းမှာ အမေရိကန်နှင့် ကနေဒါနိုင်ငံ သမိုင်းတို့တွင် အဆိုးရွားဆုံး လျှပ်စစ်မီးပြတ်တောက်မှုများအနက် တစ်ခုဖြစ်သည်။

ပို့ဆောင်နိုင်ခြင်းမရှိ

ယင်းကဲ့သို့ လျှပ်စစ်မီးပြတ်တောက်ခြင်းကြောင့် အမေရိကန်လေကြောင်းလိုင်းများမှာ သတ်မှတ်ထားသည့် ခရီးစဉ် သို့မဟုတ် ခရီးသည်အရေအတွက်ကို သယ်ယူပို့ဆောင်ပေးနိုင်ခြင်း မရှိဘဲဖြစ်ခဲ့ရသည်။

အကြီးကျယ်ဆုံးရပ်တန့်

အဆိုပါ လျှပ်စစ်မီးပြတ်တောက်မှုကြောင့် လေကြောင်းလိုင်းများကို ရက်အတန်ကြာ ဖရိုဖရဲဖြစ်စေခဲ့ရသော ၂၀၀၁ ခုနှစ် စက်တင်ဘာ ၁၁ ရက်နောက်ပိုင်း မိုးလေဝသအခြေအနေနှင့်မဆိုင်ဘဲ လေကြောင်းပြေးဆွဲမှု အကြီးကျယ်ဆုံး ရပ်တန့်ခဲ့ရသည်။

နယူးယောက်မြို့ အရေးပါသည့် လေဆိပ်ကြီးသုံးခုသို့ ဝင်ထွက်ကြသည့် လေယာဉ်ခရီးစဉ်များမှာ နာရီအတန်ကြာ ရပ်ဆိုင်းခဲ့ရသည်။ ထို့အတူ အမေရိကန်နိုင်ငံ ဒက်ထရွိုက်ဒေသ ကလီဗင်လန့်မြို့နှင့် ကနေဒါနိုင်ငံမှ တိုရွန်တိုနှင့် အော့တဝါမြို့တို့တွင်လည်း လေကြောင်းခရီးစဉ်များ ရပ်တန့်ခဲ့ရသည်။ လျှပ်စစ်မီးပြတ်တောက်မှုသည် အကြမ်းဖက်မှုနှင့် ပါဝင်ပတ်သက်မှုရှိသည့် အရိပ်လက္ခဏာမတွေ့ရကြောင်း အမေရိကန်အာဏာပိုင်များက ပြောကြားသည်။

မိုးကြိုးပစ်

ယင်းကဲ့သို့ လျှပ်စစ်ဓာတ်အား ပြတ်တောက်ရခြင်းမှာ အမေရိကန်-ကနေဒါနယ်စပ် နီယာဂါရာဒေသရှိ လျှပ်စစ်ဓာတ်အားပေးရုံကို မိုးကြိုးပစ်၍ဖြစ်ကြောင်း ကနေဒါဝန်ကြီးချုပ်ရုံးက ပြောကြားသည်။ အမေရိကန်နိုင်ငံတွင် လေယာဉ်အဝင်အထွက် အများဆုံးလေဆိပ်များအနက် တစ်ခုဖြစ်သည့် ချီကာဂိုမြို့ အိုဟာရီလေဆိပ်တွင် လေကြောင်းခရီးစဉ် ပြန်လည်ပြေးဆွဲနိုင်ရေးအတွက် စောင့်ဆိုင်းလျက်ရှိသော ဒေါသထွက်နေကြသည့် ခရီးသည် လူတန်းရှည်ကြီးများဖြင့် ပြည့်နှက်နေသည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်သိမ်းပိုက်ရေး တပ်များကို ဂျီဟတ်စစ်ပွဲ ဆင်နွှဲ ဆက်ဒမ်ဟု ယူဆရသူတစ်ဦးက ရေးထားသည့်စာ၌ တိုက်တွန်းခဲ့

ဘဂ္ဂဒက် ဩဂုတ် ၁၄

အီရတ်နိုင်ငံရှိ အမေရိကန်အုပ်ချုပ်ရေးမှူး ပေါလ်ဘရီမာက အီရတ်နိုင်ငံမှ အမေရိကန်ရောင်းရင်းတပ်သားများ စောစီးစွာရုပ်သိမ်းရေးကိစ္စကို ချောင်ထိုးထားစဉ် အီရတ်နိုင်ငံ သိမ်းပိုက်ရေးတပ်သားများအား ဂျီဟတ်(မြင့်မြတ်သောစစ်)စစ်ပွဲ ဆင်နွှဲရန် ဆက်ဒမ်ဟူစိန်ဟု ယူဆရသူတစ်ဦးက တိုက်တွန်းရေးသားခဲ့သည့် စာတစ်စောင်တွင် ဖော်ပြထားသည်။

လက်ရေးဖြင့် ရေးသားထားသည့် အဆိုပါစာကို ကာတာနိုင်ငံ အခြေစိုက် အယ်လ်ဂျာဇီယာ ရုပ်မြင်သံကြား သတင်းဌာနတွင် ဗုဒ္ဓဟူးနေ့က ဖော်ပြသွားသည်။ အဆိုပါစာတွင် ဘာသာရေး အရအားဖြင့် မြင့်မြတ်သည့် နာဂျက်ဖ်မြို့မှ ရှီးယားမွတ်ဆလင် ခေါင်းဆောင် အယာတိုလာ အလီ စစ္စတန်နီအား ကြိုဆိုဂုဏ်ပြုထားသည်။ စစ္စတန်နီသည် အမေရိကန် အာဏာပိုင်အဖွဲ့က အီရတ်ပြည်သူများအား အာဏာအပ်နှင်းရန် တောင်းဆိုခဲ့သူဖြစ်သည်။

ဖော်ပြထား

အဆိုပါစာသည် ဆက်ဒမ်ဟူစိန်နှင့် တွေ့ဆုံမေးမြန်းသူတို့အကြား ပြောဆိုကြသည့် စကားများကို ပြန်ပြောင်းဖော်ပြထားဖွယ်ရှိသည်။ ယင်းအကြောင်းအရာများတွင် တွေ့ဆုံမေးမြန်းသူက အီရတ်နိုင်ငံ၏ အနာဂတ် ဖွဲ့စည်းအုပ်ချုပ်ပုံနှင့် အမေရိကန်ခန့် အီရတ်အုပ်ချုပ်ရေးကောင်စီ စသည်တို့ကို ဆက်ဒမ်အား မေးမြန်းထားမှုနှင့် အဖြေများ ပါဝင်သည်။

ဆက်ဒမ်ဟူစိန် ရာထူးမှ ဖယ်ရှားခံရပြီးသည့်နောက် ဆက်ဒမ်ဟူစိန်ဟု ယူဆရသူထံမှ အကြောင်းအရာ ပေါင်စုံကို အဆိုပါ ရုပ်မြင်သံကြားဌာနက ထုတ်လွှင့်ပေးခဲ့သည်။

ပဟေဠိဆန်

ထောင်ပေါင်းများစွာသော အမေရိကန်တပ်သားများက စစ်ကြောင့် ထောင်းထောင်းကြေ ဖြစ်ခဲ့ရသည့် အီရတ်နိုင်ငံအတွင်း ပိုက်စိပ်တိုက်ကာ ကြိမ်ဖန်များစွာ ရှာပုံတော်ဖွင့် ရှာပါသော်လည်း သမ္မတဟောင်း ဆက်ဒမ်ဟူစိန်၏ ကံကြမ္မာမှာ ယနေ့ထက်တိုင် ပဟေဠိဆန်ဆန် ဖြစ်လျက်ရှိနေသည်။

ဆက်ဒမ်၏ လူယုံတော်များကို အမြစ်ပြတ် ဖြေရှင်းရန် နောက်ဆုံး ကြိုးပမ်းသည့် အနေဖြင့် အမေရိကန် တပ်သားများက ဆက်ဒမ်၏မွေးရပ်မြေ တိကရစ်တွင် ရှာဖွေရင်း အစိုးရအဖွဲ့ဝင်ဟောင်း လေးဦးကို ဖမ်းဆီးခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အမေရိကန်နှင့် ဗြိတိန်တပ်များကို ဂျီဟတ်စစ်ပွဲ ဆင်နွှဲရန် ဆက်ဒမ်ဟူစိန်က အီရတ်နိုင်ငံမှ လူများစု ရှီးယားမွတ်စလင်တို့အား တိုက်တွန်းခဲ့သည် ဆိုသည့် ဆက်ဒမ်ဟု ယူဆရသူ လူတစ်ဦးကပေးသည့် စာတစ်စောင်ကို အယ်ဂျာဇီးယား ရုပ်မြင်သံကြားဌာနက ထုတ်လွှင့်ပြသနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

လူမှောင်ခိုဂိုဏ်း ဘယ်လ်ဂျီယံ၌ ပြစ်ဒဏ်ချမှတ်

ဘရပ်ဆယ် ဩဂုတ် ၁၄

လွန်ခဲ့သည့် နှစ်နှစ်အတွင်း ဗြိတိန်နိုင်ငံသို့ အယ်ဘေးနီးယားလူမျိုး ၁၀၀၀၀ ကျော်အား မှောင်ခိုခိုးထုတ်မှုဖြင့် ဂိုဏ်းတစ်ဂိုဏ်းအား တရားစွဲဆို အပြစ်ပေးခဲ့ကြောင်း ဘယ်လ်ဂျီယံ တရားရုံး တစ်ရုံးက အင်္ဂါနေ့တွင် ပြောကြားသည်။

လူ ၂၃ ဦး ပါဝင်သည့် အဆိုပါဂိုဏ်းသည် လူမှောင်ခိုမှုကို ကျူးလွန်ပြီး ရာဇဝတ်အဖွဲ့အစည်းတစ်ခုတွင် ပါဝင်နေကြောင်း တရားရုံး တရားသူကြီး ဟီလ်ဒီပေါဝီလ်က ပြောကြားသည်။ ၎င်းတို့ကို ထောင်ဒဏ် သုံးနှစ်မှ ရှစ်နှစ်အထိ ပြစ်ဒဏ်များ အသီးသီး ချမှတ်ခဲ့သည်။

လူမှောင်ခိုသမားများသည် ဘယ်လ်ဂျီယံနိုင်ငံကိုဖြတ်၍ ဗြိတိန်နိုင်ငံသို့ လူများ မှောင်ခိုသွင်းရန် ထရပ်ကားများ အသုံးပြုခဲ့ကြောင်း ဘယ်လာသတင်းဌာနက ဖော်ပြသည်။ ဘယ်လ်ဂျီယံနိုင်ငံသည် လူမှောင်ခိုသမားများ အကြိုက်တွေ့နေသည့် လမ်းကြောင်းဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဒေါသထွက်နေသော အီရတ်ပြည်သူများ ခဲဖြင့် ပစ်ပေါက်၍ အမေရိကန်တို့က သေနတ်ဖြင့် ပြန်ပစ်

ဘဂ္ဂဒက် ဩဂုတ် ၁၅

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် မြို့နေ လူအုပ်အတွင်းသို့ အမေရိကန်တပ်ဖွဲ့များက သေနတ်နှင့် ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းကြောင့် အရပ်သားတစ်ဦး သေဆုံးပြီး လေးဦးဒဏ်ရာရရှိသွားကြောင်း သိရသည်။

ဖယ်ရှားရန်ကြိုးစား

ဖြစ်ပွားသည်မှာ ဘဂ္ဂဒက်မြို့ရှိ ရှီးယားလူနေရပ်ကွက်တစ်ခုရှိ ဆက်သွယ်ရေး မျှော်စင်ထိပ်ဖျားတွင် စိုက်ထူထားသည့် ရှီးယားမွတ်စလင်ဘာသာဝင်များ၏ အထိမ်းအမှတ် အလံအနီး၌ အမေရိကန် ရဟတ်ယာဉ်တစ်စင်း ဝဲပျံခဲ့ခြင်းကို အပျော်တမ်းဓာတ်ပုံဆရာတစ်ဦးက ရိုက်ယူခဲ့ပြီး အမေရိကန်တို့က ၎င်းအလံကို ဖယ်ရှားရန် ကြိုးစားခဲ့ကြောင်း မျက်မြင်သက်သေများက ပြောကြားခဲ့သည်။

ယင်းသို့ ဖယ်ရှားရန် ကြိုးစားခြင်းကြောင့် အချို့ဒေသခံများက နောက်ထပ်အလံများ ကိုင်ဆောင်၍ ၎င်းမျှော်စင်အပေါ် တက်လာခြင်းကြောင့် တင်းမာမှုများ ပိုမိုဖြစ်ပွားခဲ့ကြောင်း သိရသည်။ ဒေသဆိုင်ရာ ဘာသာရေးခေါင်းဆောင်တစ်ဦးက ဒေသတွင်း ယခုကဲ့သို့ ပဋိပက္ခများ ဖြစ်ပွားမှုအတွက် အမေရိကန်တို့အား အပြစ်တင် ပြောကြားခဲ့ကြောင်း သိရသည်။

ဒေါသထွက်နေသော လူအုပ်ကြီးက ဘေးမှ ဖြတ်သန်းမောင်းနှင်သွားသည့် အမေရိကန်တပ်ဖွဲ့ဝင်များ၏ မော်တော်ယာဉ်များကို ခဲများဖြင့် ပစ်ပေါက်နေစဉ် အမေရိကန်တပ်ဖွဲ့ဝင်များကလည်း သေနတ်များနှင့် ပြန်လည်ပစ်ခတ်ခဲ့ကြောင်း၊ ယင်းသို့ပစ်ခတ်ရာတွင် အီရတ်အရပ်သားတစ်ဦး သေဆုံးပြီး လေးဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

တောင်းပန်

ယင်းကိစ္စနှင့် ပတ်သက်၍ တောင်းပန်စာတစ်စောင်ကို အမေရိကန်တပ်မှူးတစ်ဦးက ဒေသဆိုင်ရာ ဘာသာရေးခေါင်းဆောင်ထံ ပေးအပ်ခဲ့ကြောင်း သိရသည်။ ယခုအခါတွင် ယင်းအယ်လ်ဆာဒါ အရပ်၌ အီရတ်လူမျိုး ဆန္ဒပြသူ ၂၀၀၀ ကျော်တို့သည် အမေရိကန် ဆန့်ကျင်ရေး ကြွေးကြော်သံများ ကြွေးကြော်၍ ကန့်ကွက်ဆန္ဒပြလျက်ရှိကြောင်း စီအင်န်အင်န် သတင်းဌာနက တင်ပြသွားသည်။

စီအင်န်အင်န်။

နိုင်ငံခြားစွက်ဖက်မှုမှန်သမျှ ကမ္ဘာကလက်မခံ မလိုလားကြပါ (၁)

တက္ကသိုလ်မြတ်သူ

အချုပ်အခြာအာဏာပိုင်နိုင်ငံ၊ ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းနဲ့ နေတဲ့နိုင်ငံ၊ လွတ်လပ်တဲ့နိုင်ငံဆိုတာ သူတစ်ပါးလက်အောက်မှာ မရှိဘဲ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး၊ ကိုယ့်အကျိုးစီးပွားကို ကိုယ်တိုင်ဆောင်ရွက်နိုင်တဲ့ နိုင်ငံဖြစ်ပါတယ်။ ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးခွင့်ရှိတဲ့နိုင်ငံလည်း ဖြစ်ပါတယ်။ ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးနိုင်ခွင့်ဆိုတာဟာ ပြည်ပစွက်ဖက်မှု၊ ကျူးကျော်မှု၊ ဗိုလ်ကျမှု၊ စိုးမိုးမှုကင်းရှင်းခြင်းဆိုတဲ့ အဓိပ္ပာယ်လည်း ဆောင်ပါတယ်။ အဲဒီလို အချုပ်အခြာ ပိုင်ခွင့်ဆိုတာနဲ့ ပြည့်စုံရင် နိုင်ငံသားတွေရဲ့ အခြေခံ လူ့အခွင့်အရေးတွေ၊ ပြည်သူတွေ အေးချမ်းသာယာဖွံ့ဖြိုးတိုးတက်မှုကို ဖော်ကျူးနိုင်တဲ့ ဒီမိုကရေစီပိုင်ခွင့်တွေ ပြည့်ဝခံစားနိုင်ကြရတာပါပဲ။ (ပြည်ပကပြောနေတဲ့ လူ့အခွင့်အရေးတို့၊ ဒီမိုကရေစီရေးဆိုတာတို့နဲ့တော့ တူချင်မှတူပေလိမ့်မယ်။ သူတို့နိုင်ငံ၊ သူတို့တိုင်းပြည်မှာ သူတို့စိတ်ကြိုက်ရွေးချယ်တဲ့ နိုင်ငံရေး၊ စီးပွားရေးပုံစံဟာ သူတို့ရွေးချယ်ပြဋ္ဌာန်းခွင့်ပါပဲ။ ကျွန်တော်တို့ နိုင်ငံတွေမှာလည်း ကျွန်တော်တို့ သမိုင်းအစဉ်အလာ၊ လူမျိုးစရိုက်၊ ရိုးရာယဉ်ကျေးမှု၊ ရေမြေသဘာဝနဲ့ကိုက်ညီပြီး ပြည်သူတစ်ရပ်လုံး အေးချမ်းတိုးတက်တဲ့ နိုင်ငံရေး၊ စီးပွားရေးပုံစံကို ရွေးချယ်ပြဋ္ဌာန်းခွင့်ရှိပြီးသားပါ။ ဒီပုံစံလုပ်၊ ဒီလိုလုပ်၊ ဟိုလိုမလုပ်နဲ့ဆိုတဲ့ ပြည်ပက စွက်ဖက်မှု ဆိုတာဟာ တကယ်တော့ အရိုးခံမဟုတ်ကြပါဘူး။ သူတို့စွက်ဖက်သူတွေရဲ့ အကျိုးစီးပွားသက်သက်နဲ့ နိုင်ငံတကာ ပြည်တွင်းရေးမှာ ဝင်စွက်ဖက်နေတာဖြစ်ကြောင်း ကမ္ဘာကသိပါတယ်။)

ကမ္ဘာကြီးပေါ်မှာ နိုင်ငံကြီး၊ လတ်၊ ငယ် နှစ်ရာကျော် သုံးရာလောက် ရှိပါတယ်။ ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့ကြီးမှာ အဖွဲ့ဝင်အဖြစ် ပါဝင်တဲ့ နိုင်ငံ အရေအတွက်ပဲကြည့်ပါ။ ဒီကနေ့အထိ ၁၉၁ နိုင်ငံရှိနေပါပြီ။ အဲဒီလို ရာနှင့်ချီပြီး ရှိနေတဲ့ နိုင်ငံတွေဟာ တစ်ဒါဇင်မပြည့်တဲ့ အရင်းရှင်နယ်ချဲ့နိုင်ငံတွေရဲ့ ကျူးကျော်ကျွန်ပြု၊ သွေးစုပ်မှုကို ရာစုနှစ်နဲ့ချီပြီး ခံခဲ့ကြရပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံလည်း အဲဒီစာရင်းထဲ ပါခဲ့တာပေါ့။

အရင်းရှင်နိုင်ငံတွေ နယ်ချဲ့တယ်ဆိုတာက သူတို့မှာ စက်ရုံရှိတယ်။ လောင်စာမရှိ၊ ကုန်ကြမ်းမပြည့်စုံ၊ စက်ရုံထွက် ကုန်ချောပစ္စည်းဝယ်မယ့် ဖောက်သည်ကလည်း သူတို့ပြည်တွင်းမှာ ရှိသလောက်နဲ့ မတင်းတိမ်၊ ဒီတော့ ရေနံလို လောင်စာပေါတဲ့နိုင်ငံ၊ သစ်၊ ရွှေ၊ ငွေ၊ စိန်၊ ကျောက်မျက်ရတနာ၊ ဓာတ်သတ္တုမျိုးစုံ၊ ရိက္ခာနဲ့ စက်မှုကုန်ကြမ်းမျိုးစုံရနိုင်တဲ့ နိုင်ငံတွေကို အကြောင်းရှာပြီး တိုက်တော့၊ သိမ်းတော့တာပဲ။

ဒီကနေ့ ကမ္ဘာ့နိုင်ငံများအကြောင်း ရေးသားပြုစုထုတ်ဝေနေတဲ့ စာအုပ်တွေမှာ ဖတ်ကြည့်ရင် နိုင်ငံတွေအားလုံးလိုလိုဟာ ပြည်ပနိုင်ငံများရဲ့ စွက်ဖက်မှု၊ ကျူးကျော်တိုက်ခိုက်မှု၊ သိမ်းပိုက်စိုးမိုးမှုခံရတဲ့ နိုင်ငံတွေချည်းဖြစ်ကြောင်း တွေ့ကြရမှာပါ။ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ တောင်ငူခေတ်၊ ကုန်းဘောင်ခေတ်တွေကတည်းက နိုင်ငံခြားသားတွေ ဝင်ရောက်စွက်ဖက်တာ ခံခဲ့ရတာပါ။ မှတ်မိကြပါလိမ့်မယ်။ တောင်ငူဘုရင် တပင်ရွှေထီးဟာ နိုင်ငံခြားသားတွေရဲ့ အရက်ထောင်ချောက်ထဲ တိုးဝင်မိပြီး လက်ရုံးရည်၊ နှလုံးရည်ပြည့်ဝတဲ့ မင်းဖြစ်ပါလျက် နိုင်ငံခြားအရက်ရဲ့ ကျေးကျွန်ဖြစ်ခဲ့ရတယ်။ နောက်ဆုံး လုပ်ကြံခံရတယ်။

ကုန်းဘောင်ခေတ် မြန်မာနိုင်ငံကို ဝင်ရောက်လာတဲ့ နိုင်ငံခြားသားတွေဟာ မသမာတဲ့ ရည်ရွယ်ချက်နဲ့ ဘိန်းခိုးသွင်းခဲ့ကြတယ်။ ဘိုးတော်ဘုရားလက်ထက် အဲဒီဘိန်းခိုးသွင်းမှု၊ ဘိန်းစားသုံးမှုတွေကို အမိန့်ပြန်တမ်းထုတ်ပြီး တားဆီးနှိမ်နင်းခဲ့ရတယ်။ ပထမတော့ ကုန်သည်ဆိုတဲ့ Merchantဟာ moneyဆိုတဲ့ ငွေထုပ်ပိုက်ဝင်လာတယ်။ ဘုရင်ကိုဒူးထောက်ခစား၊ လက်ဆောင်ပဏ္ဏာဆက်ခဲ့တယ်။ အဲဒီ (M) နှစ်လုံးဖြစ်တဲ့ Merchant နဲ့ money တို့က ရှေ့ကလာ၊ Mission ဆိုတဲ့ သာသနာပြုက နောက်ကလိုက်၊ နောက်ဆုံး Military ဆိုတဲ့ ကျူးကျော်စစ်တပ်က ဝင်လာပြီး နိုင်ငံတွေ ကျွန်ပြုတော့တာပဲ။

မြန်မာနိုင်ငံမှာ ကုန်းဘောင်ခေတ်စဉ်တစ်လျှောက် နိုင်ငံခြားသားတွေ ဗြိတိသျှ၊ ပြင်သစ်၊ ပေါ်တူဂီ စတာတွေ ဝင်ရောက် ခြေရှုပ်ခဲ့တာ အသေးမစိတ်တော့ပါဘူး။ ရှုပ်တာတော့ ရှုပ်ခဲ့ကြတာပဲ။ ပထမအင်္ဂလိပ်-မြန်မာစစ်ပွဲ ဖန်တီးတယ်။ ရခိုင်နဲ့ တနင်္သာရီသိမ်းယူတယ်။ ဒုတိယစစ်ပွဲမှာ အောက်မြန်မာပြည်ကို သိမ်းပိုက်တယ်။ တတိယစစ်ပွဲမှာတော့ တစ်ပြည်လုံး သိမ်းတော့တာပဲ။ ဗြိတိသျှတို့ရဲ့ ဘုံဘေဘားမားသစ်ကုမ္ပဏီက သူခိုးကျင့်သူခိုးကြံနဲ့ ကျွန်းသစ်လုံးတွေ သောင်းချီပြီး ခိုးထုတ်တယ်။ မြန်မာအကောက်တော် အရာရှိများက စစ်ဆေးတွေ့ရှိလို့ ဘုံဘေဘားမားကို လျော်ကြေးတောင်းတယ်။ အဲဒီအချိန် ကုန်သည်၊ ငွေ၊ သာသနာပြုတွေ မြန်မာ့မြေပေါ်မှာ ခြေကုပ်ယူထားပြီလေ။ သစ်ခိုးမှုအကြောင်းပြုပြီး နောက်ဆုံး(M)တစ်လုံးဖြစ်တဲ့ Military (စစ်တပ်)က ဝင်တိုက် ကျူးကျော်တော့တာပဲ။

ရခိုင်နဲ့ တနင်္သာရီ စပြီးသိမ်းတဲ့အချိန်က လွတ်လပ်ရေးရတဲ့ ၁၉၄၈ ခုနှစ် အထိ နှစ်ပေါင်း ၁၂၀ ကျော်၊ ၁၂၃ နှစ်ကြာအောင် ဗြိတိသျှပါလီမန်ဒီမိုကရေစီ ရှူးဖိနပ်အောက် မြန်မာနိုင်ငံကျရောက်ခဲ့ရတယ်။ အဲဒီနယ်ချဲ့ အုပ်ချုပ်မှုကာလ တစ်လျှောက် ဘူလင်ဂျာပူးလ်၊ စတီးဘရားသားလို မျက်နှာဖြူကုမ္ပဏီတွေက မြန်မာ့လယ်ယာ ထွက်ကုန်သီးနှံတွေ ဈေးနှိမ်ဝယ်၊ ပြည်ပကိုတင်ပို့၊ အမြတ်ငွေ ကုဋေပေါင်း များစွာမြတ်၊ မြန်မာတောင်သူလယ်သမားတွေမှာတော့ ငတ်ကြရလို့ ဆရာစံဦးဆောင်တဲ့ လယ်သမားသူပုန်ကြီး ထခဲ့ရတယ်။

မြန်မာ့ရေနံမြေက ရေနံတွေကို မျက်နှာဖြူဘီအိုစီကုမ္ပဏီက လက်ဝါးကြီး အုပ်၊ နှစ်စဉ် အမြတ်ငွေ ကုဋေကုဋာရ၊ မြန်မာ့ရေနံလုပ်သားတွေ ထမင်းမဝလို့ ရေနံမြေ အလုပ်သမားသပိတ်ကြီး ပေါ်ခဲ့ရတယ်။ ဗြိတိသျှတို့ရဲ့ ဘုံဘေဘားမားကုမ္ပဏီဟာ နိုင်ငံ့ဧရိယာထက်ဝက်ခန့်ရှိတဲ့ သစ်တောကြီးတွေက အဖိုးတန်ကျွန်း၊ ပျဉ်းကတိုးစတဲ့ သစ်တွေထုတ်ပြီး ချမ်းသာသွားကြတယ်။ မြန်မာအများစုကတော့ တဲပုတ်တွေနဲ့သာ နေကြရတာပါ။ ဗြိတိသျှမျက်နှာဖြူ ဘားမားကော်ပိုရေးရှင်းက နမ္မတူဘော်တွင်းကို မြေအောက်က ရွှေ၊ ငွေ၊ သွပ်၊ သံ၊ ခဲ၊ ကြေးနီ စတဲ့ သယံဇာတတွေ အားမနာတမ်း နှိုက်ယူသွားကြတယ်။ မျက်နှာဖြူတွေရဲ့ ကုန်ချောဈေးကွက်အဖြစ်နဲ့ ရိုးကုမ္ပဏီ၊ ဖယ်ယာဝယ်သာ၊ ဘရုတ်ဒ်ဝေးစတဲ့ ကုန်ပဒေသာဆိုင်တွေ၊ ကြည်း/ရေ သယ်ယူပို့ဆောင်ရေး လုပ်ငန်းတွေမှာလည်း သူတို့မျက်နှာဖြူတွေချည်း ရင်နှီးမြှုပ်နှံ လက်ဝါးကြီးအုပ် ထားကြတာပါပဲ။ အဲဒီလုပ်ငန်းတွေမှာ မြန်မာလုပ်သားတွေကို လုပ်ခ မဖြစ်စလောက်နဲ့ နေ့ညအနားမပေး ခိုင်းစားနေခဲ့ကြတာပါ။

ဒီတော့လည်း မြန်မာတွေက လွတ်လပ်ရေး ပြန်လည်ရရှိအောင် တိုက်ကြရတော့တာပေါ့။ တိုက်ယူရတယ်ဆိုတာ သိကြတဲ့အတိုင်း အသက်၊ သွေး၊ ချွေး ရင်းနှီးခဲ့ကြရတာပါ။ အနောက်က နယ်ချဲ့အရင်းရှင်ကြီးတွေအနေနဲ့ မြန်မာနိုင်ငံသူ၊ နိုင်ငံသားတွေအပေါ် အပြစ်မြင်ကြတယ်။ အငြိုးအတေးထားကြတယ်။ ဘာကြောင့်လဲဆိုတော့ သူတို့မျက်နှာဖြူတွေလက်ထဲ ရောက်နေတဲ့ မြန်မာ့လွတ်လပ်ရေးကို မဆုတ်မနစ် အရတိုက်ယူခဲ့ကြလို့ပါပဲ။ ဒါကြောင့် လွတ်လပ်ရေးကို ထက်ထက်မြက်မြက် တိုက်ယူတဲ့ ဗိုလ်ချုပ်အောင်ဆန်းနဲ့ အာဇာနည်ခေါင်းဆောင်တွေကို လုပ်ကြံသတ်ဖြတ်ခဲ့ကြတာဖြစ်တယ်။ အဲဒီနေရာမှာ ပြည်တွင်းက အာဏာ ငန်းဖမ်းနေတဲ့ ဂဠုန်ဦးစောကို ပုဆိန်ရိုးအဖြစ် အသုံးပြုပြီး ရန်ကုန် ဗိုလ်တထောင် စီအိုဒီဂိုဒေါင်တွေထဲက လက်နက်တွေ ထုတ်ပေးခဲ့တာကတော့ ဗြိတိသျှစစ်တပ်က မေဂျာယန်းနဲ့ ဗိုလ်ကြီးဗီဗီယန်းစသူတို့ဖြစ်ပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းတို့ကို လုပ်ကြံဖို့ဆိုတာ စတင်းဂန်း နှစ်လက်၊ သုံးလက်လောက်လိုမှာပါ။ ဒါပေမယ့် ထုတ်ပေးခဲ့တဲ့ လက်နက်တွေ ကြည့်ပါဦး။

၁၉၄၆ခုနှစ်ထဲမှာ မေဂျာ(ဗိုလ်မှူး)ယန်းက ဆပ်မရှင်းဂန်းတစ်လက်၊ အမေရိကန်ကာဘိုင်သုံးလက်၊ စတင်းသေနတ်တစ်လက်၊ တော်မီဂန်းနှစ်လက်၊ လျူဂါပစ္စတိုတစ်လက်၊ ခြောက်လုံးပြူးနှစ်လက်၊ ဗိုလ်မှူးလန့်စ်ဒိန်းက စပရင်းမီးရိုင်ဖယ်တစ်လက်၊ တော်မီဂန်းနှစ်လက်၊ ကာဘိုင်တစ်လက်နဲ့ ယမ်းတောင့်တွေ အများကြီး ဦးစောကို ပေးခဲ့ပါတယ်။

၁၉၄၇ ခုနှစ် ဇွန်လ ၂၄ ရက်နေ့မှာတော့ ဗိုလ်ကြီး ဗီဗီယန်းက ဘရင်းဂန်း (စက်ကြီး)သေနတ် အလက် ၂၀၀၊ ပြောင်းပို ၂၀၀၊ မဂ္ဂဇင်းကျည်ကတ် ၈၀၀ ထုတ်ပေးခဲ့တယ်။ ဇူလိုင်လ ၁၀ ရက်နေ့မှာလည်း ဗိုလ်ကြီး ဗီဗီယန်းကစီစဉ်ပေးလို့ ဦးစောဟာ ပွိုင့် ၃၀၃ ရိုင်ဖယ်၊ ကျည်ဆန် တစ်သိန်း၊ စတင်းကျည်ဆန် ၂၅၆၀၀ နဲ့ လက်ပစ်ဗုံး အလုံး ၂၀၀ ထုတ်ယူရရှိခဲ့ပြန်တယ်။ ဒီလက်နက်တွေနဲ့ ဗိုလ်ချုပ်အောင်ဆန်းတို့ကို လုပ်ကြံစရာ မလိုအပ်ပါဘူး။ စတင်းဂန်း၊ တော်မီဂန်း သုံးလေးလက်ပဲ လိုမှာပါ။ ဘရင်းဂန်းအလက် ၂၀၀ ပေးတဲ့ ရည်ရွယ်ချက်က ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ လွတ်လပ်ရေး ရယူပြီးနောက် ဂဠုန်ဦးစောက အဲဒီလက်နက်တွေသုံးပြီး ပုန်ကန်ဖို့ပါပဲ။ ဦးစော အသုံးအနှုန်းအရ ဆိုရင်တော့ **ပြည်သိမ်းစီမံကိန်း**ပါ။ ဗြိတိသျှတို့ဟာ မြန်မာတွေကို မလွှဲမရှောင်သာ လွတ်လပ်ရေးပေးပြီး အဲဒီလွတ်လပ်ရေး ချက်ချင်းပြန်လည် ဆုံးရှုံးအောင်ဦးစောကို အသုံးချပြီး ပြည်တွင်းစစ် ဖန်တီးတာပါ။ အဲဒီ ဦးစောရဲ့ ပြည်သိမ်းစီမံကိန်း ရေးဆွဲတဲ့လူတွေထဲမှာ ဗြိတိသျှအရာရှိတွေ ပါဝင်ခဲ့ပါတယ်။

အဲဒီစီမံကိန်းမှာ လက်နက်၊ ခဲယမ်းမီးကျောက်နဲ့ ငွေကြေးစုရမယ်။ အဲဒီလက်နက်တွေကို ဦးစောရဲ့ မျိုးချစ်ပါတီဝင် ဂဠုန်တပ်ဖွဲ့ဝင်တွေလက်ထဲ ဖြန့်ချိပေးအပ်ထားရမယ်။ အာဏာရပါတီ(ဖဆပလအဖွဲ့ချုပ်) ခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းနဲ့ ခေါင်းဆောင်ကြီးတွေကို သုတ်သင်ရှင်းလင်းပစ်ရမယ်။ နယ်က ဖဆပလ ခေါင်းဆောင်တွေကို သုတ်သင်ပစ်ရမယ်။ အဲဒီမှာ အာဏာရပါတီ ဖရိုဖရဲဖြစ်ပြီး တိုင်းသူပြည်သားတွေအပေါ် ဩဇာအာဏာမရှိဘဲ ဖြစ်လာမယ်။ အဲဒီအခါ ဗြိတိသျှဘုရင်ခံက မျိုးချစ်ပါတီ (ဦးစော)လက် အာဏာအပ်လိမ့်မယ်လို့ ဖော်ပြထားပါတယ်။ ဂဠုန်ဦးစောနဲ့ အပေါင်းပါများကို ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် အာဇာနည်များအား လုပ်ကြံသတ်ဖြတ်မှုဖြင့် ဖမ်းဆီးရုံးတင်စစ်ဆေးကာ ဦးစော သေဒဏ်စီရင်ခံရပါတယ်။ လက်နက်ထုတ်ပေးတဲ့ မေဂျာယန်းကိုလည်း ထောင်ချခဲ့တယ်။ လွတ်လပ်ရေးရပြီး လက်ဝဲလက်ျာဝါဒ၊ ဂိုဏ်းဂဏစွဲ၊ အာဏာစွဲတို့ကြောင့် ရောင်စုံသောင်းကျန်းမှု ပေါ်ပေါက်ခဲ့တယ်။ စောဘဦးကြီး ခေါင်းဆောင်တဲ့ ကေအင်န်ဒီအိုများလည်း ၁၉၄၈ခုနှစ် နှစ်လယ်ပိုင်းမှစပြီး တောခိုခဲ့တယ်။ ကေအင်န်ဒီအိုတို့ အင်းစိန်သိမ်းပိုက်စဉ် အင်းစိန်ထောင်တွင်းမှ မေဂျာယန်းကို ခေါ်ထုတ်ကာ ကေအင်န်ဒီအို စစ်ရေးအကြံပေးအဖြစ် သုံးခဲ့တယ်။ တပ်မတော်စစ်ဆင်ရေးတစ်ခုမှာ ကေအင်န်ဒီအိုခေါင်းဆောင် စောဘဦးကြီး ကျဆုံးသွားရာ စောဘဦးအလောင်းဘေးမှာ စစ်ရေးအကြံပေး မေဂျာယန်း၏ အလောင်းကိုပါ ရမိခဲ့ပါတယ်။

ကေအင်န်ယူ၊ ကေအင်န်ဒီအိုတို့ဟာ ဗြိတိသျှနယ်ချဲ့ သွေးခွဲမှုကြောင့် ပြည်ထောင်စုမှခွဲထွက်ဖို့ လက်နက်ကိုင်ကြခြင်းဖြစ်ပါတယ်။ ကေအင်န်ယူတို့ လက်နက်ကိုင်ပုန်ကန်ဖြစ်အောင် သွေးထိုးပေးသူ၊ ပုန်ကန်ဖြစ်လျှင် ဗြိတိသျှ အရင်းရှင်တို့ထံမှ ငွေကြေး၊ လက်နက် အထောက်အပံ့ရစေမည်ဟု အာမခံသူ လန်ဒန်ဒေးလီးမေးလ် သတင်းထောက် အလက်ဇန်းဒါးကင်းဘဲလ်နဲ့ ၁၃၆ တပ်ဖွဲ့မှာ အမှုထမ်းခဲ့ဖူးပြီး ကာလကတ္တားမြို့မှာ နေထိုင်လျက်ရှိသူ ဗြိတိသျှ ဗိုလ်မှူးကြီး (ကာနယ်လ်)တူးလောက် (Tullock)တို့ အကြောင်းကလည်း သိထားသင့်ပါတယ်။ ရန်ကုန်မြို့ စထရင်းဟိုတယ်မှာ တည်းခိုနေတဲ့ သတင်းထောက် ကင်းဘဲလ်ဟာ ၁၁-၉-၄၈ ရက် နေ့စွဲနဲ့ ကာလကတ္တားက ကာနယ်လ်တူးလောက်ဆီ စာရေးတယ်။ အဲဒီစာကို ဘီအိုအေလေကြောင်း ကုမ္ပဏီအမှုထမ်း အိုင်ဒီဆိုင်းပွန်းနဲ့ လူကြုံပေးတယ်။ အဲဒီစာထဲမှာ တူးလောက် ပထမအသုတ်ပို့ပေးမယ့် လက်နက်တွေကို ကေအင်န်ဒီအိုက စောင့်နေကြောင်း၊ လက်နက်မရလျှင် မဖြစ်တော့ကြောင်း ဖော်ပြထားပါတယ်။ ကေအင်န်ယူက (ယခုလက်ရှိ) မွန်ပြည်နယ်၊ တနင်္သာရီတိုင်းနဲ့ မြစ်ဝကျွန်းပေါ်ဒေသတို့ကို ကရင်နိုင်ငံထူထောင်ပြီး ပြည်ထောင်စုက ခွဲထွက်ရန် ဆန္ဒရှိနေပုံရေးထားပါတယ်။

ကင်းဘဲလ်ရဲ့စာကို လူကြုံပါးခံရတဲ့ အိုင်ဒီဆိုင်းပွန်းက မိတ္တူကူးယူထားပြီး မြန်မာသံအမတ်ကြီး ဦးဖေခင်ထံ ပေးအပ်ပါတယ်။ ဦးဖေခင်က အစိုးရထံ ပေးအပ်ခဲ့လို့ ကင်းဘဲလ်ကို ၁၈-၉-၄၈ ရက်နေ့မှာ ဖမ်းလိုက်ပါတယ်။ ကင်းဘဲလ်ဆီကလည်း ကရင်သောင်းကျန်းမှုနဲ့ပတ်သက်တဲ့စာတွေ ထပ်မိခဲ့ပါတယ်။ ဒါတွေက ဗြိတိသျှ(အင်္ဂလိပ်)တို့က မြန်မာနိုင်ငံလွတ်လပ်ရေး ပြန်လည်ဆုံးရှုံးအောင်၊ ပြည်ထောင်စုပြိုကွဲအောင်လုပ်ခဲ့ကြတဲ့ သာဓကတစ်မျိုးပါပဲ။ ကျွန်တော်တို့နိုင်ငံဟာ ၁၉ ရာစုကစပြီး ဗြိတိသျှတို့ရဲ့ သွေးခွဲမှု၊ စွက်ဖက်မှု၊ ကျူးကျော်မှုတွေ ခံခဲ့ရတာ တူးလောက်တို့၊ မေဂျာယန်းတို့၊ ကင်းဘဲလ်တို့ရဲ့ ပြည်တွင်းစစ်မီး ဓာတ်ဆီဝင်လောင်းကြတာကလည်း ၂၀ ရာစု အလယ်ပိုင်းကျော်ကျော်အထိပါ။ ဒီကနေ့လည်း ပြည်ပကနေ ပုဆိန်ရိုး၊ အမျိုးသစ္စာဖောက်၊ ပြည်ပြေး၊ ဝရမ်းပြေးတွေသုံးပြီး မြန်မာပြည်ထောင်စု ပြိုကွဲရေး လုပ်တုန်းပါပဲ။ မြန်မာတွေကို ၁၂၃ နှစ် ကျွန်ပြု၊ ၁၀ စုနှစ်ပေါင်းများစွာ သွေးခွဲသပ်လျှိုနေခဲ့တဲ့ အဲဒီဝါရင့်နယ်ချဲ့တို့ရဲ့ ဒီမိုကရေစီ၊ လူ့အခွင့်အရေး အတုအယောင် နောက်ဆုံးပေါ် လက်နက်ပုံးတွေကို ရှောင်နိုင် တိမ်းနိုင် နေကြပါပြီ။

ကျွန်တော်တို့ရဲ့ လွတ်လပ်ရေး၊ ကျွန်တော်တို့ရဲ့ ပြည်ထောင်စု၊ ကျွန်တော်တို့ရဲ့ တိုင်းရင်းသား စည်လုံးညီညွတ်မှုကို ပုံစံအမျိုးမျိုးနဲ့ ဖြိုခွဲရာမှာ ကျွန်တော်တို့နဲ့ မိုင်ထောင်ပေါင်းများစွာကွာဝေးပြီး ရန်ငြိုးရန်စမရှိတဲ့ အမေရိကန်နိုင်ငံဟာ လက်သံပြောင်လှပါတယ်။ လက်ရဲဇက်ရဲ နိုင်လှတယ်လို့လည်း ပြောနိုင်ပါတယ်။ လွတ်လပ်ရေးရပြီး ကျွန်တော်တို့ မြန်မာနိုင်ငံဟာ ကျွန်ဘဝက လွတ်မြောက်ခါစ၊ ကမ္ဘာစစ်ကြီးအတွင်း ဗြိတိသျှတို့ ဖုံးကြဲချလို့ ပြာပုံဘဝ ရောက်နေရာက ကုန်းထပြီး ပြန်လည်ထူထောင်ရေးလုပ်ဖို့ ကြိုးစားရပါတယ်။

လွတ်လပ်ရေးနဲ့ အလှမ်းဝေးနေစဉ်က လွတ်လပ်ရေးတိုက်ပွဲဝင် မြန်မာမျိုးချစ်အင်အားစုကြီးက လွတ်လပ်ရေးသည် ပထမ၊ လွတ်လပ်ရေးသည် ဒုတိယ၊ လွတ်လပ်ရေးသည် တတိယလို့ လွတ်လပ်ရေးကို အဓိက ပဓာနထားပြီး ကြွေးကြော်ခဲ့ကြတယ်။ လွတ်လပ်ရေးရဖို့ သေချာလာချိန်မှာတော့ ဗိုလ်ချုပ်အောင်ဆန်းနဲ့အတူ လုပ်ဖော်ကိုင်ဖက် ရဲဘော်ရဲဘက်တွေက ဗိုလ်ချုပ်ရဲ့ မိန့်ခွန်းတွေမှာပါတဲ့အတိုင်း လွတ်လပ်ရေးသည် ပထမ၊ ဒီမိုကရေစီရေးသည် ဒုတိယ၊ ဆိုရှယ်လစ်ရေးသည် တတိယလို့ ကြွေးကြော်ခဲ့ကြပါတယ်။

၄-၁-၄၈ ရက် (လွတ်လပ်ရေးရတဲ့နေ့) နံနက်၉ နာရီ ပါလီမန်လွှတ်တော် အဖွင့်မိန့်ခွန်းမှာ သမ္မတကြီး စဝ်ရွှေသိုက်က အရင်းရှင်စနစ် ပိတ်သိမ်းပြီး ဆိုရှယ်လစ်စနစ် တည်ဆောက်မယ်လို့ အလေးအနက် ပြောကြားခဲ့တယ်။ အဲဒီနေ့ ပါလီမန်မှာ ဝန်ကြီးချုပ်ကလည်း အလားတူ ပြောခဲ့ပါတယ်။ အဲဒီအချိန် မြန်မာနိုင်ငံကို ဆိုရှယ်လစ်နဲ့ဝေးအောင် အမေရိကန် ဖူးလ်ဘရိုက်စီမံကိန်း၊ အာရှဖောင်ဒေးရှင်း၊ ဖို့ဒ်ဖောင်ဒေးရှင်း၊ အမေရိကန် ငွေကြေးအကူအညီ ပီအယ်လ် (၄၈၀)၊ အမ်အက်ဖ်အေစတဲ့ အစီအစဉ်တွေ၊ အမေရိကန် စီအိုင်အေ ထောက်လှမ်းရေးတွေ မြန်မာနိုင်ငံမှာ ခြေချင်းလိမ်ပြီး အရင်းရှင်ဘက်ကို ဘက်ကန်ဆွဲခဲ့ကြပါတယ်။ လက်တွေ့မှာတော့ အရင်းရှင်စနစ်လည်း ဖြစ်မလာ၊ ဆိုရှယ်လစ် စနစ်လည်း ဖြစ်မလာ၊ ပြည်တွင်းစစ်နဲ့ ဆင်းရဲတွင်း နက်နေခဲ့ကြတာပါပဲ။ ။

(ဆက်လက်ဖော်ပြပါမည်)

မလေးစကားပြော သင်တန်းဖွင့်မည်

ရန်ကုန် ဩဂုတ် ၁၅

K.M Language & Business Centre က စီစဉ်သော အချိန်တို အတွင်း အထိရောက်ဆုံးသောနည်းဖြင့် လက်တွေ့သင်ကြားပေးမည့် မလေးစကား ပြောသင်တန်းကို ဩဂုတ် ၁၉ ရက်တွင် စတင်ဖွင့်လှစ်သင်ကြား ပေးမည်ဖြစ်သည်။ K.M Centre အမှတ် (၂၅) နံ့သာလမ်း ဌာနေရပ်ကွက် အလုံမြို့နယ်ခန်းမအနီး ဖုန်း-၂၂၁၁၆၀နှင့် အမှတ်(၂၈၆)၊ ဗညားဒလလမ်း တာမွေမြို့နယ် ဖုန်း-၇၀၉၈၇၄ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။

(က-ပ)



ရန်ကုန်တက္ကသိုလ် သင်္ချာလမ်းညွှန်ထုတ်ဝေ

ရန်ကုန် ဩဂုတ် ၁၅

ရန်ကုန်တက္ကသိုလ် ဘာသာရပ်ဆိုင်ရာ ပါမောက္ခ (ဌာနမှူး)များက စီစဉ်ရေးသား လမ်းညွှန်သည့် Student's Guide ဘာသာစုံသင်ရိုးကုန် စာစောင်များကို တစ်ဘာသာချင်းအလိုက် နှစ်စဉ်ထုတ်ဝေ ဖြန့်ချိလျက်ရှိရာ ယခု ၂၀၀၃-၂၀၀၄ပညာသင်နှစ်၊ တက္ကသိုလ်ဝင်တန်း ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများအတွက် သင်္ချာဘာသာရပ် စာအုပ်ကို ထုတ်ဝေ ဖြန့်ချိထားသည်။ **(ဝဲပုံ)** ဆက်သွယ်ရန်မှာ ဦးမင်းဦး၊ ဌာနမှူး(သင်တန်းရေးရာ) ဘွဲ့နှင်းသဘင်အဆောက်အအုံ ရန်ကုန်တက္ကသိုလ် ဖုန်း-၅၃၆၅၀၃သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။

(က-ပ)

ပညာရေးအစီအစဉ် မိတ်ဆက်ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၅

Hightech Princess Int'l Co., Ltd. ၏ ပညာရေးအစီအစဉ်သစ်ကို ပြည်ပတက္ကသိုလ်များမှ တာဝန်ရှိပုဂ္ဂိုလ်များမှ မိတ်ဆက်ရှင်းလင်းဟောပြောပွဲကို ဩဂုတ် ၂၀ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီထိ ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးဗဟိုဌာန (IBC)၌ ပြုလုပ်မည်ဖြစ်သည်။ ဟောပြောပွဲတွင် MBA, BBA, M.Sc, ITပညာရပ်များကို မြန်မာနိုင်ငံ၌သင်ယူနိုင်မည့်အစီအစဉ်များနှင့် USA, UK, တရုတ်၊ မလေးရှားနိုင်ငံများမှ Certificate, Diploma, Advanced Diploma, Bachelorနှင့် Master Degree များကို Distance Learning ပုံစံဖြင့်သင်ယူနိုင်ပြီး မြန်မာနိုင်ငံတွင် တိုက်ရိုက်ချီးမြှင့်ပေးအပ်မည်ဖြစ်သည်။ စိတ်ဝင်စားသူများသည် Hightech Princess Int'l Co.,Ltd.ဖုန်း-၅၅၈၇၉၂သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(က-ပ)

ဝါတွင်းအထူးတရားစခန်းပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၅

မန္တလေးတိုင်း မိတ္ထီလာမြို့ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ အဖွဲ့ခွဲအမှတ်(၁၂၉) ကျောင်းသစ်ကျောင်း၏ ဝါတွင်းအထူးတရားစခန်းပွဲအဖြစ် တော်သလင်းလဆန်း ၁ရက်မှ ၇ရက်၊ ဩဂုတ် ၂၇ရက်မှ စက်တင်ဘာ ၂ရက်အထိ ကျင်းပမည်ဖြစ်ရာ ရိပ်သာပဓာန နာယက ဆရာတော် ဘဒ္ဒန္တပညာစာရ(ကမ္မဋ္ဌာနာစရိယ)က ခန္ဓပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါးတရားတော်များကို ဟောကြားမည်ဖြစ်ပြီး လူဦးရေကန့်သတ်ထားသဖြင့် ဖုန်း-၀၆၄-၂၂၁၆၅ သို့ ကြိုတင်စာရင်းပေးသွင်းနိုင်ရန် နှိုးဆော်ထားကြောင်း သိရသည်။ (က-ပ)

စက်မှုစွမ်းအား ခေတ်ကျော်လွှား

အကပြိုင်ပွဲများယှဉ်ပြိုင်ရာတွင် မြန်မာအကစစ်စစ်ကိုသာယှဉ်ပြိုင် အကဲဖြတ်ဒိုင်များကို ကျွမ်းကျင်ပညာရှင်များဖြင့် ဖွဲ့စည်းရန်စီစဉ်

ကောဒသမအကြိမ် (၁၁ကြိမ်) အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေးညှိနှိုင်း

ရန်ကုန် ဩဂုတ် ၁၅

ကောဒသမအကြိမ် (၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနှင့် ပြည်နယ်နှင့်တိုင်းကိုယ်စားလှယ်များ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ကျင်းပရာ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

ညှိနှိုင်းအစည်းအဝေးသို့ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးစိုးညွန့်နှင့် ဦးစီးကော်မတီဝင်များ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ အဆို၊ အက၊ အရေး၊ အတီးပညာရှင်ကြီးများ၊ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီအသီးသီးတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ပြည်နယ်နှင့် တိုင်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အမှာစကားပြောကြားရာတွင် အမျိုးဂုဏ်၊ ဇာတိဂုဏ် ထက်မြက်မြင့်မားရေး၊ တိုင်းတစ်ပါး ယဉ်ကျေးမှု ထိုးဖောက်ဝင်ရောက်မှုအန္တရာယ်ကို တားဆီးကာကွယ်နိုင်မည့် မျိုးချစ်စိတ်ဓာတ် ကိုယ်ခံစွမ်းအားများ အခိုင်အမာ တည်ဆောက်ပေးနိုင်ရေး ဦးတည်ပြီး မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲကြီးများကို ခမ်းခမ်းနားနား ထည်ထည်ဝါဝါ နှစ်စဉ်မပျက် ကျင်းပလာခဲ့သည်မှာ ဆယ်စုနှစ်တစ်ခု ပြည့်မြောက် ကျော်လွန်ခဲ့ပြီး (၁၁)နှစ်မြောက်ဖြစ်သည့် ကောဒသမအကြိမ်ကို ရောက်ခဲ့ပြီဖြစ်ကြောင်း။

ယခုနှစ်ပြုလုပ်မည့် ကောဒသမအကြိမ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကို ရည်ရွယ်ချက်ခြောက်ရပ်ဖြင့် ဆောင်ရွက်သွားရန် သတ်မှတ်ထားပြီးဖြစ်ကြောင်း၊ ယင်းရည်ရွယ်ချက်များမှာ

(၁) မိမိတို့နိုင်ငံသူ၊ နိုင်ငံသားအားလုံးတွင် မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး၊ ဇာတိမာန် ထက်မြက်မြင့်မားရေး၊

(၂) မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များထိန်းသိမ်းစောင့်ရှောက်ရေး

(၃) မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာစစ်စစ် ဆက်လက် ထွန်းကားပြန့်ပွားရေး၊

(၄) မြန်မာတို့၏ အမျိုးသားရေးစရိုက်လက္ခဏာများ ထိန်းသိမ်းရေး

(၅) လူငယ်ထု၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုဖြစ်ထွန်းရေး

(၆) တိုင်းတစ်ပါး ယဉ်ကျေးမှု လွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရေး တို့ဖြစ်ကြောင်း။

ပြိုင်ပွဲကြီးကို အောက်တိုဘာ ၁၄ရက်မှ ၃၁ရက်အထိ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း၊ ပြိုင်ပွဲများယှဉ်ပြိုင်ရမည့်ရက်အနေဖြင့် ၁၈ရက် ပြုလုပ်မည်ဖြစ်ကြောင်း။

မြန်မာ့အက စစ်စစ်

ယခုနှစ် ယှဉ်ပြိုင်ခွင့်ပြုထားသည့် ပြိုင်ပွဲများနှင့် ပတ်သက်၍ မှာကြားလိုသည်မှာ အကပြိုင်ပွဲများ ယှဉ်ပြိုင်ရာတွင် မြန်မာ့အကစစ်စစ်ကိုသာယှဉ်ပြိုင်ရန်၊ အနောက်တိုင်း အကအသွင်သဏ္ဌာန်မျိုးများ ပါဝင်မှုမရှိစေရန် အထူးအလေးထားမှာကြားလိုကြောင်း။

ယခုနှစ်တွင်လည်း **မြန်မာမှု၊ မြန်မာဟန် မြန်မာအကများ ပီပီပြင်ပြင် ဖြစ်ပေါ်ရေးအတွက် ကြီးကြပ်မှုအဖွဲ့**ကို ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌဖြစ်သည့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစီးပြီး ပညာရှင်ကြီးများဖြင့် ဖွဲ့စည်းပြီး ဆက်လက် ဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ အကယှဉ်ပြိုင်ကြမည့် ပြိုင်ပွဲဝင်များ မြန်မာ့အကပညာနှင့် ပတ်သက်၍ သိရှိလေ့ကျင့်နိုင်ရန် ယခင် နှစ်ကလို သရုပ်ပြအကနှင့် ဆွေးနွေးခန်းကို ရုပ်မြင်သံကြားက ထုတ်လွှင့်ပေးရန် လိုအပ်မည်ဖြစ်ကြောင်း။

အကဦးစားပေး

ယခုနှစ် ပညာရှင်အဆင့်အကပြိုင်ပွဲတွင်လည်း ဆို၊ငို၊ပြောပုံစံထက် အကပညာခန်းကို ပိုမိုဦးစားပေးယှဉ်ပြိုင်ကြရန် ပြည်နယ်နှင့်တိုင်း အသီးသီးက ပြိုင်ပွဲဝင်များကို ဆက်လက်လမ်းညွှန်ပေးသွားစေလိုကြောင်း။

ရုပ်သေးပြိုင်ပွဲ ယှဉ်ပြိုင်ရာတွင် ဝါသနာရှင်အဆင့်၌ ကြိုးဆွဲနှစ်ဦးက မင်းသား၊ မင်းသမီး "ခေတ်နှစ်ပါးသွား"အကကို ကြိုးဆွဲကပြ ယှဉ်ပြိုင်စေရန်နှင့် ပညာရှင်အဆင့်တွင် "မဟာဇနက" ဇာတ်တော်ကြီးကို ယှဉ်ပြိုင်ရန် သတ်မှတ်ထားပြီးဖြစ်ကြောင်း။

ဇာတ်သဘင်ပြိုင်ပွဲတွင် "ဆဒ္ဒန်ဆင်မင်း"ဇာတ်တော်ကြီးကို ယှဉ်ပြိုင်ရန် သတ်မှတ်ထားပြီး အဓိကပါဝင်ရမည့် အခန်း ၁၈ခန်းကို ကျင်းပရေး ဆပ်ကော်မတီ၊ ပညာရှင်ကြီးများက ကြိုတင်ရှင်းလင်းထားပြီး ဖြစ်သည့်အတွက် မရှင်းလင်းသည်များရှိလျှင်လည်း ယခုအစည်းအဝေးတွင် ရှင်းလင်းသဘောပေါက် နားလည်အောင် ထပ်မံမေးမြန်းဆွေးနွေးကြရန် ပြောကြားလိုကြောင်း။

ယခုနှစ် အတီးပြိုင်ပွဲတွင် ရိုးရာတူရိယာစစ်စစ်များဖြစ်သည့် ဆိုင်း၊ ပတ္တလား၊ စောင်းနှင့် နဲပြိုင်ပွဲများတွင် မဟာဂီတသီချင်းများကို ပညာရှင်အဆင့်၌ ရစ်ပုဒ်စီနှင့် ကျန်သောအဆင့်များတွင် သုံးပုဒ်စီ သတ်မှတ်ထားပြီး စန္ဒရား၊တယော၊မယ်ဒလင်၊ဂီတာနှင့် ဒုံမင်းတူရိယာများအတွက် ပညာရှင်အဆင့်တွင် မဟာဂီတရစ်ပုဒ်စီနှင့် ကျန်သောအဆင့်များတွင် မဟာဂီတနှစ်ပုဒ်၊ ခေတ်ဟောင်း ကာလပေါ်တစ်ပုဒ် ပေါင်းသုံးပုဒ်စီကို သတ်မှတ်ထားပြီး မဲကျသည့်သီချင်းကို ယှဉ်ပြိုင်စေရမည်ဖြစ်ကြောင်း။

ယခုနှစ် ဘာသာရပ်အလိုက် ပြိုင်ပွဲများတွင် ယှဉ်ပြိုင်သူအနေဖြင့် သတ်မှတ်အင်အား သုံးဦးသုံးဖွဲ့ မပြည့်စေကာမူ တစ်ဦးတစ်ဖွဲ့တည်းပင် ရှိသည်ဖြစ်စေ ပြိုင်ပွဲအဖြစ် ယှဉ်ပြိုင်ခွင့်ပြုပေးမည်ဖြစ်ကြောင်း၊ ၎င်းတို့၏ အရည်အသွေး အရည်အချင်းပေါ်တွင်မူတည်ပြီး ဆုများကိုသတ်မှတ်ပေးသွားမည်ဖြစ်ကြောင်း။

ပြည်နယ်နှင့်တိုင်းအသီးသီးက ပြိုင်ပွဲဝင်များအနက် တိုင်းရင်းသားပြိုင်ပွဲဝင်များကို ဆုကြီးများမရရှိခဲ့လျှင်လည်း ထိုက်တန်ပါက အထူးဆုများချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း၊ ထို့အပြင် ပူးတွဲဆုများကိုလည်း ဆုတစ်ခုတည်းကို ခွဲမပေးဘဲနှင့် ဆုတန်ဖိုးအလိုက် သီးခြားစီပေးသွားမည်ဖြစ်ကြောင်း။

အကဲဖြတ် ဒိုင်များနှင့်ပတ်သက်၍လည်း ဘာသာရပ်အလိုက် အမှန်တကယ်နားလည် ကျွမ်းကျင်သော ပညာရှင်များဖြင့် ဖွဲ့စည်းဆောင်ရွက်သွားရန် စီစဉ်ထားရှိပြီးဖြစ်ကြောင်း၊ ပြည်နယ်များ၊ တိုင်းများအနေနှင့်လည်း မိမိတို့ပြည်နယ်နှင့်တိုင်းကိုယ်စားပြု အကဲဖြတ်ဒိုင်များစေလွှတ်ရာတွင် သက်ဆိုင်ရာဘာသာရပ်များအလိုက် အမှန်တကယ် နားလည်ကျွမ်းကျင်သည့် ပညာရှင်အဆင့် သတ်မှတ်ထားသော ပုဂ္ဂိုလ်များကိုသာ စေလွှတ်ပေးရန်မေတ္တာရပ်ခံလိုကြောင်း။

စည်းကမ်းနှင့်အညီ

ပြည်နယ်နှင့်တိုင်းများတွင် တာဝန်ခံဆောင်ရွက်ကြမည့် ပုဂ္ဂိုလ်များအနေဖြင့် မိမိတို့၏ ပြိုင်ပွဲဝင်များကို သတ်မှတ်ထားသော ပြိုင်ပွဲဝင် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဝင်ရောက်ယှဉ်ပြိုင်စေရန် မှာကြားလိုကြောင်း၊ ပြိုင်ပွဲဝင်များအနေဖြင့် ပြိုင်ပွဲအမျိုးအစားနှင့် ပြိုင်ပွဲအဆင့်များအလိုက် သတ်မှတ်ထားသည့် ပြိုင်ပွဲဝင်ခွင့် အရည်အချင်းများနှင့် ကိုက်ညီမှုရှိ၊မရှိကို စနစ်တကျ ကြိုတင်စစ်ဆေးပြီးမှသာ ဗဟိုအဆင့်ကို ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုရန် အလေးအနက်မှာကြားလိုကြောင်း ပြောကြားသွားသည်။

ထို့နောက် ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးညွန့်က အမှာစကားပြောကြားသည်။

ကြည့်ရှုစစ်ဆေး

အစည်းအဝေးအပြီးတွင် ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်အတူ ဦးစီးကော်မတီဝင်များနှင့် ပညာရှင်ကြီးများသည် အစည်းအဝေးခန်းမအတွင်း ခင်းကျင်းပြသထားသော ယွန်းစာချွန်လွှာ ကြုတ်၊ ကောဒသမအကြိမ် (၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ပြည်နယ်နှင့်တိုင်းများမှ ပြိုင်ပွဲဝင်များအား ကြိုဆိုနှုတ်ဆက်ပွဲအခမ်းအနားတွင် အသုံးပြုမည့် နောက်ခံနမူနာပုံ၊ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ နောက်ခံတွင်ထားရှိမည့် နမူနာပုံစံ၊ ဖွင့်ပွဲအခမ်းအနား၊ ဆုချီးမြှင့်ပွဲအခမ်းအနား၊ အကဲဖြတ်ဒိုင်လူကြီးများနှင့် ပညာရှင်ကြီးများအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားများတွင် အသုံးပြုမည့် နောက်ခံနမူနာပုံစံ၊ ပြိုင်ပွဲများ၏ စင်မြင့်နောက်ခံတွင်ထားရှိမည့် နောက်ခံနမူနာပုံစံများ၊ ဆဒ္ဒန်ဆင်မင်း ဇာတ်တော်ကြီးနှင့် မဟာဇနကဇာတ်တော်ကြီး (ရုပ်သေးပြိုင်ပွဲ)တို့၏ ဇာတ်ဝင်ခန်းပန်းချီကားများ၊ ပိုစတာများ၊ ပို့စကတ်များ၊ လက်ကမ်းစာစောင်များ၊ သတင်းလွှာများ၊ ရင်ထိုးတံဆိပ်နမူနာပုံစံများနှင့် ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီ၏ ဖွင့်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားဖိတ်ကြားလွှာ နမူနာပုံစံများကို ကြည့်ရှုစစ်ဆေးကြသည်။ (သတင်းစဉ်)

ကောဒသမအကြိမ်(၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ကောဒသမအကြိမ် (၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနှင့် ပြည်နယ်၊ တိုင်းကိုယ်စားလှယ်များ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ အလှူငွေနှင့် ပစ္စည်းများလှူဒါန်း

ရန်ကုန် ဩဂုတ် ၁၅

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ စေတနာရှင် အလှူရှင်များက အလှူငွေနှင့် ပစ္စည်းများ လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် သံသုမာလမ်းနှင့် ပါရမီလမ်းထောင့်ရှိ အဆိုပါအသင်း အဆောက်အအုံ ညော့်ခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ တက်ရောက်၍ အလှူငွေနှင့် ပစ္စည်းများလက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များ၊ အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အလှူရှင် ဂျပန်နိုင်ငံမှ Mr. Kenichiro Hirata, Shimadzu (Asia Pacific) Pte, Ltd.က အမေရိကန်ဒေါ်လာ ၈၅၀၀ တန်ဖိုးရှိ Diagnostic Ultrasoundတစ်လုံး၊ ဦးမင်းဒင်-ဒေါ်ဝင်းဝင်းအေး(ခ)မကြီး (ရတနာဝင်း ဓာတ်မြေသြဇာပွဲရုံ)နှင့် ဦးဇော်မင်းဦး-ဒေါ်ဝင်းဝင်းဌေး(ခ)မငယ် (အောင်ရတနာဝင်း ဓာတ်မြေသြဇာပွဲရုံ)တို့က အလှူငွေကျပ်ငါးသိန်း၊ ထူးကျော်ကုမ္ပဏီက ငွေကျပ် ၆၅၀၀၀တန်ဖိုးရှိ ဗလာစာအုပ်ဒါဇင် ၅၀နှင့် FEC၁၀၀ တန်ဖိုးရှိ မြန်မာ့စောင်း တစ်ခု၊ New Golden Traders Co., Ltd.က ငွေကျပ် ၁၂၀၀၀၀တန်ဖိုးရှိ ဗလာစာအုပ်ဒါဇင် ၁၀၀ တို့ကို ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ **(ယာပုံ)**

ထို့နောက် အသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက အလှူရှင်များအား ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ (သတင်းစဉ်)



★ **နှစ်နိုင်ငံမှ**

သက်ဆိုင်ရာဌာနများမှ ဌာနအကြီးအကဲများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး Mr. Li Jinjun ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပို့ကုန် သွင်းကုန်ဘဏ် China Export - Import Bank ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

နိုင်ငံအတွက်အကျိုးရှိ

အခမ်းအနားတွင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက အဖွင့်အမှာစကား ပြောကြားရာ၌ မြန်မာနိုင်ငံ၏ တိုးတက်ဖွံ့ဖြိုးရေး လုပ်ငန်းစီမံကိန်းများတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် အကူအညီ များစွာပေးခဲ့ကြောင်း၊ ယခုထုတ်ချေးပေးမည့် အထူးချေးငွေကိုလည်း မိမိတို့နိုင်ငံအတွက် အရေးပါလှသည့် ရဲရွာ ရေအားလျှပ်စစ်စီမံကိန်းတွင် အသုံးပြုသွားမည်ဖြစ်ရာ နိုင်ငံတော်အတွက် အကျိုးရှိမည့် ချေးငွေအစီအစဉ်တစ်ရပ်ဖြစ်၍ ဝမ်းမြောက်စွာကြိုဆိုပါကြောင်း။

ဤအထူးချေးငွေကို ခွင့်ပြုခဲ့သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရနှင့် မြန်မာနိုင်ငံသို့ လာရောက်၍ သဘောတူညီချက် လက်မှတ်ရေးထိုးပေးသည့် တရုတ်ပို့ကုန် သွင်းကုန်ဘဏ် ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များအားလုံးကို အထူးပင် ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသွားသည်။

ထို့နောက် မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်က အမှာစကားပြောကြားသည်။

ဝမ်းမြောက်ဂုဏ်ယူ

ဆက်လက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပို့ကုန်သွင်းကုန်ဘဏ် ဥက္ကဋ္ဌ Mr. Yang Zilin က ပြည်ထောင်စု မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား ဆောင်ရွက်သည့် အထူးချေးငွေဆိုင်ရာ သဘောတူညီချက် စာချုပ် လက်မှတ်ရေးထိုးပွဲတွင် တရုတ်ပို့ကုန်သွင်းကုန်ဘဏ် ပါဝင်ဆောင်ရွက်ခွင့်ရသဖြင့် ဝမ်းသာပါကြောင်း။

မြန်မာနိုင်ငံ၏ စီးပွားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ မိမိတို့ဘဏ်အနေဖြင့် ယခုကဲ့သို့ ဝင်ရောက်ပါဝင်ဆောင်ရွက်ခွင့် ရရှိသည့်အတွက် ဝမ်းမြောက် ဂုဏ်ယူပါကြောင်းဖြင့် ပြောကြားသည်။

လက်မှတ်ရေးထိုး

ထို့နောက် မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်နှင့် တရုတ်ပို့ကုန် သွင်းကုန်ဘဏ် ဥက္ကဋ္ဌ Mr. Yang Zilin တို့က အထူးချေးငွေဆိုင်ရာ သဘောတူညီချက် စာချုပ်ကို လက်မှတ်ရေးထိုး၍ လဲလှယ်ကြပြီး စာချုပ် ချုပ်ဆိုပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးတို့အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရက ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရသို့ အမေရိကန်ဒေါ်လာ သန်း ၂၀၀ နှင့်ညီမျှသော နိုင်ငံခြားသုံးငွေများကို အထူးချေးငွေအဖြစ် ပေးအပ်သွားမည်ဖြစ်သည်။

ညှိနှိုင်းဆွေးနွေးချက်အရ

ယင်းအထူးချေးငွေမှာ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ယခုနှစ် ဇန်နဝါရီလ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်၌ နှစ်နိုင်ငံခေါင်းဆောင်ကြီးများ၏ အပြန်အလှန် ညှိနှိုင်းဆွေးနွေးချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံက ပြည်ထောင်စု မြန်မာနိုင်ငံတော်သို့ ပေးအပ်သည့် အထူးချေးငွေဖြစ်ပြီး ယနေ့သဘောတူစာချုပ်လက်မှတ်ရေးထိုး အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်သည်။

အဆိုပါ အထူးချေးငွေများကို မန္တလေးတိုင်း မန္တလေးမြို့ အရှေ့တောင်ဘက် ၃၁မိုင်အကွာ မြစ်ငယ်မြစ်ပေါ်တွင် တည်ဆောက် အကောင်အထည်ဖော်လျက်ရှိသည့် ရဲရွာ ရေအားလျှပ်စစ် စီမံကိန်းအတွက် လိုအပ်သော စက်ယန္တရားများနှင့် စက်ပစ္စည်းများ ဝယ်ယူဖြည့်တင်းရာတွင် အသုံးပြုသွားမည်ဖြစ်သည်။

လျှပ်စစ်စီမံကိန်းများ

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန အနေဖြင့် နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းများ၊ သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်စီမံကိန်း လုပ်ငန်းများ၊ ကျောက်မီးသွေးသုံးလျှပ်စစ်စီမံကိန်းလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ရေအားလျှပ်စစ်ဦးစီးဌာန အမှတ်(၂) တည်ဆောက်ရေးက တာဝန်ယူတည်ဆောက်နေသည့် ရဲရွာ ရေအားလျှပ်စစ်စီမံကိန်းမှာ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၇၉၀ထုတ်ယူ ရရှိမည့်စီမံကိန်းဖြစ်ရာ လက်ရှိတည်ဆောက်လျက်ရှိသည့် နိုင်ငံတော်၏ ရေအားလျှပ်စစ်စီမံကိန်းများ၌ အကြီးဆုံး စီမံကိန်းဖြစ်သည်။ (သတင်းစဉ်)

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ အစိုးရက ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရသို့ ပေးအပ်မည့် အထူးချေးငွေဆိုင်ရာ သဘောတူညီချက်စာချုပ် လက်မှတ်ရေးထိုးပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်နှင့် တရုတ်ပို့ကုန်သွင်းကုန်ဘဏ် ဥက္ကဋ္ဌ Mr. Yang Zilin တို့က အထူး ချေးငွေဆိုင်ရာ သဘောတူညီချက် စာချုပ်ကို လက်မှတ်ရေးထိုး လဲလှယ်ကြစဉ်။
(သတင်းစဉ်)

အဖွင့်အမှာစကားပြောကြား

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရက ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရသို့ ပေးအပ်မည့် အထူးချေးငွေဆိုင်ရာ သဘောတူညီချက်စာချုပ် လက်မှတ်ရေးထိုးပွဲ အခမ်းအနားတွင် အဖွင့်အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

အမျိုးသားရေးဆောင်ပုဒ် စာပေနှင့်ဓာတ်ပုံပြိုင်ပွဲ ရောင်စုံဓာတ်ပုံပြိုင်ပွဲ ယှဉ်ပြိုင်ကြရန် နှိုးဆော်

ရန်ကုန် ဩဂုတ် ၁၅

အမျိုးသားရေးဆောင်ပုဒ် စာပေနှင့်ဓာတ်ပုံပြိုင်ပွဲ ကျင်းပရေး ကော်မတီက ရောင်စုံဓာတ်ပုံပြိုင်ပွဲကို ၂၀၀၃ခုနှစ်အတွက် (၁၄)ကြိမ်မြောက် ကျင်းပမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားပြီးဖြစ်သည်။

ကိုယ်ပိုင်အမျိုးသားယဉ်ကျေးမှု

ရောင်စုံဓာတ်ပုံပြိုင်ပွဲအတွက် သတ်မှတ်ထားသော ခေါင်းစဉ်မှာ "ကိုယ်ပိုင်အမျိုးသားယဉ်ကျေးမှု"ဖြစ်သည်။ ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဝင်လိုသူများသည် ၁၀ လက်မ × ၁၂ လက်မထက် မငယ်သော အရွယ်အစားဖြင့် Print ပုံ လေးပုံအထိ ပါဝင်ယှဉ်ပြိုင်နိုင်သည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို မိမိကိုယ်တိုင်ရိုက်ကူးကြောင်း၊ ထိုဓာတ်ပုံသည် ပြည်တွင်း၊ ပြည်ပ ဓာတ်ပုံပြိုင်ပွဲများ၌ ဆုရရှိခဲ့ဖူးခြင်း မရှိကြောင်း ဝန်ခံချက်၊ ဓာတ်ပုံနှင့်စပ်လျဉ်းသည့် အကြောင်းအရာ (Caption) အပြည့်အစုံပါရှိရမည်။ ဓာတ်ပုံများကို ပေးပို့သည့်အခါ ပြိုင်ပွဲဝင်သူ၏ ပတ်စ်ပို့ဓာတ်ပုံ နှစ်ပုံနှင့် ကိုယ်ရေးအကျဉ်းချုပ်တို့ကို ပူးတွဲပေးပို့ရမည်။ ပြိုင်ပွဲဝင်ရာတွင် Degital Camera ဖြင့် ရိုက်ကူးထားသော ပုံများကို လက်ခံမည်မဟုတ်ပါ။

ထိုက်ထိုက်တန်တန်

ပြိုင်ပွဲဝင် ဓာတ်ပုံများကို ဦးထွန်းမင်း ညွှန်ကြားရေးမှူး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ၂၂-၂၄ ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့သို့ ၂၀၀၃ခုနှစ် အောက်တိုဘာ ၁၅ ရက် နောက်ဆုံးထား၍ ပေးပို့ရမည်။ ပြိုင်ပွဲ၌ ဆုရရှိသူများ၏ အမည်ကို ၂၀၀၃ ခုနှစ် နိုဝင်ဘာလဆန်းတွင် ထုတ်ပြန်ကြေညာမည်ဖြစ်သည်။ ဆုရရှိသူများအား အခမ်းအနားဖြင့် ထိုက်ထိုက်တန်တန် ဆုချီးမြှင့်မည်ဖြစ်သည်။ (သတင်းစဉ်)



မန္တလေးတိုင်း၊ မန္တလေးမြို့ အရှေ့တောင်ဘက် ၃၁မိုင်အကွာ ရဲရွာရေအားလျှပ်စစ်စီမံကိန်းတွင် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကို တွေ့ရစဉ်။
(သတင်းစဉ်)



ရဲရွာရေအားလျှပ်စစ်စီမံကိန်း

ရဲရွာရေအားလျှပ်စစ်စီမံကိန်းတွင် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကို တွေ့ရစဉ်။ (သတင်းစဉ်)

*** နိုင်ငံတော်မှ**

ထုတ်လုပ်ဖြန့်ဖြူးရေးကို ဦးစားပေး ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံ၏ ပထဝီအနေအထားအရ ရေသယံဇာတ၊ မြေသယံဇာတပေါများသည့် နိုင်ငံဖြစ်သည့်အားလျော်စွာ ရေအားဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်းကို ၁၉၈၈ခုနှစ် နောက်ပိုင်း တပ်မတော်အစိုးရလက်ထက်တွင် ရေအားလျှပ်စစ်စက်ရုံကို တည်ဆောက်ခဲ့ရာ ၂၀၀၀ ပြည့်နှစ်အထိ ရေအားလျှပ်စစ်စက်ရုံပေါင်း ၂၆ရုံကို ငွေကျပ် ၇၁၉၀ သန်းကျော်ဖြင့် တည်ဆောက်ပေးခဲ့ပြီး ၁၃၁ ဒသမ ၁၅ မဂ္ဂါဝပ်ကို ဖြန့်ဖြူးပေးနိုင်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍လည်း ပေါင်းလောင်းရေအားလျှပ်စစ်၊ မုန်းရေအားလျှပ်စစ်၊ ကွန်းရေအားလျှပ်စစ်၊ ရဲရွာရေအားလျှပ်စစ်၊ ခပေါင်းရေအားလျှပ်စစ်၊ ရဲနွယ်ရေအားလျှပ်စစ်စက်ရုံများကို တည်ဆောက်လျက်ရှိပေသည်။

အများဆုံးထုတ်လုပ်မည်

တည်ဆောက်ဆဲ ရေအားလျှပ်စစ်စီမံကိန်းများတွင် ရဲရွာရေအားလျှပ်စစ်စီမံကိန်းသည် လျှပ်စစ်ဓာတ်အား အများဆုံးထုတ်လုပ်နိုင်ရန် ဆောင်ရွက်လျက်ရှိသည်။ ရဲရွာ ရေအားလျှပ်စစ်စီမံကိန်းပြီးစီးပါက လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၇၉၀ ဖြန့်ဖြူးနိုင်မည်ဖြစ်သည်။

ရဲရွာ ရေအားလျှပ်စစ်စီမံကိန်းကို မန္တလေးမြို့၏ အရှေ့တောင်ဘက် ၃၁မိုင်အကွာ ရဲရမန်းရွာအနီးတွင် ၂၀၀၀-၂၀၀၁ခုနှစ်မှ စတင် အကောင်အထည်ဖော်လျက်ရှိပြီး ရေအားလျှပ်စစ်စက်ရုံ အရွယ်အစားမှာ အလျား ၄၁၃ ပေ၊ အနံ ၁၂၁ ပေ၊ အမြင့် ၁၆၄ ပေရှိသော သံကူကွန်ကရစ်စက်ရုံ တည်ဆောက်၍ လုပ်ငန်းဆောင်ရွက်လျက်ရှိသည်။

လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရန်အတွက် အချင်း ၃၃ ပေ၊ အလျားပေ ၂၂၈၀ နှစ်ခုပါသော ရေလွှဲဥမင်လိုဏ်ကို ဖောက်လုပ်၍ ဖိအားမြင့် ပိုက်လိုင်းဖြင့် အချင်း ၂၂ ပေ၊ အလျားပေ ၅၉၀ လေးလိုင်းပါသော ကွန်ကရစ်သံမဏိပိုက်လိုင်းကို တည်ဆောက်လျက်ရှိသည်။

ယင်းရေအားလျှပ်စစ်စီမံကိန်းအရ ရေဆင်းဧရိယာ ၁၀၈၉၀ စတုရန်းမိုင်ရှိပြီး နှစ်စဉ်ပျမ်းမျှ စီးဝင်ရေမှာ ဧကပေ ၁၂၁၀၀၀၀ ရှိမည်ဖြစ်သည်။ ရေအားလျှပ်စစ် ထုတ်လုပ်ရန်အတွက် ကွန်ကရစ်တမံ တည်ဆောက်ရာတွင် အလျားပေ ၂၀၆၀၊ ရေလှောင်တမံ အမြင့်ပေ ၄၀၀ ရှိသော ရေလှောင်တမံဖြင့် ရေများသိုလှောင်၍ ရေလွှဲဥမင်လိုဏ်မှ ရေထုတ်ပြီး တာဘိုင်စက်များဖြင့် ရေအားလျှပ်စစ် ထုတ်လုပ်မည်ဖြစ်သည်။

ရေလှောင်ပမာဏ

ရဲရွာရေအားလျှပ်စစ် ရေလှောင်တမံမှာ ကန်ရေပြည့် ရေလှောင်ပမာဏ ဧကပေ ၂၁၁၇၁၀၀ သိုလှောင်မည်ဖြစ်ပြီး ရေလှောင်တမံ သိုလှောင်နိုင်သော ဧကပေထက် ပိုဝင်လာသောရေများကို ရေတံခါးတပ် ရေပိုလွှဲမှရေပိုများ လွှဲထုတ်ရန် စီမံထားရှိသည်။ ရေပိုလွှဲအကျယ်ကို ပေ ၄၃၀ ဖြင့် တည်ဆောက်လျက်ရှိရာ ရေပိုလွှဲဒီဇိုင်း ရေထုစီးနှုန်းသည် ၄၄၁၄၄၀ ကုဗပေ/စက္ကန့်ဖြစ်သည်။

ရဲရွာရေအားလျှပ်စစ်စက်ရုံတွင် တာဘိုင်အမျိုးအစား ဒေါင်လိုက်ဖရန်စစ်တာဘိုင်လေးလုံးဖြင့် ကီလိုဝပ် နာရီ သန်းပေါင်း ၃၅၅၀ကို နှစ်စဉ် ထုတ်လုပ်မည်ဖြစ်ရာ ကေဗွီ ၂၃၀ ဓာတ်အားလိုင်းနှစ်လိုင်းဖြင့် ဓာတ်အားဖြန့်ဖြူးရန် စီစဉ်ထားသည်။ ရဲရွာရေအားလျှပ်စစ်စီမံကိန်းသည် လက်ရှိတည်ဆောက်လျက်ရှိသည့် နိုင်ငံတော်၏ ရေအားလျှပ်စစ်စီမံကိန်းများ၌ အကြီးဆုံးစီမံကိန်းဖြစ်ပါကြောင်း ဖော်ပြလိုက်ရပါသည်။ ။ **(ကြေးမုံ)**

(၅၉)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ဂုဏ်ပြုစစ်ချီစစ်ရေး တေးပြိုင်ပွဲများ ကျင်းပမည်

ရန်ကုန် သြဂုတ် ၁၅

၂၀၀၄ခုနှစ် မတ် ၂၇ရက်တွင် ကျရောက်မည့် (၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးညွှန့်(ထိလာစစ်သူ) ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော ကဗျာနှင့်အနုပညာပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီ၏ စစ်ချီစစ်ရေး တေးပြိုင်ပွဲ ကျင်းပရေးဆပ်ကော်မတီက တပ်မတော်နေ့ စစ်ချီစစ်ရေး တေးပြိုင်ပွဲများကို ကျင်းပသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

စစ်ချီတေးပြိုင်ပွဲနှင့်ပတ်သက်၍ အလွတ်တန်းအဆင့် တစ်ဆင့်တည်းသာ သတ်မှတ်ထားပြီး စစ်ရေးတေး ပြိုင်ပွဲအနေဖြင့် အဆင့်(၁)နှင့် အဆင့်(၂)ဟူ၍ နှစ်ဆင့်သတ်မှတ်ထားသည်။ ပြိုင်ပွဲအဆင့်တိုင်းတွင် ပထမ၊ ဒုတိယ၊ တတိယဆုများအပြင် အထူးဆုများကိုပါ ချီးမြှင့်မည်ဖြစ်သည်။

စည်းကမ်းသတ်မှတ်ချက်များ

ပြိုင်ပွဲတေးသီချင်းများ၏ စည်းကမ်းသတ်မှတ်ချက်များမှာ စစ်ချီစစ်ရေးတေးပြိုင်ပွဲအတွက် နိုင်ငံတော်၏ ဦးတည်ချက်(၁၂)ရပ်၊ (၅၈)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များနှင့် တပ်မတော်၏ အစဉ်အလာ (၁၂)ရပ်တို့အပေါ်တွင် အခြေပြု၍ ဘောင်ဝင်အောင် ရေးစပ်သီကုံးကြရမည်ဖြစ်သည်။ စစ်ချီတေးအတွက် မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်၍ စစ်ရေးတေးတွင် အဆင့်(၁)နှင့် အဆင့်(၂)ဟူ၍ နှစ်ဆင့်ခွဲခြားထားပြီး အဆင့်(၁)ရှိသူ ဂီတစာဆိုနှင့် တေးသံရှင်များအား အဆင့်(၂)ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုမည်မဟုတ်ပေ၊ ထို့အပြင် စစ်ရေးတေးအဆင့်(၂)တွင် ယခင်နှစ်များက ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသူများသည် အဆင့်(၁)တွင်သာ ပါဝင်ယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်သည်။

ပြိုင်ပွဲတွင် တစ်ဦးချင်းသော်လည်းကောင်း၊ အဖွဲ့အနေဖြင့်သော်လည်းကောင်း၊ သီချင်းတစ်ပုဒ်ကိုသာ ယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်သည်။

နည်းစနစ်ကိုက်ညီရမည်

ပြိုင်ပွဲဝင် စစ်ချီတေးသီချင်းများသည် စစ်သီချင်းစပ်ထုံးစပ်နည်းစနစ်များနှင့်အညီ ကိုက်ညီရမည်ဖြစ်ပြီး စစ်ရေးတေးသီချင်းများသည် မြန်မာ့တေးသွား၊ မြန်မာ့ဟန်ဖြစ်ရမည်ဖြစ်ပြီး ပြိုင်ပွဲဝင် စစ်ချီစစ်ရေးတေးအားလုံးသည် ကိုယ်ပိုင်သံစဉ်တေးသွားဖြစ်ရမည်ဖြစ်သည်။ မြန်မာတေးစပ်ဆိုနည်းများနှင့်အညီ အပိုဒ်၏ အဆုံးချ ကာရန်များတူညီရမည်ဖြစ်ပြီး အချိန် လေးမိနစ်မှခြောက်မိနစ်အတွင်းသာ ဖြစ်ရမည်ဖြစ်သည်။

ပြိုင်ပွဲဝင်သီချင်းများကို ခိုင်ခံ့သောအဆိုနှင့် သင့်တင့်သော တီးခတ်မှုများဖြင့် ပဏာမ ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ပြိုင်ပွဲဝင် ကက်ဆက်တိပ်ခွေ သို့မဟုတ် Reel ခွေ သို့မဟုတ် Digital Auto Tapeတစ်ခွေတွင် တေးသီချင်းတစ်ပုဒ်သာ အသံသွင်းယှဉ်ပြိုင်ရမည်ဖြစ်ပြီး ခေါင်းစဉ်ကို သင့်လျော်သလို ပေးနိုင်သည်။

ပူးတွဲတင်ပြ

ပြိုင်ပွဲဝင် တေးသီချင်းစာသားကို လက်နှိပ်စက် မိတ္တူ ၁၀ရွက်နှင့် Music Notes မူရင်းတစ်ရွက်ကို ကက်ဆက်တိပ်ခွေ သို့မဟုတ် Reel ခွေ သို့မဟုတ် Digital Auto Tapeတစ်ခွေနှင့် တစ်ပါတည်း ပူးတွဲတင်ပြရမည်ဖြစ်သည်။

ပြိုင်ပွဲဝင် တေးရေးသူ၊ တေးဆိုသူတို့၏ ကိုယ်ရေးအတ္ထုပ္ပတ္တိအကျဉ်းချုပ်နှင့် ရောင်စုံပတ်စပို့အရွယ် (၁x၂) လက်မ၊ ဓာတ်ပုံသုံးပုံ ပူးတွဲပေးပို့ရမည်ဖြစ်သည်။

ပဏာမ ရွေးချယ်ခြင်းခံရသူများအား အကြောင်းကြားမည်ဖြစ်ပြီး ပဏာမရွေးချယ်ခံတေးများသည် အပြီးသတ်ရွေးချယ်ခံနိုင်ရန်အတွက် ပြန်လည်အသံသွင်းပြီး အသံသွင်းကြိုးခွေတိပ်ခွေဖြင့် ထပ်မံယှဉ်ပြိုင်ရမည်ဖြစ်သည်။

ပြိုင်ပွဲဝင်တေးသီချင်းများကို ၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၃၁ရက် နောက်ဆုံးထား၍ ဦးကိုကိုထွေး အတွင်းရေးမှူး တပ်မတော်နေ့ စစ်ချီစစ်ရေးတေးပြိုင်ပွဲ ကျင်းပရေးဆပ်ကော်မတီ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ပြည်လမ်း ရန်ကုန်မြို့သို့ ပေးပို့ကြရမည်ဖြစ်သည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၆-၈-၂၀၀၃ (စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၀ ၅။ စားကြမယ်ဟော့ကောင်းကောင်း
၈:၀၀ ၆။ အတီးပြိုင်ပွဲ
၈:၁၀ ၇။ တေးဂီတအစီအစဉ်
၈:၂၀ ၈။ ပသောင်းတံတား
၈:၃၀ ၉။ International News.
၈:၄၅ ၁၀။ Grammar Made Easy.
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
၁၁:၃၀ ၃။ ပြည်တွင်းသတင်း
၁၁:၄၀ ၄။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၂:၀၅ ၅။ တစ်ပတ်အတွင်း ရုပ်မြင်သံကြားပြည်တွင်းသတင်းစဉ်
၁:၃၅ ၆။ Weekly International Sports.
၁:၄၀ ၇။ **လောကနီတိ (အပိုင်း-၂) မိတ်ကောင်းဖော်မွန် (ကိုကိုလင်းမောင်၊ မျိုးသန္တာထွန်း၊ ခင်လှိုင်၊ ချစ်စရာ) (ဒါရိုက်တာ-ခင်ဇော်)**
၂:၂၀ ၈။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၂:၃၀ ၉။ မြန်မာ့ရိုးရာ တူရိယာပစ္စည်းများပြပွဲ (အပိုင်း-၁)
၂:၄၅ ၁၀။ International News.
၃:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ English For Everyday Use.
၄:၄၅ ၄။ တေးဂီတအစီအစဉ်
၅:၅၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(သတ္တဗေဒ၊ ရုက္ခဗေဒ) (အထူးပြုများ) (သတ္တဗေဒ)
၅:၁၀ ၆။ **ရွှေပေးလို့မရ (အပိုင်း-၄) (ပန်းဖြူခိုင်သင်းကြည်၊ လှအဥ္စလီတင့်) (ဒါရိုက်တာ-မောင်နှင်းမိုး) (ရှမ်းဘာသာစကားဖြင့်)**
၅:၂၅ ၇။ **၂၀၀၃ခုနှစ်ကောဒသမအကြိမ် (၁၁ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊အက၊ အရေး၊ အတီး ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် မဟာဂီတ (ဝါသနာရှင်အဆင့်) (အမျိုးသား၊အမျိုးသမီး)**
၅:၄၀ ၈။ ချစ်စရာ့အရွယ်ကစားကြမယ်
၆:၁၀ ၉။ တေးဂီတအစီအစဉ်
၆:၂၀ ၁၀။ စားကြမယ်ဟော့ကောင်းကောင်း
၆:၃၀ ၁၁။ ညနေခင်းသတင်း
၇:၀၀ ၁၂။ မိုးလေဝသအခြေအနေ
၇:၀၅ ၁၃။ Discovery.
၇:၂၀ ၁၄။ ကော်ဖီ(အပိုင်း-၂)
၇:၃၀ ၁၅။ တေးဂီတအစီအစဉ်
၇:၄၀ ၁၆။ အဆင်းမလှ အချင်းလှသည့် မြေအောက်မှသယံဇာတ
၈:၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ **မြန်မာဗီဒီယိုဇာတ်လမ်း သတိတစ်ချက်(အပိုင်း-၁) (ကျော်ဟိန်း၊ မျိုးသန္တာထွန်း၊ ခိုင်သင်းကြည်) (ဒါရိုက်တာ-ကျော်ဇောလင်း)**
၂၁။ နောက်တစ်နေ့အစီအစဉ်
၂၂။ အစီအစဉ်ပြီး၏။

ရဲရွာရေအားလျှပ်စစ်စီမံကိန်း တည်နေရာပြပုံ



သားငါးဖွံ့ဖြိုး။ ဖြည့်အကျိုး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသော ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ ဝန်ကြီးများနှင့် အဖွဲ့ဝင်များ ကျောက်ဆည်မြို့ပေါ်နှင့် ကျေးရွာများအား သန့်ရှင်းသော သောက်သုံးရေပေးဝေမည့် ရေစက်ရုံ၊ရေကန်၊ရေစင်နှင့် ပုဂ္ဂလိကရေတိုင်များ ရေရရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

❀ အပူပိုင်းဒေသမှ

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်နှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနဝန်ကြီးဦးသောင်းတို့က ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ကျောက်ဆည်မြို့ပေါ်ရှိ ရပ်ကွက်များ သန့်ရှင်းသော သောက်သုံးရေရရှိခြင်း အထိမ်းအမှတ်ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထိုအချိန်တွင် ပြည်သူများ၊ ပရိသတ်များက လက်ခုပ်ဩဘာပေး၍လည်းကောင်း၊ ဘင်ခရာ၊ ကဗျာလွတ်၊ အေရိုးဗစ်၊ စည်တော်အဖွဲ့နှင့် အကအဖွဲ့ဝင်များ တီးမှုတ်ကခုန်ကြ၍လည်းကောင်း ဝမ်းမြောက်ဝမ်းသာ ဂုဏ်ပြုကြသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသော ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ ဝန်ကြီးများနှင့်အဖွဲ့ဝင်များသည် ကျောက်ဆည်မြို့ပေါ်နှင့်ကျေးရွာများအား သန့်ရှင်းသော သောက်သုံးရေ ပေးဝေမည့်ရေစက်ရုံ၊ အမှတ်(၁) ရေကန်၊ ရေစင်နှင့်ပုဂ္ဂလိကရေတိုင်များ ရေရရှိမှုနှင့် ရပ်ကွက်ပြည်သူများ ရေရရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

အများသုံးရေကန်

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့်ဝန်ကြီးများသည် ကျောက်ဆည်မြို့ ကြက်မင်းတွန်ရပ်ကွက် အများသုံးရေကန်အား ရေပိုက်ခေါင်းများလှည့်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ ဝန်ကြီးများနှင့် ဧည့်သည်များသည် ရန်ကုန်-မန္တလေး ကားလမ်းမကြီးပေါ်၌ စိုက်ထူထားသော ကျောက်ဆည်မြို့နယ်အတွင်း ကျေးရွာလုံးကျွတ် သန့်ရှင်းသောသောက်သုံးရေရရှိခြင်း အထိမ်းအမှတ်ဖွင့်ပွဲ ဆိုင်းဘုတ်နေရာသို့ သွားရောက်နေရာယူကြပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက အထိမ်းအမှတ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ ဝန်ကြီးများနှင့် ဧည့်သည်တော်များသည် ကျောက်ဆည်မြို့ရေပေးရေးနှင့် မြို့နယ်အတွင်းရှိ ကျေးရွာလုံးကျွတ်သန့်ရှင်းသော သောက်သုံးရေရရှိခြင်း အထိမ်းအမှတ်အခမ်းအနားကျင်းပမည့် ကျောက်ဆည်မြို့ မြင်စိုင်းခန်းမသို့ ရောက်ရှိကြသည်။

ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က အမှာစကားပြောကြားရာတွင် ယနေ့သည် ကျောက်ဆည်မြို့နယ်လုံးကျွတ် မြို့ပေါ်ရော၊ ကျေးလက်ဒေသအားလုံးပါ သန့်ရှင်းသော သောက်ရေ၊သုံးရေရရှိသည့် အထိမ်းအမှတ်အောင်ပွဲနေ့ဖြစ်ကြောင်း၊ သောက်သုံးရေရှားပါးသည့် ကျောက်ဆည်မြို့အတွက် အင်မတန်ဝမ်းသာပီတိဖြစ်ရမည့် အောင်ပွဲလည်း ဖြစ်ကြောင်း။

ရွှေမလိုရေလို

ပူပြင်းခြောက်သွေ့သော အညာဒေသတွင် မိုးမမှန်၊ လေမမှန် ရာသီဥတုကလည်း ပြင်းထန်ပူပြင်းလှသည့်အတွက် အညာသူ၊အညာသားများသည် သောက်သုံးရေရှားပါးမှုဒဏ်၊ သောက်သုံးရေရှားပါးမှုကြောင့် ကွင်းဆက်အကျိုးတရားအဖြစ် ဖြစ်ပေါ်လာရသော ရောဂါဘယဒဏ်များကို ခါးစည်းခံခဲ့ရသည်ကို အားလုံးအသိဖြစ်ကြောင်း၊ ထို့ကြောင့်လည်း အညာဒေသသည် ရွှေကိုမလိုရေကိုသာ လိုလားတောင့်တသည့် ဒေသဖြစ်ခဲ့ရပါကြောင်း။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အညာဒေသတွင် မွေးဖွားကြီးပြင်းလာရသည့် ပုဂ္ဂိုလ်ဖြစ်သည့်အတိုင်း အညာဒေသ၏ဆင်းရဲမှု၊ အညာဒေသ၏ ရေရှားပါးမှုအနေအထားကို သိမြင်ခံစားပြီးဖြစ်သည့်အတွက် သားစဉ်မြေးဆက် ကောင်းစားရေးအတွက် ကိုးခရိုင်စိမ်းလန်းစိုပြည်ရေးစီမံချက်ကိုချမှတ်ပြီး အညာဒေသတစ်ခွင် ရေရရှိရေးလုပ်ငန်း၊ သစ်တောသစ်ပင် စိုက်ပျိုးထိန်းသိမ်းရေးလုပ်ငန်းများကို အကောင်အထည်ဖော်စေခဲ့သည်မှာ ယခုဆိုလျှင် ၁၀နှစ်နီးပါးခန့်ရှိပြီဖြစ်ကြောင်း။

ရွှေနှင့်ငွေဆက်

ပူပြင်းခြောက်သွေ့သော အညာဒေသတစ်ခွင်တွင် ရနိုင်သည့် ရေအရင်းအမြစ်များကို ပဲစု၊ မှုးစု စုစည်းပြီး ရေလှောင်တမံများ၊ ရေလွှဲဆည်များ၊ မြစ်ရေတင်စခန်းများကို တစ်ခုပြီးတစ်ခု တည်ဆောက်ပေးလျက်ရှိပါကြောင်း၊ ယခုဆိုလျှင် ကျောက်ဆည်ဒေသပါဝင်သည့် မန္တလေးတိုင်းတွင် ဆည်တမံလုပ်ငန်းပေါင်း ၃၇ခု ကို ရွှေနှင့် ငွေနှင့်ဆက်ပြီး တည်ဆောက်ပေးခဲ့ပြီး ဖြစ်ကြောင်း။

ထို့အပြင် ကျောက်ဆည်တောင်အပါအဝင် အညာဒေသတွင်ရှိသည့် တောင်ကတုံးများ၊ တောင်ခြောက်များသည်လည်း နိုင်ငံတော်နှင့်ပြည်သူများ၏ ပူးပေါင်း ထိန်းသိမ်းမှုတို့ကြောင့် စိမ်းလန်းစိုပြည်လာနေပြီဖြစ်သည်ကို အားလုံးအသိဖြစ်ကြောင်း။

ကိုးခရိုင်စိမ်းလန်းစိုပြည်ရေးသည်လည်း အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးစီမံကိန်းအဖြစ် တိုးချဲ့ဖြစ်ပေါ်သွားပြီဖြစ်ကြောင်း၊ ပြည်သူ၏ဆန္ဒ၊ ပြည်သူ၏ လိုအပ်ချက်များနှင့် ကိုက်ညီသော အစီအမံဖြစ်သည့်အတွက် အောင်မြင်မှုများ တစ်ဆင့်ပြီးတစ်ဆင့်ရရှိပြီး သမိုင်းမော်ကွန်းတင်ရမည့် ထာဝရပြည်သူ့အကျိုးပြုလုပ်ငန်းစဉ်အဖြစ် ရပ်တည်နေပြီ ဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ဒေသစိမ်းလန်းစိုပြည်ရေးလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်စေရင်း တစ်ဖက်ကလည်း အညာဒေသဖြစ်တဲ့ "မန္တလေးတိုင်း၊ မကွေးတိုင်း၊ စစ်ကိုင်းတိုင်းဟာ ကျန်းမာရေးနဲ့ညီညွတ်တဲ့ သောက်သုံးရေရှားပါးတဲ့ဒေသတွေ ဖြစ်နေဆဲဖြစ်တယ်၊ ဆည်တမံတွေ၊ မြစ်ရေတင်စခန်းတွေရဲ့ အကျိုးသက်ရောက်မှု မရှိသေးတဲ့ဒေသတွေကျန်နေသေးတယ်၊ ဒါ့ကြောင့် အညာဒေသမှာရှိတဲ့ ရေရှားပါးတဲ့ ကျေးလက်ဒေသတွေမှာ ရေရရှိအောင် နည်းလမ်းရှာကြံ လုပ်ကိုင်ပေးရမယ်"ဆိုပြီး လမ်းညွှန်မှုပြုခဲ့ကြောင်း။

ဤလမ်းညွှန်မှုနှင့်အညီ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနသည် စေတနာရှင်ပြည်သူများ၏ လှူဒါန်းမှုစွမ်းအားကို ပေါင်းစပ်ရယူပြီး ကျေးလက်ဒေသ ရေရရှိရေးလုပ်ငန်းကိုရော မြို့ပြဒေသ ရေရရှိရေးလုပ်ငန်းကိုပါ အကောင်အထည်ဖော်လျက်ရှိကြောင်း။

ပြည်သူ့အောင်ပွဲ

ယနေ့ကျောက်ဆည်မြို့နှင့် မြို့နယ်လုံးကျွတ် ရေရရှိရေးလုပ်ငန်းအောင်ပွဲသည် နိုင်ငံတော် အကြီးအကဲ၏ စေတနာမှန်သည့် လမ်းညွှန်အားပေးမှု၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနနှင့် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနတို့၏ လက်တွေ့ကျကျ အကောင်အထည်ဖော်နိုင်မှု၊ ဒေသခံပြည်သူများ၏ အားပေးထောက်ခံမှုအရ ပေါ်ထွက်လာသော ကိုယ်စွမ်းကိုယ်စအရင်းခံသည့် ပြည်သူ့အောင်ပွဲပင်ဖြစ်ကြောင်း။

မျှမျှတတဖွံ့ဖြိုးရေး

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်နယ်၊ တိုင်းဒေသအားလုံး ဟန်ချက်ညီညီ မျှမျှတတဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားလူမျိုးများအကြား ဆူကြွနိမ့်မြင့်ကွာဟမှု လျော့နည်းကျဆင်းရေး၊ လူနေမှုအဆင့်အတန်း မြင့်မားတိုးတက်ရေးတို့အတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ၊ ဖွံ့ဖြိုးရေးအထူးဒေသကြီးများ စီမံကိန်းများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းများကို စနစ်တကျပေါင်းစပ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဤစီမံကိန်းများကို အပြည့်အဝ အကောင်အထည်ဖော်နိုင်သည်နှင့်အမျှ ကျောက်ဆည်ဒေသ အပါအဝင် ပြည်ထောင်စုကြီး၏ ဒေသအားလုံးသည် ရေရှားပါးမှုဒဏ်မှသာမက အခြားတွေ့ကြုံရင်ဆိုင်နေရသော ခေတ်နောက်ကျမှု ဒဏ်ရာဒဏ်ချက်များကိုပါ ကုစားနိုင်ပြီး ပြည်ထောင်စုကြီးသည် ကွက်ပြည့်ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲလမ်းညွှန်

နိုင်ငံတော်အကြီးအကဲဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်မှုများနှင့်အညီ ရေခက်ခဲသော အပူပိုင်းဒေသဖြစ်သည့် မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်း၊ မကွေးတိုင်းနှင့် ကျန်တိုင်းနှင့်ပြည်နယ်များရှိ ကျေးရွာများ ရေရရှိရေးလုပ်ငန်းကို ၁၀နှစ်စီမံကိန်းရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၀၀-၂၀၀၁ခု ဘဏ္ဍာရေးနှစ်မှ စတင်ပြီး ကျေးရွာအားလုံး ရေရရှိရေးအတွက် ဆောင်ရွက်ခဲ့ရာတွင် ၂၀၀၂-၂၀၀၃ခု ဘဏ္ဍာရေးနှစ်အထိ စည်ပင်သာယာရေးအဖွဲ့များ၏ ရန်ပုံငွေ၊ နိုင်ငံတော်ထောက်ပံ့ငွေ၊ စေတနာရှင်ပြည်သူများ၏ လှူဒါန်းငွေ၊ မြန်မာနိုင်ငံလူမှုရေးအသင်းအဖွဲ့များ၏ ကူညီမှုအပါအဝင် ကျပ် ၁၁၃၀ဒသမ၃၈သန်းသုံးစွဲခဲ့ရာတွင် အပူပိုင်းဒေသ ၄၀၂၃ရွာနှင့် အခြားပြည်နယ်/တိုင်းရှိ ကျေးရွာ ၄၄၆ရွာ၊ စုစုပေါင်း ၈၄၈၉ရွာတွင် ရေရရှိနေပြီဖြစ်ကြောင်း။ ဤကဲ့သို့ဆောင်ရွက်နိုင်ခဲ့သည့်အတွက် မြန်မာတစ်နိုင်ငံလုံးရှိ ကျေးရွာအားလုံး ရေရရှိရေးစီမံကိန်းကာလ ၁၀နှစ်၏ သက်တမ်းတစ်ဝက်တွင် ကျေးရွာအားလုံး ရေရရှိတော့မည်ဖြစ်ကြောင်း၊ ယခုဆိုလျှင် မြို့နယ်အချို့တွင် မြို့နယ်လုံးကျွတ် ကျေးရွာအားလုံး သန့်ရှင်းသော သောက်သုံးရေရရှိနေပြီဖြစ်ကြောင်း။

ရပ်ကွက်အားလုံးရေပေးနိုင်

မန္တလေးတိုင်းတွင် သုံးနှစ်အတွင်း ကျေးရွာပေါင်း ၂၁၁၀ ရွာတွင် ရေပေးရေးလုပ်ငန်း ၂၅၇၁ခု ဆောင်ရွက်ပေးနိုင်ခဲ့ပြီဟုသိရှိရကြောင်း၊ ကျောက်ဆည်မြို့နယ်အတွင်း ကျေးရွာအုပ်စု ၈၆အုပ်စု၊ ကျေးရွာပေါင်း ၂၀၇ရွာတွင် ကျေးရွာအားလုံး ရေရရှိရေးဆောင်ရွက်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း၊ ကျောက်ဆည်မြို့ပေါ်တွင်လည်း ရပ်ကွက် ၁၀ရပ်ကွက် ရှိသည့်အနက် ယခင်က ရပ်ကွက် ငါးရပ်ကွက်သာ ရေပေးနိုင်ခဲ့ပြီး ယခုအခါ ရပ်ကွက်အားလုံး ရေပေးနိုင်ပြီဖြစ်ကြောင်း။

ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ကျောက်ဆည် မြို့နယ်မှသာမက အခြားအခြားသော မြို့နယ်များအထိ အရှိန်ပြင်းပြင်းဖြင့် ဆက်လက်အကောင်အထည်ဖော်နိုင်ရန်အတွက် နိုင်ငံတော်၊ ပြည်သူနှင့်တပ်မတော်သည် ဘယ်သူခွဲခွဲဒို့မကွဲဆိုသည့် ဆောင်ပုဒ်အတိုင်း လက်တွဲညီညီ ဆက်လက်ကြိုးစားလုပ်ကိုင်ကြပါစို့ဟု တိုက်တွန်းမှာကြားသွားသည်။

လုပ်ငန်းစဉ်ငါးရပ်ဆောင်ရွက်

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက အမှာစကားပြောကြားရာတွင် နိုင်ငံတော်ကို အေးချမ်းသာယာသော၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဖြစ်လာအောင် ဒို့တာဝန်အရေးသုံးပါး၊ ဦးတည်ချက်(၁၂)ရပ် စသည်တို့ချမှတ်၍ ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အပြင် တစ်နိုင်ငံလုံး ဖွံ့ဖြိုးတိုးတက်မှုကို အကြားအလပ်မရှိစေရန် ဆောင်ရွက်လျက်ရှိရာတွင် နယ်စပ်ဒေသများပါမကျန်အောင် ဝန်ကြီးဌာနဖွင့်၍ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ထို့အတူကျေးလက်ဒေသများပါတညီတညွတ်တည်းတိုးတက်လာစေရန်ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ်ကို နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ချမှတ်ဆောင်ရွက်စေလျက်ရှိကြောင်း။ **စာမျက်နှာ ၁၃ ကော်လံ ၁ သို့** ➪

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၆-၈-၂၀၀၃ (စနေနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနှာဝင်
၇:၄၀	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။	ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။	**ဆရာတော်ဦးဃောသိတ တရားတော် ဆဗ္ဗဒါနံဓမ္မဒါနံ**
၉:၁၀	၁၀။	အပိတ်နှုတ်ဆက်စကား
၉:၁၁	၁၁။	ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	ချစ်သူစုံတွဲတူယှဉ်နွဲ
၄:၂၀	၄။	လက်စွမ်းပြပဟန်ဂီတသံ
၄:၂၅	၅။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၃၅	၆။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၄၀	၇။	မြန်မာသံစဉ် ချိုနှာဝင်
၄:၅၀	၈။	မျိုးချစ်တပ်မတော်
၅:၀၀	၉။	အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် (က) ပထမနှစ် (ဒဿနိကဗေဒ) (ခ) ပထမနှစ် (ဥပဒေပညာ)
၅:၃၀	၁၀။	ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅:၄၅	၁၁။	သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၂။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၃။	နိုင်ငံတကာသတင်း
၆:၂၀	၁၄။	မိုးလေဝသသတင်း
၆:၂၅	၁၅။	မြန်မာ့ရှုခင်း
၆:၄၀	၁၆။	လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၇။	**ရသစုံလင် ရုပ်မြင်ဇာတ်လမ်း နေခြည်ဆမ်းတဲ့ချစ်ပန်းဝတ်ရည် (အပိုင်း-၆)**
၈:၀၀	၁၈။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၉။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၂၀။	လျှပ်တစ်ပြက်ရိုက်ချက်
	၂၁။	**အရှင်ဇနကာဘိဝံသထေရုပ္ပတ္တိ မှတ်တမ်း (အပိုင်း-၁၁) စည်းမျဉ်းဆယ်ချက် မဟာဂန္ဓာရုံအသက်**
	၂၂။	**ရသစုံလင်ရုပ်မြင်သံကြားဇာတ်လမ်း မန်တိုင်းကြားက မြစ်တစ်စင်း (အပိုင်း-၁၆)**
	၂၃။	သင့်အတွက်မနက်ဖြန်
	၂၄။	အပိတ်နှုတ်ဆက်စကား
	၂၅။	ပြီးပါပြီ။

မန္တလေး ICT Park

International ICT Exhibition 2003

- **Hardware** ပြခန်းများ
- **Software** ပြခန်းများ
- ပညာရေးပြခန်းများ
- ပညာရေးဆိုင်ရာ ဟောပြောပွဲများ

ကျင်းပမည့်နေ့ - ၁၆-၈-၂၀၀၃ မှ ၂၀-၈-၂၀၀၃ ထိ။
ကျင်းပမည့်အချိန် - နံနက်(၉:၀၀)နာရီမှ ညနေ(၅:၀၀)နာရီထိ။
ကျင်းပမည့်နေရာ - ရတနာပုံဈေး စတုတ္ထထပ်၊ မန္တလေး။

ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား စင်ကာပူကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာတွေ့ဆုံ

ရန်ကုန် ဩဂုတ် ၁၅

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ရန်ကုန်မြို့တွင် ရောက်ရှိနေသော စင်ကာပူသမ္မတနိုင်ငံ Intergrafica Print & Pack (Singapore) Pte., Ltd. မှ Managing Director Mr. Toon Santen သည် ယနေ့နံနက် ၇နာရီ ၄၅မိနစ်တွင် ရန်ကုန်မြို့ ဗိုလ်အောင်ကျော်လမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်း၌ လာရောက်တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)



ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ရန်ကုန်မြို့တွင်ရောက်ရှိနေသော စင်ကာပူသမ္မတနိုင်ငံ Intergrafica Print & Pack (Singapore) Pte., Ltd. မှ Managing Director Mr. Toon Santen လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

မြောက်ဝင်ရိုးစွန်း၌ ရေခဲပြင်ဖွဲ့စည်းမှု ကျဆင်းမည်

အော်စလို ဩဂုတ် ၁၅

ကမ္ဘာကြီး ပူနွေးမှုကြောင့် ယခုရာစုနှစ်ကုန်အထိနောက်မကျဘဲ မြောက်ဝင်ရိုးစွန်းဒေသတွင် ထာဝရဖုံးလွှမ်းနေသောရေခဲထုပြင်အများစုသည်နွေရာသီကာလ၌ အရည်ပျော်ဆင်းလာလိမ့်မည်ဖြစ်ကြောင်း ဗုဒ္ဓဟူးနေ့က ထုတ်ပြန်သော သုတေသန လေ့လာချက်အစီရင်ခံစာတွင် ဖော်ပြထားသည်။

မြောက်ဝင်ရိုးစွန်းဒေသတွင် လွန်ခဲ့သည့် ၂၅နှစ်တာ ကာလအတွင်း ရေခဲပြင် တည်ရှိမှု ၇ ဒသမ ၄ ရာခိုင်နှုန်း ကျုံ့လာနေကြောင်း၊ ၂၀၀၂ခုနှစ်စက်တင်ဘာလတွင် နွေရာသီကာလ ရေခဲပြင်ဖုံးလွှမ်းမှု အနိမ့်ဆုံးအဆင့်သို့ စံချိန်တင်ခဲ့ကြောင်း နော်ဝေပါမောက္ခ အိုလာဂျိုဟန်နက်စ်ဆန်ဦးဆောင်သော နိုင်ငံတကာသုတေသီများ၏ သုံးနှစ်ကြာလေ့လာမှုတစ်ရပ်အရ သိရသည်။

မြောက်ဝင်ရိုးစွန်းဒေသတွင်နွေရာသီရေခဲပြင်ဖုံးလွှမ်းမှု အခြေအနေသည် ၂၁ ရာစုနှစ်ကုန်တွင် ၈၀ ရာခိုင်နှုန်းအထိ ကျဆင်းသွားဖွယ်ရှိကြောင်း၊ ရာစုနှစ်ကုန်ထက် နောက်မကျဘဲ ရုရှားနှင့် နော်ဝေနိုင်ငံတို့၏ အာတိတ်ဘယ်ရင်ပင်လယ်တွင် ဆောင်းဥတုမျိုးမှာပင် ရေခဲပြင်ဖွဲ့စည်းမှု မရှိဘဲ ဖြစ်ပေါ်နိုင်ကြောင်း သုတေသန လေ့လာချက်၌ ဖော်ပြထားသည်။

အမ်အင်အေ၊ရိုက်တာ။

ဥရောပ၏ဆုငွေအများဆုံးထီ အီတလီနိုင်ငံသားဆွတ်ခူး

ရောမ ဩဂုတ် ၁၅

အီတလီနိုင်ငံသားတစ်ဦးသည်ဗုဒ္ဓဟူးနေ့က ဖွင့်လှစ်သော စူပါအန်နယ်လော့ အမည်ရှိ ကံစမ်းထီကို ပေါက်ခဲ့ပြီး ၎င်းရရှိသည့် ဆုငွေပမာဏမှာ ဥရောပတိုက်တွင် ဖွင့်သမျှထီများအနက် ဆုငွေအများဆုံးဖြစ်က ယူရိုငွေ ၆၆သန်း (အမေရိကန် ဒေါ်လာ ၇၅သန်း)ရရှိမည် ဖြစ်သည်။

ဝယ်ယူခဲ့

အီတလီထီလုပ်ငန်းမှ တာဝန်ရှိသူများသည် ထီပေါက်သူ မည်သူမည်ဝါဖြစ်သည်ကို ထုတ်ဖော်ပြောဆိုခြင်းမရှိပေ။ သို့ရာတွင် ဆုငွေအများဆုံးပေါက်သည့် ထီလက်မှတ်ကို အီတလီနိုင်ငံ မြောက်ပိုင်း မြို့ငယ်လေးတစ်မြို့ဖြစ်သော ဗက်ဒူဂီယိုမြို့ရှိ ဘားခန်းတစ်ခန်းမှ ဝယ်ယူခဲ့ခြင်း ဖြစ်သည်ဆို၏။

စူပါအန်နယ်လော့ထီမှာ ဂဏန်းခြောက်လုံးတိုက်ထီဖြစ်သည်။ ထီတစ်စောင်တန်ဖိုးမှာ တစ် ယူရိုဖြစ်ကာ ဆုကြေးငွေအမြင့်ဆုံးဆုများကိုထီပေါက်နိုင်သည့်အခွင့်အလမ်းမှာ လူ၆၂၂သန်းလျှင် တစ်ဦးနှုန်းဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

ထူးခြားဖြစ်စဉ် ကမ္ဘာတစ်ခွင်

အင်တာနက်ဗိုင်းရပ်စ်ဗီယက်နမ်၌သောင်းကျန်း

ဟန္နိုင် ဩဂုတ် ၁၅

လွန်ခဲ့သည့်နှစ်ရက်တာကာလအတွင်း ကမ္ဘာတစ်ဝန်းတွင် နေအိမ်များနှင့် ရုံးခန်းများ၌ အသုံးပြုလျက်ရှိသော ကွန်ပျူတာများအား အဖျက်အမှောင့်ပြုလုပ်ခဲ့သည့် ကွန်ပျူတာဗိုင်းရပ်စ်တစ်မျိုးသည် ဗီယက်နမ်နိုင်ငံရှိ ကွန်ပျူတာထောင်ပေါင်းများစွာကို တိုက်ခိုက်လျက်ရှိကြောင်း ဗီယက်နမ်သတင်းအေဂျင်စီက ကြာသပတေးနေ့တွင် သတင်းထုတ်ပြန်သည်။

ဖောက်ခွဲရေးသမား (Blaster) ဟူ၍ အမည်ပေးထားသော အင်တာနက်ဗိုင်းရပ်ကြောင့် လေကြောင်းဌာနများ၊ ဆက်သွယ်ရေးကုမ္ပဏီများနှင့် မော်တော်ကားထုတ်လုပ်ရေးဖက်စပ်ကုမ္ပဏီများ၏ ကွန်ပျူတာများအပါအဝင် ဗီယက်နမ်နိုင်ငံရှိ ကွန်ပျူတာအမြောက်အမြားကို ဒုက္ခပေးလျက်ရှိကြောင်း ဗီယက်နမ်သတင်းအေဂျင်စီက ဖော်ပြသည်။

Blaster Worm ကွန်ပျူတာဗိုင်းရပ်သည် မိုက်ကရိုဆော့ဖ်ဝင်းဒိုး စက်လည်ပတ်ရေးစနစ်များကို ပစ်မှတ်ထားပြီး ကမ္ဘာတစ်ဝန်းရှိ အင်တာနက်နှင့်ချိတ်ဆက်ထားသော ကွန်ပျူတာများကို တိုက်ခိုက်ခဲ့ရာ အင်တာနက်သုံးစွဲမှု ထိခိုက်ခဲ့ရသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဒါတွေကို သိဖို့လိုတယ်

* မြောက်တိုင်းလည်း မမြောက်နဲ့
* ခြောက်တိုင်းလည်း မကြောက်နဲ့
* ချော့တိုင်းလည်း မပျော့နဲ့

အီလက်ထရောနစ် သင်တန်းများဖွင့်မည်

ရန်ကုန် ဩဂုတ် ၁၅

လူငယ်များအတွက် အီလက်ထရောနစ်သင်တန်း (TV, Video, VCD, DVD, Stallite)၊ လေအေးပေးစက်နှင့် ရေခဲသေတ္တာသင်တန်း လက်တွေ့အသုံးချ လျှပ်စစ်သင်တန်းများကို ဖွင့်လှစ်သင်ကြားမည် ဖြစ်သည်။ စိတ်ဝင်စားသူများသည် Cosmic Engineering Group Training and Service Centre အမှတ်(၃၁) ခမ္မဝိဟာရလမ်း ကျောက်မြောင်း (ကျောက်မြောင်းဈေးမှတ်တိုင်အနီး)၊ ဖုန်း–၅၄၉၈၉၇ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(က–ပ)

"နှစ်ယောက်မရှိဘူး" ဇာတ်ကား ဆက်လက်ပြသ မြို့မရုံတွင် အိန္ဒိယမေတ္တာဖွဲ့ ဇာတ်ကားသစ်ရုံတင်

ရန်ကုန် ဩဂုတ် ၁၅

ဒါရိုက်တာအိအိခိုင် ရိုက်ကူးတင်ပြသည့် **နှစ်ယောက်မရှိဘူး**ဇာတ်ကား ယခုသောကြာပတ်တွင် ဆက်လက်၍ သမ္မတ၊ သွင်၊ မင်္ဂလာရုံကြီးများတွင် ပြသနေသည်။ လွင်မိုး၊ ထွန်းအိန္ဒြာဗိုနှင့် မျိုးစန္ဒီကျော်တို့ သရုပ်ဆောင်ထားကြသည်။

အချစ်နှင့် သူ၏ဂုဏ်သိက္ခာ

ယခုသောကြာပတ်တွင် ရန်အောင်၊ ဒွေး၊ ထွန်းအိန္ဒြာဗိုနှင့် နန္ဒာလှိုင်တို့ ပါဝင်သော **အချစ်နှင့်သူ၏ ဂုဏ်သိက္ခာ** ဇာတ်ကား ရွှေ့ဆောင်နှင့် နဝဒေးရုံများ၌ ပြသနေသည်။

နေပြည်တော်ရုံတွင် THE TUXEDO အမည်ရှိ ဂျက်ကီချန်းပါဝင်သော ဟာသအက်ရှင်ဇာတ်ကား ရုံတင်ပြသနေသည်။

ယခုသောကြာပတ်တွင် ဆုထူးပန်ရုံ၌ ချစ်ခြင်းမေတ္တာသရုပ်ပြဇာတ်ကားဖြစ်သော YAADEINအမည်ရှိ အိန္ဒိယဇာတ်ကား ရုံတင်ပြသနေသည်။ ဟာရစ်ရော်ဆန်၊ ကရီနာကပူးတို့က သရုပ်ဆောင်ကြသည်။

အက်ရှင်ဇာတ်ကား ရွှေဂုန်ရုံတွင် စတီဗင်ဆီးဂဲလ်ပါဝင်သော ON DEADLY GROUND အမည်ရှိ အက်ရှင် ဇာတ်ကားရုံတင်ပြသသည်။

မြို့မရုံတွင် HUM KI SISE KUM NAHIN အမည်ရှိ အိန္ဒိယမေတ္တာဖွဲ့ ဇာတ်ကားသစ်ပြသနေသည်။ အမိတာဘချမ်း၊ ဆန်ဂျေးဒတ်နှင့် အိုက်ခရီဝါယာရိုင်းတို့ ပါဝင်ကြသည်။

ပြိုင်ဘက်မရှိ

ဆက်လက်၍ ဒွေး၊ ထွန်းအိန္ဒြာဗိုတို့ပါဝင်သော **ပြိုင်ဘက်မရှိ**ဇာတ်ကား ရွှေဗဟို၊ ဘုရင့်နောင်၊ ဧရာဝတီရုံများ၌ ဆက်လက်အောင်ပွဲခံပြသနေသည်။

လွင်မိုး၊ ထက်ထက်မိုးဦးတို့ သရုပ်ဆောင်သော **ကံကောင်းခြင်းလက်ဆောင်** ဇာတ်ကားမှာ ဝဇီရာနှင့် ရွှေရတနာရုံများ၌ ပြသလျက်ရှိသည်။

(ကြေးမုံ)

နှစ်ယောက်မရှိဘူး

"နှစ်ယောက်မရှိဘူး" ဇာတ်ကားမှ လွင်မိုးနှင့် ထွန်းအိန္ဒြာဗို။

အချစ်နှင့်သူ၏ ဂုဏ်သိက္ခာ

"အချစ်နှင့်သူ၏ ဂုဏ်သိက္ခာ" ဇာတ်ကားမှဇာတ်ဝင်ခန်း တစ်ခန်း။

ရုပ်ရှင်

"ချစ်ခြင်းရင်ခုန်" ရွှေ့အပတ်ရုံတင်မည်

ရန်ကုန် ဩဂုတ် ၁၅

လာမည့် သောကြာပတ်တွင် ဘရဏီရုပ်ရှင်က ထုတ်လုပ်ပြီး ဒါရိုက်တာ လွင်မင်း၏ **ချစ်ခြင်းရင်ခုန် ယုံကြည်စွာဖြင့်** ဇာတ်ကားသစ် ရုံတင်မည်။ ဒွေး၊ ရီဝေယံ၊ တင့်တင့်ထွန်း၊ အိန္ဒြာ ကျော်ဇင်တို့ ပါဝင်ကြသည်။

(ကြေးမုံ)

အိန္ဒိယဇာတ်ကားသစ်

မြို့မရုံတွင် ပြသနေသော HUM KI SISE KUM NAHIN အိန္ဒိယဇာတ်ကားသစ်မှ ပြကွက်တစ်ခု။



သတ္တုဘယ်ယာရင်အလုပ်ရုံ

ပဲခူးတိုင်း အင်းတကော်စက်မှုဒေသ၌ အမှတ်(၂) စက်မှုဝန်ကြီးဌာနမှ တည်ဆောက်ခဲ့သည့် သတ္တုဘယ်ယာရင်အလုပ်ရုံမှ ထရပ်ကားသုံး ဒီဇယ်အင်ဂျင်၊ ဂျစ်ကားသုံး ဒီဇယ်အင်ဂျင်၊ လယ်ထွန်စက်သုံး ဒီဇယ်အင်ဂျင်နှင့် ရေစုပ်စက်၊ လျှပ်စစ်ဓာတ်အားသုံး ဒီဇယ်အင်ဂျင်များအတွက် သတ္တုဘယ်ယာရင် တစ်နှစ်လျှင် ၁၂၀၀၀၀ စုံကို ပြည်ပသွင်းကုန်အစားထိုး ထုတ်လုပ်ပေးလျက်သည်။ (ဝဲပုံနှင့် အပေါ်ပုံ)

[ဓာတ်ပုံမှတ်တမ်း-စက်မှု(၂)]

ဓာတ်ပုံ မှတ်တမ်း

သွင်အေး(ကြေးမုံ)

စိုက်ပျိုးရေးနှင့် စက်မှု(၂)

တည်ဆောက်မြှင့်တင်

မြန်ပြည်တစ်ခွင်

ရေသွင်း ပေးပို့

မြင်းခြံခရိုင် တောင်သာမြို့နယ် ကျောဇီ လျှပ်စစ်မြစ်ရေတင် စီမံကိန်းအရ ပင်မရေတင်စခန်းမှ တင်ပို့လိုက်သောမြစ်ရေကို မြောင်းအတွင်းသို့ ရေသွင်းပေးပို့စဉ်။ (ယာပုံ)

(ဓာတ်ပုံမှတ်တမ်း- စိုက်ပျိုးရေး)



မုန်းချောင်း ရေလှောင်တမံ

မကွေးတိုင်း စေတုတ္တရာမြို့နယ်တွင် တည်ဆောက်လျက်ရှိသော မုန်းချောင်းရေလှောင်တမံတွင် ပင်မတမံကို ကျောက်များစီထားပြီဖြစ်သည်။ မုန်းချောင်းရေလှောင်တမံမှာ မြေသားအမျိုးအစား ရေလှောင်တမံဖြစ်ပြီး သတ်မှတ်ထားသောကာလအတွင်း ပြီးစီးရန် ဆောင်ရွက်လျက်ရှိသည်။ (ဝဲပုံ)

[ဓာတ်ပုံမှတ်တမ်း- သွင်အေး(ကြေးမုံ)]

6-8-2003 12 8/16/03, 1:14 AM

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို ရေးမြို့ အစင်အထက သင်ထောက်ကူပြု စာသင်ခန်းများဖွင့်ပွဲ တက်ရောက်အားပေး ရေးချောင်းတံတားတည်ဆောက်မှု စံချိန်စံညွှန်းပြည့်မီစွာ တည်ဆောက်ပြီးစီးရေးမှာကြား

ရန်ကုန် ဩဂုတ် ၁၅

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ သထုံတပ်နယ်မှ ဗိုလ်မှူးချုပ်မြင့်စိုးနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဩဂုတ် ၁၁ရက် နံနက်ပိုင်းတွင် ရေးမြို့နယ် မော့ကနင်နယ်မြေခံတပ်သို့ သွားရောက်၍ မော့ကနင်တပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုဝင်များအား တွေ့ဆုံ၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ်ကို ဒေသခံပြည်သူများနှင့် လက်တွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ရေး ဆွေးနွေးမှာကြားကာ မိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

အမှာစကားပြောကြား

မွန်းလွဲပိုင်းတွင် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် ရေးမြို့နယ်မြေခံတပ် နယ်ခန်းမ၌ ရေးတပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုဝင်များအား တွေ့ဆုံ၍ဒေသ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် ဌာနဆိုင်ရာများ၊ ဒေသခံ ပြည်သူများနှင့် လက်တွဲ၍ တက်ညီ လက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက် ကြရေး၊ စိုက်ပျိုးမွေးမြူရေး လုပ်ငန်း များကို တစ်ပိုင်တစ်နိုင်မှသည် တစ်အုပ် တစ်မအဖြစ် တိုးချဲ့ဆောင်ရွက်ရေး အခြေအနေများနှင့် စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းအမှာစကား ပြောကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့်အဖွဲ့သည် ရေးမြို့နယ် အစင်ကျေးရွာ အခြေခံပညာ အထက် တန်းကျောင်းသို့ သွားရောက်ကာ အဆိုပါကျောင်း၏ သင်ကြားမှု သင်ယူမှု အထောက်အကူပြု စာသင် ခန်းများ ဖွင့်ပွဲအခမ်းအနားသို့ တက် ရောက်အားပေးရာ အစီအစဉ်အရ ရေးဦးစွာ အစင်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ် ဆရာမကြီးဒေါ်အေးသန်းနှင့် ကျောင်း အကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးမောင် မြင့်တို့က အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ဖွင့်လှစ်ပေး

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ် သူရမြင့်အောင်က ဖွင့်ပွဲအထိမ်းအမှတ် မှန်ဦးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးမောင်ဘိုက ကမ္ဘည်း မော်ကွန်းကျောက်စာတိုင်ကို စက် ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့်အဖွဲ့သည် သင်ကြားမှု သင်ယူမှု အထောက်အကူပြု စာသင် ခန်းများအတွင်း လှည့်လည်ကြည့်ရှု အားပေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ထို့နောက် အခမ်းအနားကို ဆက်လက်ကျင်းပရာ ကျောင်းသား၊ ကျောင်းသူလေးများ၏ မြန်မာ့ကျောင်း သီချင်း၊ မြန်မာ့ကြွေးကြော်သံ တေး သရုပ်ဖော်နှင့် ကျောင်းအကျိုးတော် ဆောင် ဦးဖေမြင့် ရေးစပ်သီကုံးသည့် မျိုးဆက်သစ်တို့တာဝန်သီချင်း အဆို အကများဖြင့် ဖျော်ဖြေကြရာ ဒုတိယ ဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် တက်ရောက်လာ ကြသူများက ကြည့်ရှုအားပေးကြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက်ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးသန်းက သင်ကြားမှု သင်ယူမှု အထောက်အကူပြု စာသင်ခန်းများ အကောင်အထည်ဖော် ဆောင်ရွက်မှု အခြေအနေများကို လည်းကောင်း၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးမောင်မြင့်က သင်ကြားမှု သင်ယူမှု အထောက်အကူပြု စာသင်ခန်းများ ဖြစ်ပေါ်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်မှုအခြေအနေများကို လည်း ကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက သင်ကြားမှု သင်ယူမှု အထောက်အကူပြု တိပ်ခွေများကို ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးသန်း ထံ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ အမှတ်(၁) အခြေခံ ပညာဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူးဦးမြင့်ဆွေက ကျေးဇူး တင်စကား ပြောကြားပြီး တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က အမှာစကား ပြောကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက ယခုကဲ့သို့ အစင်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း Multi-media စာသင်ခန်းများ ဖွင့် လှစ်နိုင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ခဲ့ကြသည့် တာဝန်ရှိသူ များ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ကျောင်းသားမိဘများနှင့် ဆရာ၊ဆရာမ များအား နိုင်ငံတော်ကိုယ်စား ကျေးဇူး တင်ရှိပါကြောင်း၊ နိုင်ငံတော်မှ အကောင်အထည်ဖော် ဆောင်ရွက်နေ သည့် နိုင်ငံတကာအဆင့်မီ ပညာရေး စနစ်ကြီးတစ်ခု ဖြစ်မြောက်အောင်မြင် ရေးအတွက် ယခုကဲ့သို့ ခေတ်မီအီလက် ထရောနစ် ပစ္စည်းများနှင့် သင်ကြားမှု သင်ယူမှု အထောက်အကူပြု ပစ္စည်း များ ဖြည့်ဆည်းရေး လုပ်ငန်းများကို မဖြစ်မနေ လုပ်ဆောင်ကြရမှာ ဖြစ် ကြောင်း၊ ကမ္ဘာပေါ်တွင် ခေတ်မီ သတင်းအချက်အလက်နှင့် ဆက်သွယ် ရေး နည်းပညာများ အလျင်အမြန် ဖွံ့ဖြိုးတိုးတက်လျက်ရှိရာ မိမိတို့အနေ ဖြင့်လည်း ခေတ်နှင့်အညီ ရင်ပေါင် တန်းနိုင်ရန် ကြိုးပမ်းဆောင်ရွက်ကြ ရန်လိုကြောင်း၊ ထို့ကြောင့် မိမိတို့ နိုင်ငံအနေဖြင့် ပညာရေး ရည်မှန်း ချက်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ပညာရေး ဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံ တော်ကြီး တည်ဆောက်အံ့ ဆိုသည့် ဆောင်ပုဒ်အတိုင်း ဆောင်ရွက်နိုင်ရေး အတွက် မျိုးဆက်သစ် လူငယ်များ ပညာရည်မြင့်မားရေး၊ လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး တို့အတွက် ဝိုင်းဝန်းကြိုးပမ်း အကောင် အထည်ဖော် ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရကလည်း နိုင်ငံတော်ကြီး ဘက်စုံဖွံ့ဖြိုးတိုးတက် ရေးတွက် ကြိုးပမ်းဆောင်ရွက်လျက် ရှိရာ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူ များက တက်ညီလက်ညီ အင်တိုက် အားတိုက် ပူးပေါင်းလက်တွဲ ကြိုးပမ်း ဆောင်ရွက်ကြရန်လိုကြောင်း စသည် ဖြင့် ဂုဏ်ပြုအမှာစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

အခမ်းအနားအပြီးတွင် ဒုတိယ ဗိုလ်ချုပ်ကြီးမောင်ဘိုသည် တာဝန်ရှိ သူများ၊ ကျောင်းအကျိုးတော်ဆောင် များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့်အတူ ဖွင့်ပွဲအထိမ်း အမှတ် မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြ သည်။

ညနေပိုင်းတွင် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့သည် ရေးချောင်း တံတားတည်ဆောက်ရေး စီမံကိန်းရုံး သို့ ရောက်ရှိကြရာ မြန်မာ့မီးရထားမှ အမှုဆောင်အင်ဂျင်နီယာ ဦးလွှမ်းသူက စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီး မှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီ အစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် စီမံကိန်းလုပ်ငန်းခွင် အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းပြည့်မီစွာ တည်ဆောက် ပြီးစီးရေး၊ လုပ်ငန်းခွင် အန္တရာယ် ကင်းရှင်းရေး ဂရုပြုကြိုးပမ်းဆောင်ရွက် ရန် မှာကြားကာ တင်ပြချက်များအပေါ် လုပ်ငန်း လိုအပ်ချက်များ ညှိနှိုင်း ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

(သတင်းစဉ်)

ကျောက်ဆည်မဂ္ဂဇင်း ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဩဂုတ် ၁၅

ကျောက်ဆည်ခရိုင် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီတို့၏ ကူညီပံ့ပိုးမှုဖြင့် ကျောက်ဆည်မြို့နယ် စာပေနှင့်စာနယ် ဇင်းအဖွဲ့က စီစဉ်ထုတ်ဝေသော ကျောက်ဆည်မဂ္ဂဇင်း ၂၀၀၃ခုနှစ် ကို ကျောက်ဆည် ဆင်အလှမျက်နှာဖုံး ဖြင့် ဝေဆာလှပစွာ ထုတ်ဝေဖြန့်ချိ ထားသည်။ **(အပေါ်ယာပုံ)**



ယင်း ကျောက်ဆည်မဂ္ဂဇင်းတွင် ကျောက်ဆည်မြို့နယ်၏ စက်မှုဖွံ့ဖြိုး တိုးတက်မှုများ၊ မြင်စိုင်းမြို့ဟောင်းနှင့် ဒေသဆိုင်ရာ သမိုင်းအချက်အလက် များ၊ ကျောက်ဆည် ဆင်ပွဲတော် အကြောင်း သိကောင်းစရာများအပြင် လယ်တွင်းသား စောချစ်၊ ခင်မောင် ထွန်း(လမ်းမတော်)၊ ဒေါက်တာ အေးမြတ်လွင်၊ မြင်းမူမောင်နိုင်မိုး၊ လူထုဒေါ်အမာ၊ ကျောက်ဆည် ဦးငြိမ်း မောင်၊ မောင်ခိုင်ကျော်(ကျောက်ဆည်)၊ ကျော်ညိုလွင်(ကျောက်ဆည်)၊ ရွှေဆည် ထွန်းကိုကိုတို့၏ သုတ၊ရသဖြစ်ဖွယ် ဝတ္ထု၊ကဗျာ၊ဆောင်းပါးများ စုံလင်စွာ ဖော်ပြထားပြီး ဝါမိုးအောင်စာပေ (ရန်ကုန်)၊ ထွန်းဦးစာပေ(မန္တလေး) နှင့် ကျောက်ဆည်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့တို့တွင် ဝယ်ယူရရှိ နိုင်ကြောင်း သိရသည်။ (က–ပ)

➪ စာမျက်နှာ ၁၀ မှ

ကျောက်ဆည်မြို့သည် ဖွံ့ဖြိုးတိုးတက်လာသည်ကို တွေ့မြင်ရ၍ ဝမ်းမြောက်ပါကြောင်း၊ မြို့တိုးတက်မှုနှင့်အတူ မြို့ သောက်သုံးရေဖူလုံရေးကိုလည်း ယခင်ကထက် ပိုမို ရရှိနေပြီဖြစ်ကြောင်း၊ ယခုသောက်သုံးရေ ဖူလုံစွာရရှိခြင်း အထိမ်းအမှတ် အခမ်းအနားသည် ကျောက်ဆည်မြို့နှင့် ကျေးရွာများအားလုံး သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာ ရရှိခြင်းအောင်ပွဲဖြစ်ရာ မိမိဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင် ရွက်ချက်များကို ဒေသခံပြည်သူများက ဝိုင်းဝန်းလက်တွဲ ပါဝင်ဆောင်ရွက်ကြရန်နှင့် ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက် ကြပါဟု တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

၁၀နှစ်စီမံကိန်းရေးဆွဲ

ထို့နောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က အမှာစကားပြောကြားရာ တွင် မြို့ပြနှင့် ကျေးလက်ဒေသများ မျှမျှတတ ဖွံ့ဖြိုး တိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေး၊ ကျေးလက်ဒေသ ပြည်သူများသန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိရေး သည်လည်း အဓိကကျသည့် လုပ်ငန်းများဖြစ်ကြောင်း၊ ရေအထူးလိုအပ်သည့် အပူပိုင်းဒေသများ ဖြစ်ကြသည့် မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်းနှင့် မကွေးတိုင်းအပါအဝင် အခြားဒေသတိုင်းနှင့် ပြည်နယ်များကို စည်ပင်သာယာရေး အဖွဲ့မှ အင်ဂျင်နီယာများက ကွင်းဆင်းပြီး ရေခက်ခဲသည့် ကျေးရွာများ၊ ရေရရှိသော်လည်း နွေရာသီတွင် ရေလုံလောက် မှုမရှိသည့် ရွာများ၊ သန့်ရှင်းသည့်ရေမရရှိသည့် ကျေးရွာများ ခွဲခြားပြီး စာရင်းကောက်ယူကာ ၁၀နှစ်စီမံကိန်း ရေးဆွဲ ဆောင်ရွက်ခဲ့ကြောင်း။

မန္တလေးတိုင်းအပါအဝင် အပူပိုင်းဒေသတိုင်း သုံးတိုင်း တွင် ၈၀၄၂ရွာ၊ အခြားပြည်နယ်၊ တိုင်းများတွင် ၁၅၁၈၃ ရွာ စုစုပေါင်း ၂၃၂၂၅ရွာတို့၌ ရေရရှိရေး လုပ်ငန်းများ ဆောင်ရွက်ပေးရန် လိုအပ်နေသည်ကို တွေ့ရှိရကြောင်း။

၈၄၈၉ ရွာရေရရှိ

၂၀၀၂–၂၀၀၃ ခု ဘဏ္ဍာရေးနှစ်မှ စတင်ပြီး ကျေးရွာ အားလုံး ရေရရှိရေးအတွက် ၁၀နှစ်စီမံကိန်း ချမှတ်ပြီး ဆောင်ရွက်ခဲ့ရာတွင် ၂၀၀၂–၂၀၀၃ ခု ဘဏ္ဍာရေးနှစ်အထိ စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေ၊နိုင်ငံတော်ထောက်ပံ့ငွေ၊ စေတနာရှင် ပြည်သူများ၏ လှူဒါန်းငွေ၊ မြန်မာနိုင်ငံ လူမှု ရေးအသင်းအဖွဲ့များ၊ နိုင်ငံတကာ လူမှုရေးအသင်းအဖွဲ့များ အပါအဝင် ကျပ်သန်း၁၁၃၀ဒသမ၃၈ သုံးစွဲခဲ့ရာ၌ အပူပိုင်း ဒေသ ၄၀၂၃ရွာနှင့် အခြားပြည်နယ်နှင့်၊တိုင်းများရှိ ကျေးရွာ ၄၄၆၆ရွာ စုစုပေါင်း ၈၄၈၉ ရွာမှာ ရေရရှိနေပြီ ဖြစ်ကြောင်း။

တာဝန်ကျေပွန်စွာ ထမ်းဆောင်

ကျေးလက်လမ်းလုပ်ငန်းများ၊ ကျေးလက်ရေ ရရှိရေး လုပ်ငန်းများ၊ ကျေးလက်ပြည်သူများ လူနေမှုဘဝ အဆင့်မြင့် နေထိုင်ရေးအတွက် အိမ်ရာများ အကုန်အကျနည်းရေး၊ အရည်အသွေး ကောင်းမွန်ရေး၊ ပြည်သူများ စိတ်ချမ်းသာ ရေးကို ဦးစားပေး ဆောင်ရွက်လျက်ရှိကြောင်း။ ထိုသို့ ဆောင်ရွက်ရာတွင် နိုင်ငံတော်အကြီးအကဲ၏ စေတနာအပေါ် လေးစားတုံ့ပြန်ပြီး မိမိတို့၏ တာဝန်ကျရာ အခန်းကဏ္ဍမှ တာဝန်ကျေပွန်စွာ ထမ်းဆောင်ကြရန် လိုအပ်ကြောင်း တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ကျေးဇူးသစ္စာစောင့်သိ

ထို့နောက်သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းက အမှာစကားပြောကြားရာတွင် ကျောက်ဆည် မြို့နယ်တွင် ရေထိန်းဆည်များ၊ သန့်ရှင်းသောသောက်သုံးရေ ရရှိရေး လုပ်ငန်းများကို ဆောင်ရွက်ပေးသဖြင့် ဒေသခံ ပြည်သူများအနေဖြင့် နိုင်ငံတော်အပေါ် ကျေးဇူးသစ္စာ စောင့်သိပြီး ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပူးပေါင်း ပါဝင်ဆောင်ရွက်ကြပါဟု တိုက်တွန်းပြောကြားသည်။

ယင်းနောက် မန္တလေးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးကံလှက ကျောက်ဆည်မြို့ ရေပေးရေးနှင့် မြို့နယ်အတွင်းရှိ ကျေးရွာလုံးကျွတ် သန့်ရှင်းသော သောက်သုံးရေ ရရှိခြင်းအထိမ်းအမှတ် လက်ဆောင်များကို နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် များဖြစ်ကြသော ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် ဒုတိယ ဗိုလ်ချုပ်ကြီးမောင်ဘို၊ ဝန်ကြီးများနှင့် တာဝန်ရှိသူများအား ပေးအပ်သည်။

ထို့နောက် ကျောက်ဆည်မြို့ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာလုံးကျွတ် သန့်ရှင်းသောသောက်သုံးရေ ရရှိခြင်း အတွက် နိုင်ငံတော်အစိုးရအား ကျေးဇူးတင်ရှိကြောင်း ဒေသခံပြည်သူတစ်ဦးက ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကြည့်ရှုစစ်ဆေး

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ ဝန်ကြီးများနှင့် အဖွဲ့ဝင်များ သည် ကျောက်ဆည်မြို့ အနောက်ဘက်ခြမ်း ရဲစုရပ်ကွက်ရှိ ရေဂါလန် ၁၂၀၀၀ဆံ့ အမှတ်(၃) ရေစင်ကို သွားရောက် ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူတို့က ရေသိုလှောင် ဖြန့်ချိ ပေးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ကျောက်ဆည်မြို့ အနောက်ဘက်ခြမ်းရှိ ညောင်ခြောက်ပင်နှင့် အေးမြကြည်လင် ရပ်ကွက်များသို့ ရေပေးဝေနေသည့် ဇီးတော ရေထိန်းဆည်နှင့် ရေတံခါးတို့ကို သွားရောက် ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ကျောက်ဆည် မြို့ရှိ ရေစုပ်စက်ရုံ အမှတ်(၄)သို့ သွားရောက်၍ ရေစုပ်တင် နိုင်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ထိုမှတစ်ဆင့် ကျောက်ဆည်မြို့ အနောက်ဘက်ခြမ်းရှိ ကြက်မင်းတွန်၊ ရဲစုနှင့် ဆူးကုန်ရပ်ကွက်များသို့ ရေပေးဝေ နေသည့် ဇော်ဂျီရေထိန်းဆည်နှင့် ရေစက်ရုံအမှတ်(၂)တို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူတို့က ရေတင် နိုင်မှုနှင့် ရေရရှိမှုတို့ကို ရှင်းလင်းတင်ပြကြသည်။

မှာကြား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယ ဗိုလ်ချုပ်ကြီးမောင်ဘို၊ ဝန်ကြီးများနှင့် အဖွဲ့ဝင်များသည် ကျောက်ဆည်မြို့ ညော့်ရိပ်သာသို့ ရောက်ရှိကြရာ စည်ပင် သာယာရေးဦးစီးဌာန ကျောက်ဆည်မြို့ ရေပေးရေးစီမံကိန်း အင်ဂျင်နီယာဦးခင်မောင်ဌေးက ကျောက်ဆည်မြို့ရှိ ရပ်ကွက် များသို့ သန့်ရှင်းသော သောက်သုံးရေ ပေးဝေရာတွင် အများသုံး ရေကန်ကြီး ၁၂ကန်ဖြင့် ရေပေးဝေနေမှုအခြေ အနေ၊ ရေအသုံးပြုမည့်နေအိမ်များသို့ ရေပိုက်များ သွယ်တန်း ပေးမှုအခြေအနေ၊ ရပ်ကွက်များသို့ ရေပေးဝေရန် ရေပိုက်များ သွယ်တန်းပေးမှု အခြေအနေနှင့် ရေစစ်ကန်၊ ရေငြိမ်ကန်များ တည်ဆောက်ရေပေးဝေနေမှု အခြေအနေများကို ရှင်းလင်း တင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားသည်။

(သတင်းစဉ်)

ကွန်ပျူတာဆက်စပ်ပစ္စည်းများရောင်းချ

ရန်ကုန် ဩဂုတ် ၁၅

Lucky Bird Computerအရောင်းခန်းမမှ မှတ်သုံ ရာသီ အထူးအစီအစဉ်တစ်ရပ်အနေအဖြစ် စီးပွားရေး လုပ်ငန်းရှင်များ၊ ကျောင်းသား၊ကျောင်းသူများနှင့် ကွန်ပျူတာ အသုံးပြုနေကြသော ပြည်သူများအား ကွန်ပျူတာနှင့် ကွန်ပျူတာဆက်စပ်ပစ္စည်းများကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးလျက်ရှိသည်။ ၃၁ရက်အထိ ဝယ်ယူအားပေး ကြသူများအား ကွန်ပျူတာတစ်လုံး ဝယ်ယူသူတိုင်း ပရင်တာတစ်လုံး မေတ္တာလက်ဆောင်ပေးမည်ဖြစ်ရာ စိတ်ပါ ဝင်စားကြသူများသည် Lucky Bird Computerအရောင်း ခန်းမတည်ရှိရာ အမှတ်(၅) ဒေါ်သိန်းတင်လမ်းနှင့် သိမ်ဖြူ လမ်းထောင့် မင်္ဂလာတောင်ညွန့်မြို့နယ် ဖုန်း–၀၁–၂၄၈၁၆၇ သို့ လာရောက်ကြည့်ရှု အားပေးဝယ်ယူနိုင်ကြောင်း သိရ သည်။ (က–ပ)

ခုနစ်ရက်တရားစခန်း တရားအားထုတ်နိုင်

ရန်ကုန် ဩဂုတ် ၁၅

အနာဂါမ်ဆရာသက်ကြီး၏ မူလကျင့်စဉ်နှင့်အညီ ဓမ္မရသရိပ်သာ ကမ္မဋ္ဌာန်းဆရာကြီး ဦးသန်းရွှေ(ဒလ–အံ့ကြီး)က ဩဂုတ် ၂၀ရက်မှ ၂၆ရက်အထိ ခုနစ်ရက်တရားစခန်းကို မန္တလေးတိုင်း ဝမ်းတွင်းမြို့ မဟာဓောတိကာရာမ သိမ်တောင်တောရကျောင်းတိုက် ဓမ္မာရုံကြီး၌လည်းကောင်း၊ စက်တင်ဘာ ၁ရက်မှ ၇ရက်အထိ ဗိုလ်တထောင်စေတီတော် ဆိပ်ကမ်းလုပ်သားများဓမ္မာရုံကြီးတွင်လည်းကောင်း ညစဉ် ၆နာရီမှ ၇နာရီခွဲအထိ တရားရှုမှတ်နည်းများကို ဟောကြားမည်ဖြစ်ရာ မည်သူမဆို လာရောက်တရားအားထုတ်နိုင်ကြောင်း သိရသည်။ (က–ပ)

● **နယ်စပ်ဒေသမှ**

တည်ဆောက်ခဲ့သော နမ့်ယွန်းတံတားကို ဩဂုတ် ၈ရက်က ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း သိရသည်။

နမ့်ယွန်းတံတားမှာ သံကူကွန်ကရစ်အမျိုးအစားဖြစ်ပြီး တံတားအရှည်မှာ ပေ ၁၄၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ပေ၊ လူသွားလမ်း အကျယ်မှာ တစ်ဖက်လျှင် သုံးပေစီ ပါရှိသည်။ ယာဉ်တစ်စီးချင်းခွင့်ပြုတန် ၆၀ဖြစ်ပြီး လင်းခေးဘက်ကမ်း ချဉ်းကပ်လမ်းအရှည်ပေ ၁၀၀၀နှင့် ဟိုမိန်းဘက်ကမ်း ချဉ်းကပ်လမ်း အရှည်မှာ ပေ ၁၀၀၀ ရှိသည်။

နမ့်ယွန်းတံတား တည်ဆောက်ရေးစီမံကိန်းကို ၂၀၀၁ခုနှစ် မေလ ၁ရက်က စတင်ဆောင်ရွက်ခဲ့ရာ ၂၀၀၂ခုနှစ် ဒီဇင်ဘာ ၃၁ရက်တွင် ပြီးစီးခဲ့ကြောင်း သိရသည်။ (ကြေးမုံ)

ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ကုလသမဂ္ဂ ကလေးများ ရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

ရန်ကုန် ဩဂုတ် ၁၅

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ယနေ့ မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဗိုလ်အောင်ကျော်လမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမ၌ ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ (UNICEF) ဌာနေကိုယ်စားလှယ် Ms. Carroll C. Long အား လက်ခံတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာသို့ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့်အတူ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)

ကြိုဆိုနှုတ်ဆက်

ဩဂုတ် ၁၅ရက်က နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်နှင့် ဇနီးတို့ ကိုရီးယားသမ္မတနိုင်ငံ (၅၈)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ်ညှော်ခံပွဲသို့ တက်ရောက်လာရာ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr.Lee Kyung Wooနှင့် ဇနီးတို့က ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ကုလသမဂ္ဂ ကလေးများ ရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Ms. Carroll C. Longဝန်ကြီး၏ ဧည့်ခန်းမတွင် လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)



နေသာချိန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေသာချိန်ရှိပြီး မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီအုပ်စု လီမိတက် (National Development Co., Group Ltd.)

အစုရှယ်ယာများ စတင်ရောင်းချခြင်း နှင့် အစုပေါ်အမြတ်ငွေ ထုတ်ပေးခြင်း

National Development Co., Group Ltd.(NDCG) အများပိုင် ကုမ္ပဏီကြီးသည် ဆောက်လုပ်ရေးလုပ်ငန်းရှင်များ၊ စက်မှုလက်မှုလုပ်ငန်းရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ နှင့် အများပြည်သူများပါဝင်ဖွဲ့စည်းထားသော အများပိုင်ကုမ္ပဏီကြီး တစ်ခုဖြစ်ပြီး ဆောက်လုပ်ရေးဆိုင်ရာပစ္စည်းများ ဖြန့်ဖြူးရေးလုပ်ငန်း၊ စက်မှုလုပ်ငန်းများစက်မှုဆိုင်ရာစက်ရုံလုပ်ငန်းများ နှင့် အိမ်ရာဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများကို စီမံချက်များချမှတ်ဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အများပိုင်ကုမ္ပဏီဖြစ်သည့်အားလျော်စွာ အများပြည်သူများအနေဖြင့် (NDCG) သို့ ပါဝင်ခွင့်ရရှိနိုင်ရန် သင်းဖွဲ့စည်းမျဉ်းအပိုဒ်(၆ ၊ ၁၂ ၊ ၁၃)အရအစုရှယ်ယာတစ်စုလျှင်မူလအစုတန်ဖိုး (၁၀၀၀၀ိ/–) နှင့် ပရီမီယံ(၄၀၀၀ိ/–)အပါအဝင် ကျပ်(၁၄၀၀၀)နှုန်းဖြင့် (၃၀.၈.၂၀၀၃)နေ့အထိ <u>အများပြည်သူများသို့ ရောင်းချပေးနေပြီဖြစ်ကြောင်း</u> နှင့် အစုပေါ်အမြတ် ငွေထုတ်ယူရန်ကျန်ရှိသူများအနေဖြင့်လည်း လာရောက်ထုတ်ယူကြပါရန် အသိပေးကြေညာအပ်ပါသည်။

<u>ရှယ်ယာဝယ်ယူလိုသူများနိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းနှင့် အထူးမိတ္တူတစ်စောင် ၊ ဓာတ်ပုံ၂ပုံယူဆောင်လာပါရန်။</u>

အမှတ်(၃/က)သံသုမာလမ်းနှင့် သုဝဏ္ဏလမ်းဆုံ၊သင်္ဃန်းကျွန်း။ဖုန်း –၅၆၀၄၅၀ ၊၅၆၀၄၈၆ ဒါရိုက်တာများအဖွဲ့ (NDCG)

လွန်ခဲ့သော ဇွန်လခန့်တွင် ရန်ကုန်မြို့ရှိ အမျိုးသားဇာတ်ရုံ၌ မြန်မာ့ဆိုင်းအဖွဲ့တစ်ဖွဲ့နှင့် တွဲဖက်တီးမှုတ်ဖျော်ဖြေခဲ့သည့် ဂျပန်ဖန်တက်စီသံစုံတီးဝိုင်းမှ ဂျပန်ဂီတပညာရှင်တစ်ဦးက မြန်မာ့ဆိုင်းဝိုင်းကြီးသည် အမြင်အားဖြင့် ဘုရားကျောင်းကဲ့သို့ လှပခမ်းနား၍ ပါဝင်သောတူရိယာများမှ ဆန်းပြားပြီးလျှင် ထွက်ပေါ်သော တူရိယာဂီတသံများမှာလည်း ထူးခြားလှကြောင်းပြောကြားသွားပါသည်။

မြန်မာနိုင်ငံတွင်သာ ထွန်းကား

မြန်မာ့ဆိုင်းဝိုင်းတွင် အဓိကပါဝင်သောတူရိယာများမှာ ပတ်ဝိုင်း (ဆိုင်းဝိုင်း) ပင်ဖြစ်၍ ပတ်လုံးခေါ် ဗုံအရွယ်အမျိုးမျိုးကို ဂီတသံစဉ် ဂီတတေးသွားဖြစ်ပေါ်စေသည့် တူရိယာသည် ကမ္ဘာပေါ်ရှိ အခြားသောနိုင်ငံများ၌ လုံးဝမရှိဘဲ မြန်မာ့နိုင်ငံ၌သာလျှင် ထွန်းကားလေသည်။

ဆိုင်းဝိုင်းဟူသော ဝေါဟာရတွင် **ဆိုင်း**မှာ ဆွဲဆိုင်းထားခြင်း၊ ချိတ်ဆွဲထားခြင်းဖြစ်၍ **ဝိုင်း**မှာ အဝန်းအဝိုင်း၊ အစုအဖွဲ့ပင်ဖြစ်သဖြင့် ဝန်းဝိုင်းဆွဲဆိုင်းထားသောပတ်များ၊ ကြေးများ၊ မောင်းများစသည့် တူရိယာများဟု အဓိပ္ပာယ်သက်ရောက်ပေသည်။

ပျူနှင့် ပုဂံခေတ်၌ ပေါ်ပေါက်

မျက်မှောက်ခေတ် ဆိုင်းဝိုင်းတွင် ပါဝင်ဖွဲ့စည်းထားသည့် ကြေး၊ သားရေ၊ လေ၊ လက်ခုပ် တူရိယာများသည် ပျူခေတ်နှင့် ပုဂံခေတ်များ၌ပင် ပေါ်ပေါက်ခဲ့ပြီးဖြစ်၏။ ပျူခေတ်တွင် သတ္တု၊ သစ်ဝါး၊ ခရုသင်း၊ ကနုကမာ၊ ကြိုး၊ သားရေ၊ ဘူးခြောက်၊ ဆင်စွယ်နှင့် ဦးချို စသည့်ပစ္စည်းများဖြင့်ပြုလုပ်ထားသည့် တူရိယာပစ္စည်း ၂၄ မျိုး ထွန်းကားခဲ့ကြောင်း သမိုင်းမှတ်တမ်းများ၌ တွေ့ရှိရသည်။

ပုဂံခေတ်နှင့် အင်းဝခေတ်များ၌ ခရုသင်း၊ ခရာ၊ တံပိုး၊ ပလွေ၊ ချည်ချောင်း၊ ဒုံမင်း၊ သံကောက်၊ ခရာကောက်၊ တံရှည်၊ တံမြှော၊ သနဲ၊ နှဲ၊ ဖက်လိပ်၊ သပြေသာ၊ ထုလောင် စသော လေမှုတ်တူရိယာများ၊ ခေါင်းလောင်း၊ ခြူ၊ ချပ်၊ ခွက်ခွင်း၊ စည်းဆုပ်၊ ဆည်းလည်း၊ နရည်းစရာ၊ နဂါးကြည်း၊ နှောင်းနင်း၊ သံလွင်၊ လင်းကွင်း စသော ကြေးတူရိယာများနှင့် စည်၊ စည်ကြီး၊ ပဟိုရ်၊ ပတ်သာ၊ စည်ပတ်၊ စည်ပန်းတောင်း၊ မုရိုးစည်၊ စည်အိမ့်ရှင်း၊ မြှောက်စည်၊ စည်ဗြော၊ စည်ပတ်၊ စည်သေး၊ စည်ဝန်း၊ သံလွင်စည်၊ ဒုံမင်းစည် စသော တူရိယာများထွန်းကားခဲ့သည်။

သားရေတူရိယာ

အချို့ပညာရှင်များက ပုဂံခေတ်၌ပင် စတင်ပေါ်ပေါက်သော ပသာမှာ ပ+သာ(ပသာ) ဟုရေး၍ လေမှုတ်တူရိယာတစ်မျိုးဖြစ်ပြီး အင်းဝခေတ်တွင်မှ ပတ်+သာ (ပတ်သာ) ဟု ရေးသားပြီးလျှင် သားရေတူရိယာဖြစ်သော စည်ငယ်၊ ပတ်ငယ်၊ ဗုံငယ် ဖြစ်လာသည်ဟု ယူဆကြသည်။ သို့သော် ဆက်လက်တင်ပြမည့် အထောက်အထားများအရ ပုဂံနှင့် အင်းဝခေတ် နှစ်ရပ်စလုံး၌ ထွန်းကားသော ပတ်သာ (ပတ်သာ)မှာ လေတူရိယာတစ်မျိုး မဟုတ်မူဘဲ သားရေတူရိယာသာ ဖြစ်ဟန်တူသည်။

ပုဂံခေတ်တွင် ပတ်သာနှင့် ခေတ်ပြိုင် ပေါ်ပေါက်သောတူရိယာတစ်ခုမှာ နရည်းစရာဖြစ်ရာ ကြေးနှောင်၊ ကြေးခွက် ကိုးချပ်မျှစီတန်းလျက် ပါဝင်ဟန်ရှိ၏။ ပုဂံခေတ် နရည်းစရာ တီးဝိုင်းသည် နှောင်းခေတ်၌ နရည်းဝိုင်းဖြစ်လာဟန်တူ၍ ထိုစဉ်က တွဲဖက်အသုံးပြုသောစည်ဆိုသည်မှာ စည်ကြီးဖြစ်ဟန်မတူဘဲ နရည်းစရာသံ(ကြေးသံ)နှင့် လိုက်ဖက်ညီသောစည်ငယ်၊ ပတ်ငယ်၊ ဗုံငယ် ကဲ့သို့သော တူရိယာသာ ဖြစ်ပေမည်။

မြန်မာ့ဆိုင်းဝိုင်းကြီး

ပတ်သာ၌ **ပတ်**မှာ ဗတ်ဟူသော မွန်စကားမှလာ၍ ဂီတသံ ထွက်ပေါ်စေသော တူရိယာပစ္စည်းနှင့် **သာ**မှာ သာယာသော ဂီတသံပင်ဖြစ်၏။

အဓိကတေးသွားဖော်ကျူး

ထို့ကြောင့် ပတ်သာမှာ သာယာသောဂီတအသံထွက်၍ လုံးချင်းသာလျှင် တီးခတ်ရသည့် ဗုံငယ်ပင်ဖြစ်ရာသည်။ နှောင်းသော် ပတ်သာ(ဗုံ)၏ အရေအတွက်နှင့် နရည်းစရာပါ ကြေးနှောင်၏ အရေအတွက်များကို ချဲ့ထွင်ပွားများစေလျက် ဝန်းဝိုင်းဆွဲဆိုင်းစီစဉ်ပြီးလျှင် မာ၍ အသံတိုသော ပတ်ဝိုင်း(ဆိုင်းဝိုင်း)နှင့် ကြေးဝိုင်းများကို အဓိကတေးသွား (Melody)ကို ဖော်ကျူးရာတွင် အဖော်တူရိယာအဖြစ် ပျော့၍ အသံရှည်သော ယခင်ခရာအစား နှဲကိုဖြည့်စွက်ပေါင်းစပ်သည်မှ ပတ်ဆိုင်း၊ ပတ်ဝိုင်း နှောင်အခါဆိုင်းဝိုင်း ဖြစ်ပေါ်လာသည်ဟု ဆရာကြီး ဦးဖိုးလတ်က မြန်မာစကားအဖွင့်ကျမ်း ဖြည့်စွက်တွဲ၍ ရေးသားဖော်ပြထားချက်မှာ လွန်စွာသင့်လျော်ကြောင်း လေ့လာတွေ့ရှိရပေသည်။

ဦးရဲမွေး (အမြင့်သဘင်)

ဓာတ်ပုံမှတ်တမ်း – သွင်အေး(ကြေးမုံ)

ထို့ကြောင့် ရှေးဦးစွာ ပုဂံခေတ်၌ နရည်း၊ ခရာ၊ ကြေးနှောင်များနှင့် စည်ငယ်၊ ပတ်ငယ်၊ ဗုံငယ်များကို ခရာနှင့်တွဲဖက် တီးမှုတ်ရာမှ အင်းဝခေတ်၌ ကြေးများ၊ ပတ်များ တိုးချဲ့ပွားများစေလျက် ယခင်ခရာအစား နှဲကိုအစားထိုးဖြည့်စွက်ပြီးလျှင် တောင်ငူခေတ်၌ ပတ်ဆိုင်း၊ ပတ်ဝိုင်းဟု ပိုမိုစုံလင် ပီပြင်လာသည်ဟု အကြမ်းအားဖြင့် ဖော်ပြရပေမည်။

အစောဆုံးတွေ့ရှိ

သက္ကရာဇ် ၉၈၅(အေဒီ–၁၅၄၄) ခုနှစ်ခန့်တွင် တောင်ငူဘုရင် မင်းတရားရွှေထီးနှင့် ဘုရင့်နောင် ကျော်ထင်နော်ရထာတို့ စလင်းမြို့ကို ဝန်းရံတိုက်ခိုက်ရာတွင် မြို့တွင်းရှိ ရွှေတန်ဆာဘုရား ရင်ပြင်တော်မှ တူရိယာ တီးမှုတ်သံများမှာ ပတ်ဆိုင်းတီးမှုတ်သံများဖြစ်ကြောင်း သိရှိလျှင် တောင်ငူဘုရင်က စလင်းမြို့ကို အောင်တော်မူလျှင် ပတ်ဆိုင်းတီးသူများကို လက်ခြေမလွန်စေနှင့်ဟု အမိန့်ချမှတ်တော်မူသည်ဟူသော သမိုင်းမှတ်တမ်းအရ ပတ်ဆိုင်းဆိုသော ခေါ်ဆိုသုံးနှုန်းမှုကို အစောဆုံး တွေ့ရှိရသည်။

ရှေးယခင်က ၁၅ လုံးခန့်၊ ယခုအခါ ၂၁ လုံးခန့်သော ပတ်လုံးတို့ကိုဝန်းဝိုင်းဆွဲဆိုင်းထားသော မြန်မာ့တူရိယာကြီးကို ယခုအခါ ဆိုင်း၊ ဆိုင်းဝိုင်း၊ ပတ်ဆိုင်းဟု အခေါ်များလျက်ရှိသော်လည်း ရှေးက ပတ်၊ ပတ်ဆိုင်း၊ ပတ်ဝိုင်း ဟု အရေးအသား အခေါ်များခဲ့ကြောင်း တွေ့ရှိရသည်။

ပတ်ဆိုင်း၊ ပတ်ဝိုင်းဟုခေါ်ဆို

ထို့ပြင်ပတ်ဆိုင်းကို ပတ်–ပတ်သာ ဟုလည်း ခေါ်ဆိုခဲ့ဟန်ရှိ၏။ မဟာရာဇဝင်တော်ကြီး ဒုတိယတွဲ၌ ဟံသာဝတီဆင်ဖြူရှင်မင်းတရား အာယုဒ္ဓယမြို့ကို တိုက်ခိုက်အောင်မြင်သောအခါ ရဲမက်အပေါင်းတို့သည် **"အောင်မြင်သည့်နေ့မှစ၍ ဝမ်းမြောက်ဝမ်းသာ ရွှင်လန်းစွာ အထပ်ထပ် တိုက်စည် တိုက်မောင်း၊ နှဲ**

> **ပတ်လုံးခေါ် ဗုံအရွယ်အမျိုးမျိုးတို့ကို တီးခတ်ခြင်းဖြင့် ဂီတသံစဉ် ဂီတတေးသွားဖြစ်ပေါ်စေသည့် မြန်မာ့ဆိုင်းဝိုင်းကြီး။**
>
> ဓာတ်ပုံမှတ်တမ်း–သွင်အေး(ကြေးမုံ)

ခရာ၊ ပတ်သာ တီးမှုတ်၍ ပွဲလမ်းခံကုန်သည်" ဟုလည်းကောင်း၊ သီဟိုဠ်မှ စွယ်တော်ကြိုဆိုပင့်ဆောင်သည့် အခမ်းအနားတွင် **"နရည်းစရာ၊ ပတ်သာ စောင်းငြင်းတီးမှုတ်၍"** ဟုလည်းကောင်း မှတ်တမ်းများကို ထောက်သော် ထိုစဉ်က ပတ်သာမှာ တစ်ခုတည်း၊ တစ်လုံးတည်း တီးခတ်ရသည့် တူရိယာတစ်မျိုးအပြင် ပတ်ဆိုင်း၊ ပတ်ဝိုင်းဟုလည်း ခေါ်ဆိုခဲ့ခြင်းဖြစ်တန်ရာသည်။

ဆိုင်းပညာရှင်

သက္ကရာဇ် ၉၇၂ ခုနှစ်တွင် ထိုစဉ်ကအနောက်ဘက်လွန် (စကု)မင်းတောင်ငူကို အောင်မြင်သောအခါ ရှုံးနိမ့်သူ အစ်ကို တောင်ငူဘုရင်က "ငါ့ညီတော်ကို ပေးဖွယ်ကမ်းဖွယ်တို့ကို ပေးပါချင်သည်"ဟု ပြောကြားသည်။ ထိုစကုမင်းက "စောင်းတတ်၊ ငြင်းတတ်၊ ပတ်တတ်တို့ကို ပေးတော်မူပါလော့"ဟု မိန့်တော်မူသည်။ ဤတွင် ပတ်တတ်ဆိုသည်မှာ စောင်းတတ်၊ ငြင်းတတ် ဆိုသကဲ့သို့ ပတ်ဆိုင်း၊ ပတ်ဝိုင်း တီးတတ်သူ ယခုခေတ်အခေါ်အားဖြင့် ဆိုင်းပညာရှင်တို့သာ ဖြစ်ရပေမည်။

ညောင်ရမ်းခေတ် ဝန်ကြီးပဒေသရာဇာ ရေးဖွဲ့သော သူဇာပျို့၌ **"ပတ်သာကခြေ၊ ထွေထွေပွဲလမ်း၊ ပည်းဖြင် မွန်းတီ"**ဟု ဖော်ပြပါရှိ၏။ ကုန်းဘောင်ခေတ် စာဆိုမဟာစည်သူ ရေးဖွဲ့သော ဝေဿန္တရာပျို့၌လည်း **"ဗုံတောင်, နှင်းနှောင်း၊ စည်ပန်းတောင်းက၊ တီးမောင်းသံရှည်၊ စည်ပတ္တလား၊ ပတ်သာများလည်း၊ မိုးဖျားအသံ ဝှန်စေတုံ"**ဟု ဖော်ပြပါရှိသဖြင့် ပတ်၊ ပတ်သာ၊ ပတ်ဆိုင်း၊ ပတ်ဝိုင်း သုံးနှုန်းမှုများကို ကုန်းဘောင်ခေတ်တိုင်အောင် တွေ့ရှိရသည်။

ထို့ပြင်တစ်ဝ အိနောင်နန်းတွင်း ဇာတ်တော်ကြီး၏ ဇာတ်ညွှန်းများ၌လည်း **"ပတ်နှဲများက၊ နူးညံ့သာယာစွာတီး"**ဟု လည်းကောင်း၊ **"ပတ်နှဲများက တျာသံခံ၍ တီး"**ဟု လည်းကောင်း၊ **"ညံ့ညံ့သက်သက် နှဲပတ်သာတီး"**ဟု လည်းကောင်း ရေးသားချက်များ၌ ပတ်ဆိုင်း၊ ပတ်ဝိုင်းများပင် ဖြစ်ကြသည်မှာ ယုံမှားသံသယ မရှိနိုင်တော့ပေ။

ဆိုင်းဝိုင်းဟူသော ဝေါဟာရကို ကုန်းဘောင်ခေတ် မုံရွေးဆရာတော် စပ်ဆိုတော်မူသော ကုသပျို့၌ **"ဒွါဒရာနှင့်၊ ကညာတမျှ၊ အကနန်းစဉ်၊ ဆိုင်းဝိုင်းယှဉ်၍၊ ပဉ္စင်တူရိ၊ သံပြိုင်ညီသား"**ဟူသော စပ်အင်၌ စတင်တွေ့ရှိရခြင်း ဖြစ်ပေသည်။

စုံလင်စွာတိုးတက်

မြန်မာ့ဆိုင်းဝိုင်းကြီးသည် သာယာဝတီမင်းလက်ထက် (၁၈၃၇–၄၆)၌ အမြင်အရ၊ တူရိယာများ ပါဝင်ဖွဲ့စည်းမှုအရ ထွက်ပေါ်သော တူရိယာ ဂီတသံများအရ ပိုမိုစုံလင်ပီပြင်စွာ တိုးတက်ပြောင်းလာသည်ဟု ဆိုရပေမည်။

သာယာဝတီမင်းက ရွှေနှင့် ကျောက်သံပတ္တမြားတို့ဖြင့်ပြီးသော ရွှေဆိုင်းတော်ကြီးကို ပြုလုပ်စေရာတွင် မြဝတီမင်းကြီးဦးစကလည်း ရွှေဆိုင်းတော်ကြီးအား ဂုဏ်ပြုသည့် **ခွာပြာသင်း** ပတ်ပျိုးသီချင်းကို ဖွဲ့ဆိုခဲ့သည်။

ယခုအခါ သဘင်အစည်းအရုံးဝင် လူကြီးလူငယ် မြန်မာ့ဆိုင်းပညာရှင်များသည် တစ်ဖက်တွင် ဝမ်းရေးအရ ခေတ်ပေါ်တေးသီချင်းများကို တီးမှုတ်ဖျော်ဖြေလျက်ရှိကြသော်လည်း အခြားတစ်ဖက်တွင်လည်း မြန်မာပီသသည့် မဟာဂီတကို ချစ်မြတ်နိုးစွာ လေ့လာသင်ကြားရင်း မင်္ဂလာဆိုင်း(ဗလာဆိုင်း) ပညာ၊ ဇာတ်ရုပ်သေး ပွဲ့ပိုးတီးမှုတ်သည့် ဆိုင်းပညာနှင့် အငြိမ့်ဆိုင်းပညာ စသည်တို့ကို လေ့လာသင်ကြား ထိန်းသိမ်းလျက်ပင်ရှိသေးကြောင်း မြန်မာ့ယဉ်ကျေးမှုမြတ်နိုးသူအပေါင်းအား သတင်းကောင်းပါးလိုက်ရပါသည်။ ။

ရန်ကုန်တောင်ပိုင်းခရိုင် မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ် လှုပ်ရှားမှု ဟောပြောပွဲကို ဩဂုတ် ၁ရက်က သန်လျင်မြို့ ရှင်စောပုခန်းမ၌ပြုလုပ်ရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး စိန်လှိုင် အမှာစကား ပြောကြားစဉ်။ (၂၅၇)

မင်းလှမြို့နယ် မယ်ဇလီတောကျေးရွာ အလှူရှင် စက်ရေတွင်းဖွင့်ပွဲ ကျင်းပ

မင်းလှ ဩဂုတ် ၇

မကွေးတိုင်း မင်းလှမြို့နယ် ပန်းတော်ပြင်ကျေးရွာအုပ်စု မယ်ဇလီတောကျေးရွာ၌ အလှူရှင် ဦးချန်ထွန်းနှင့်ဇနီး ဒေါ်လှဝင်းမိသားစုက လှူဒါန်းသည့်အလှူရှင် စက်ရေတွင်း ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၂၅ ရက် နံနက် ၉ နာရီက မယ်ဇလီတောကျေးရွာ စက်ရေတွင်း မုခ်ဦးရှေ့၌ ကျင်းပသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ မင်းလှမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသိန်းနိုင်က စက်ရေတွင်းနှင့် ပတ်သက်သည့် အချက်အလက်များကို ရှင်းလင်းတင်ပြပြီး မယ်ဇလီတောကျေးရွာ စက်ရေတွင်း ကော်မတီဝင် ဦးစိန်ဝင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် မင်းလှမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးကျော်ဝင်းနှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါ်ခင်စန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ရေဂါလန် ၁၀၀၀

အဆိုပါ စက်ရေတွင်းမှာ အနက်ပေ ၁၁၀ ရှိပြီး တစ်နာရီ ရေဂါလန် ၁၀၀၀ ထွက်ရှိကာ အလှူရှင် ထည့်ဝင်ငွေကျပ် ၂၅၀၀၀၀နှင့် နိုင်ငံတော် ထောက်ပံ့ငွေ ကျပ် ၃၀၀၀၀၀ စုစုပေါင်း ကျပ် ၅၅၀၀၀၀ ကုန်ကျသည်။

မယ်ဇလီတောကျေးရွာရှိ အိမ်ခြေ၁၈၁အိမ်၊ လူဦးရေ ၈၇၂ဦး အတွက် သောက်သုံးရေများ ဖူလုံစွာရရှိ၍ ကျေးရွာသူကျေးရွာသားများ ပျော်ရွှင်လျက်ရှိကြောင်းသိရသည်။**(၂၁၅)**

ငှက်ဖျားရောဂါ ကာကွယ်နှိမ်နင်းရေး နတ်မောက်မြို့နယ်တွင် ဆောင်ရွက်

နတ်မောက် ဩဂုတ် ၂

မကွေးတိုင်း နတ်မောက်မြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသော စတုတ္ထအကြိမ် အမျိုးသားအဆင့် ငှက်ဖျားရောဂါ ကာကွယ်နှိမ်နင်းရေး လှုပ်ရှားမှု ရက်သတ္တပတ် လုပ်ငန်းဆောင်ရွက်မှုများကို ဇူလိုင် ၅ ရက်မှ ၁၁ ရက်အထိ နတ်မောက်မြို့နယ် အတွင်းရှိ ကျေးလက်ကျန်းမာရေးဌာနခုနစ်ခုတွင် တစ်ပြေးညီဆောင်ရွက်ကြသည်။

ဇူလိုင် ၁၁ ရက် နံနက်ပိုင်းက မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာမျိုးခင်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေး အဖွဲ့မှ အမှုဆောင်အရာရှိ ဦးခင်မောင်ထွေးနှင့် ဝန်ထမ်းများနှင့်အတူ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဝင်များ၊ ကြက်ခြေနီ၊ မီးသတ်တပ်ဖွဲ့ဝင်များလိုက်ပါ၍ မြို့ပေါ်ရပ်ကွက် ခုနစ်ခုတို့၌ ခြင်နှိမ်နင်းရေး လုပ်ငန်းများဖြစ်သည့် ဖုံး၊ သွန်၊ လဲ၊ စစ်ဆောင်ရွက်ခြင်း၊ လောက်လမ်းစားငါးမွေးစေခြင်း၊ ရေစီးရေလာ ကောင်းမွန်ရန် ရေနုတ်မြောင်းများ တူးဖော်ခြင်းနှင့် ကျန်းမာရေး ပညာပေး စည်းရုံးဆောင်ရွက်မှုများကို ပြုလုပ်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ) (မြို့နယ်ပြန်/ဆက်)

မြို့နယ်သတင်းများ

မျိုးဆက်ပွား ကျန်းမာရေး ပညာပေးဟောပြော

သီပေါ ဩဂုတ် ၇

သီပေါမြို့နယ်ရဲတပ်ဖွဲ့မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲမှ ကြီးမှူးကျင်းပသော မျိုးဆက်ပွားကျန်းမာရေး ပညာပေးဟောပြောပွဲကို ဩဂုတ် ၃ရက်က မြို့နယ်ရဲတပ်ဖွဲ့မှူး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဌေးဌေးရှိန်က အမှာစကားပြောကြားပြီး အသင်း အမှုဆောင်များ ဖြစ်ကြသော ဒေါ်မြင့်မြင့်သိန်း၊ ဒေါ်သန်းသန်းလွင်၊ ဒေါ်ခင်သန်းဝင်းနှင့် အသင်းဒုဥက္ကဋ္ဌ ဒေါ်ကြင်မီတို့က ဟောပြောဆွေးနွေးကြရာ မိခင်နှင့်ကလေးအသင်းခွဲဥက္ကဋ္ဌ ဒေါ်နွဲ့နွဲ့ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ **(၂၄၇)**

မအူပင်ခရိုင် မအူပင်မြို့နယ် ရဲတပ်ဖွဲ့စခန်းရှိ တပ်ဖွဲ့ဝင်မိသားစုများအား ပညာသင်စရိတ်နှင့်အခြားထောက်ပံ့ပစ္စည်းများပေးအပ်ပွဲကို ဇူလိုင် ၂၇ရက်တွင် မအူပင်စခန်း၌ ကျင်းပရာတပ်ဖွဲ့ဝင်မိသားစု၇၁ဦးတို့အတွက် ထောက်ပံ့ပစ္စည်းများကို စခန်းမှူး၏ ဇနီး ဒေါ်လှဲ့လှဲ့မြင့်က ပေးအပ်စဉ်။ (၃၅၉)

မကွေး စစ်မှုထမ်းဟောင်း ပညာသင်စရိတ် ပေးအပ်

မကွေး ဩဂုတ် ၃

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ မကွေးမြို့နယ် စည်းရုံးရေးကော်မတီ၏ ၂၀၀၃-၂၀၀၄ ပညာသင်နှစ် စစ်မှုထမ်းဟောင်း သားသမီးများ ပညာသင်စရိတ် ထောက်ပံ့ငွေ ပေးအပ်ပွဲအခမ်းအနားကို ဇူလိုင် ၂၇ ရက် နံနက်က မကွေးမြို့ စစ်မှုထမ်းဟောင်း သင်တန်းကျောင်း ခန်းမ၌ ကျင်းပရာ မြို့နယ်စစ်မှုထမ်းဟောင်း စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးကြည်သန်း(ငြိမ်း)နှင့် တာဝန်ရှိသူများက စစ်မှုထမ်းဟောင်းအဖွဲ့ဝင် သားသမီး ၃၇၈ ဦးတို့အား ပညာသင်စရိတ် ထောက်ပံ့ငွေ ကျပ် ၁၉၆၂၃၀ကို ပေးအပ်ခဲ့သည်။ **(၂၀၄)**

သားငါးဖွံ့ဖြိုးရေး ရွှေတောင်၌ ဆောင်ရွက် ရေဝတီမြစ်အတွင်းသို့ ငါးမျိုးစိုက်ထည့်

ရွှေတောင် ဩဂုတ် ၁

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် ငါးလုပ်ငန်းဦးစီးဌာန၏ သားငါးဖွံ့ဖြိုးရေးအတွက် ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ဇူလိုင် ၁၉ ရက် နံနက်က ပြည်ခရိုင် ရွှေတောင်မြို့နယ် ရေဝတီမြစ်အတွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ခရိုင် ငါးလုပ်ငန်းဦးစီးမှူး ဦးစိုးမြင့်၊ လှော်ကားငါးလုပ်ငန်းစခန်းမှ ဦးစီးအရာရှိ ဦးသိန်းထွန်းနှင့် ဝန်ထမ်းများ၊ ရွှေတောင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ ဝန်ထမ်းများ၊ သက်ဆိုင်ရာ ကျေးရွာအုပ်စုအဖွဲ့ဝင်များက လှော်ကားငါးလုပ်ငန်းစခန်းမှ ငါးမြစ်ချင်းသားပေါက် သိန်း၁၀၀ကို ရွှေတောင်မြို့နယ် ကျီးသဲ၊ မင်းတဲကျွန်း၊ထန်းလုံးချောင်းနှင့် မြို့မကျေးရွာအုပ်စုများရှိ ရေဝတီမြစ်အတွင်းသို့ ငါးမျိုးစိုက်ထည့် လွှတ်ပေးကြသည်။ (၁၄၃)

ဟင်္သာတမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ လက်ထောက်အင်ဂျင်နီယာ ဦးအောင်ကျော်မိုးနှင့် ဝန်ထမ်းများ ဩဂုတ် ၇ ရက်က တာကလေးရပ်ကွက် ကျောက်တော်ကြီးဘုရားအနီး မြို့ပင်မ ရေနုတ်မြောင်း ရေစီးရေလာကောင်းမွန်စေရေးအတွက် မြောင်းဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ရေစီးရေလာကောင်းမွန်ရေး စစ်တွေမြို့၌ ဆောင်ရွက်

စစ်တွေ ဩဂုတ် ၉

စစ်တွေမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မိုးရာသီအတွင်း စစ်တွေမြို့အတွင်း ရေစီးရေလာကောင်းမွန်ရေးအတွက် အုတ်ရေမြောင်းအသစ်များ ပြုလုပ်ခြင်း၊ ရေမြောင်းအတွင်းရှိ အမှိုက်နှင့်အညစ်အကြေးများ ဆယ်ယူခြင်းတို့ကို ရပ်ကွက် လူထုဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ရပ်ကွက်များအတွင်း ဇူလိုင် ၁ ရက်မှ ဩဂုတ် ၄ ရက်အထိ အုတ်ရေမြောင်း ၅၃၂၀၄ ပေ ဆောင်ရွက်နိုင်ခဲ့ပြီး ကျန်ရှိနေသော ရပ်ကွက်များအတွင်း ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ မြို့နယ်မြေစာရင်းတို့မှ တာဝန်ရှိသူများနှင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးမြဦးနှင့် အင်ဂျင်နီယာမှူး ဦးအောင်သန်းတို့ ဩဂုတ် ၄ ရက်က ကွင်းဆင်းတိုင်းတာ ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။ **(အပေါ်ပုံ)** **(၂၆၄)**

မိုးညှင်း အထက(၁) သစ်ပင်စုပေါင်းစိုက်ပျိုး

မိုးညှင်း ဩဂုတ် ၄

ကျောင်းနှင့်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနေ့ အထိမ်းအမှတ်အဖြစ် မိုးညှင်းမြို့ အထက(၁)မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ရီလေးခိုင်နှင့် ဆရာ၊ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်းအင်အား ၂၀၀၀ ကျော်သည် ဇူလိုင် ၂၇ ရက် နံနက် ၇ နာရီမှ ၉ နာရီထိ ကျောင်းဝင်းအတွင်းနှင့် ကျောင်းပြင်ပ လမ်းဝဲ-ယာများတွင် မြက်ပင်၊ ချုံပင်များကို ခုတ်ထွင်ရှင်းလင်းကြပြီး အရိပ်ရပင်နှင့် ပန်းအလှပင်များကို စိုက်ပျိုးကြသည်။ **(၄၇၉)**

(၉)နှစ်ပြည့် ...

သမီး "...ပြည့်" (Primary-I A)(L.L.B.C) II(B)...

[illegible]

Pre I (L.L.B.C)

ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
သတင်းကြေညာချက်
ရန်ကုန်မြို့၊ ၁၃၆၅ခုနှစ်၊ နယုန်လပြည့်ကျော် ၅ရက်
(၂၀၀၃ခုနှစ်၊ ဇွန်လ ၁၉ရက်)

[illegible]

သင်္ချိုင်းနိုက်ထည့်ဆိုလျှင်

နတ်သစ်ပင်

☎: 248957 ...

ရွှေတိုးလဲလျှောက် – အကြွေးလဲလျှောက်

ရွှေမိမာန်

[illegible]

[illegible]

မော်တော်ယာဉ်လေလံတင်ရောင်းချရန်

၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနတွင် အသုံးမလိုတော့သော လေးဘီးမာဇဒါဘီ ၆၀၀(ပစ်ကပ်)တစ်စီးအား မျက်မြင်အခြေအနေအတိုင်း ၂၈–၈–၂၀၀၃နေ့တွင် လေလံတင်ရောင်းချမည်။

၂။ လေလံစည်းကမ်းချက်တစ်စောင်လျှင် (၁၀၀၀ိ/–)နှုန်းဖြင့် အောက်ပါလိပ်စာတွင် ၂၀–၈–၂၀၀၃နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။ အောက်ပါလိပ်စာနှင့် ဖုန်းနံပါတ်အတိုင်း စုံစမ်းနိုင်ပါသည်။

လေလံတင်ရောင်းချရေးအဖွဲ့
ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန
ဝန်ကြီးများရုံး၊ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့။
ဖုန်း–၂၄၈၀၆၉၊ ၂၅၂၀၉၂၊ ၂၅၂၀၉၄၊ ၅၆၅၉၇၅။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီ
ကျောက်မျက်ရတနာသတ်မှတ်နှင့်ဖော်ထုတ်လုပ်ကွက်အဆိုပြုလွှာများတင်သွင်းရန်
ကြေညာချက်(၄/၂၀၀၃)
ရန်ကုန်မြို့၊ ၁၃၆၅ခုနှစ်၊ ဝါခေါင်လပြည့်ကျော်(၁)ရက်
(၂၀၀၃ခုနှစ်၊ ဩဂုတ်လ ၁၃ ရက်)

၁။ ကျောက်မျက်ရတနာနယ်မြေများတွင် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ခွင့်ပြုမိန့်များရယူ၍ တူးဖော်ထုတ်လုပ်နေသည့် ကျောက်စိမ်း၊ ကျောက်မျက်လုပ်ကွက်များအနက်မှ ၂၀၀၃ခုနှစ် အောက်တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာလများအတွင်း သက်တမ်းကုန်ဆုံးမည့် သတ်မှတ်လုပ်ကွက်များနှင့် ဖော်ထုတ်လုပ်ကွက်များ၊ လစ်လပ်သတ်မှတ်လုပ်ကွက်များနှင့် လစ်လပ်ဖော်ထုတ်လုပ်ကွက်များကို မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ–၁၂၊ ပုဒ်မ–၁၃၊ ပုဒ်မ–၁၅တို့နှင့်အညီ နိုင်ငံသားပုဂ္ဂလိက၊ ကုမ္ပဏီ၊ အသင်းများအား ဈေးပြိုင်စနစ်ဖြင့် တူးဖော်ထုတ်လုပ်ရန် ခွင့်ပြုမိန့်များ ထုတ်ပေးရေး ဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ ကျောက်မျက်ရတနာလုပ်ကွက်များအား ဈေးပြိုင်စနစ်ဖြင့် ချိပ်ပိတ်အဆိုပြုလွှာများတင်သွင်းရာတွင် အဆိုပြုလွှာတစ်စောင် (လုပ်ကွက်တစ်ကွက်)အတွက် အာမခံစပေါ်ငွေ (DEPOSIT)ကျပ်တစ်သိန်းပေးသွင်းရပါမည်။ အာမခံစပေါ်ငွေများအား ခွင့်ပြုမိန့်ထုတ်ပေးမည့်လုပ်ကွက်အတွက် အဆိုပြုငွေများ ပေးသွင်းရာတွင် အဆိုပြုငွေမှ ခုနှိမ်ပေးသွင်းခြင်း/ခွင့်ပြုမိန့်မရသူများအား ပြန်လည်ထုတ်ပေးခြင်းစသည်တို့အား ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီမှ သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာလုပ်ငန်းရှင်များနှင့် ညှိနှိုင်းဆောင်ရွက်မည်ဖြစ်ပါသည်။

၃။ ကျောက်မျက်ရတနာတူးဖော်လုပ်ကိုင်လိုသည့် ကုမ္ပဏီများသည် သင်းဖွဲ့မှတ်တမ်းအရလည်းကောင်း၊ သမဝါယမအသင်းများသည် အသင်းစည်းကမ်းအရလည်းကောင်း၊ ကျောက်မျက်ရတနာတူးဖော်ခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိရမည့်အပြင် ကုမ္ပဏီ၊ အသင်းသည် ရန်ကုန်မြို့၌ ရှိရပါမည်။ ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိရန် လျှောက်ထားဆဲဖြစ်ပါက သက်ဆိုင်ရာအထောက်အထား၊ စာရွက်စာတမ်းများ တင်ပြလျှောက်ထားနိုင်ပါသည်။ ၎င်းအပြင် ကျောက်မျက်ရတနာများတူးဖော်ထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိသည့် ကုမ္ပဏီ/အသင်းများအနေဖြင့် ခွင့်ပြုမိန့်ရရှိထားသည့် ကျောက်မျက်ရတနာလုပ်ကွက်များကို တရားမဝင် လွှဲပြောင်းခြင်းမပြုရန်နှင့် သတ္တုတွင်းဝန်ကြီးဌာနမှ ၁၉၉၉ခုနှစ် အောက်တိုဘာလ (၁)ရက်တွင် ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာအမှတ် (၁၂၃/၉၉)အတိုင်း လိုက်နာဆောင်ရွက်ရမည်ဖြစ်ပါသည်။

၄။ သတ်မှတ်နှင့်ဖော်ထုတ်လုပ်ကွက်တစ်ကွက်အတွက် မြေအကျယ်အဝန်းမှာ တစ်ဧကဖြစ်ပါသည်။ သို့ရာတွင် တူးဖော်ထုတ်လုပ်ပြီး သတ်မှတ်နှင့်ဖော်ထုတ်လုပ်ကွက်များ၊ တူးဖော်ထုတ်လုပ်ဆဲ သတ်မှတ်နှင့်ဖော်ထုတ်လုပ်ကွက်များအနေဖြင့် တူးဖော်မှုနှင့် ရာသီဥတုကြောင့် လုပ်ကွက်နယ်မြေအကျယ်အဝန်းနှင့်ပတ်သက်၍ ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်ပါက သတ္တုတွင်းဝန်ကြီးဌာန၊ ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့်ကြီးကြပ်ရေးလုပ်ငန်းကော်မတီက ညှိနှိုင်းဆုံးဖြတ်ခြင်းကို လိုက်နာဆောင်ရွက်ရမည်ဖြစ်ပါသည်။ သတ်မှတ်နှင့် ဖော်ထုတ်လုပ်ကွက်များအတွက် ခွင့်ပြုသက်တမ်းကာလမှာ (၃)နှစ်ဖြစ်ပြီး အနည်းဆုံးပေးသွင်းရမည့် အဆိုပြုငွေမှာ ကျပ်(၁၀)သိန်းဖြစ်ပါသည်။ ဈေးပြိုင်စနစ်ဖြင့် ခွင့်ပြုမိန့်ထုတ်ပေးမည်ဖြစ်၍ အဆိုပြုလွှာတင်သွင်းရာတွင် ပေးသွင်းမည့်အဆိုပြုငွေကို ဂဏန်းဖြင့်သာမကဘဲ စာသားဖြင့်ပါ တိတိကျကျဖော်ပြရမည်ဖြစ်ပါသည်။

၅။ မိမိတို့တူးဖော်လိုသည့်သတ်မှတ်နှင့် ဖော်ထုတ်လုပ်ကွက်များကို လုပ်ကိုင်မည့်ပုဂ္ဂိုလ်များကိုယ်တိုင် ကွင်းဆင်းစစ်ဆေးကြည့်ရှုပြီးမှသာ လုပ်ကိုင်မည့်လူကိုယ်တိုင် လက်မှတ်ရေးထိုး၍ အဆိုပြုလွှာများတင်သွင်းရန်ဖြစ်ပါသည်။ တူးဖော်ထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိပြီးနောက်မှ ကျောက်မျက်တူးဖော်ထုတ်လုပ်ရန် မြေမှန်မရှိခြင်းနှင့် အခြားအကြောင်းအမျိုးမျိုးဖော်ပြ၍ ကြိုတင်ပေးသွင်းထားသည့် အာမခံစပေါ်ငွေများနှင့် နိုင်ငံတော်သို့ ပေးသွင်းပြီးသော အဆိုပြုငွေများကို ပြန်လည်ထုတ်ပေးရန်၊ လုပ်ကွက်နေရာပြောင်းလဲပေးရန် တင်ပြခြင်းများကို ခွင့်ပြုမည်မဟုတ်ပါ။ ၎င်းအပြင် အဆိုပြုလွှာများတင်သွင်းရာတွင် လုပ်ငန်းမှတ်ပုံတင်ခြင်းမရှိသည့် အဆိုပြုလွှာများနှင့် ပြည့်ပြည့်စုံစုံဖော်ပြခြင်းမပြုသည့် အဆိုပြုလွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၆။ လုပ်ငန်းမှတ်ပုံတင်ခြင်း၊ အဆိုပြုလွှာထုတ်ယူခြင်းနှင့် အဆိုပြုလွှာပြန်လည်တင်သွင်းခြင်းများကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)နှင့်ဆက်သွယ်၍ အောက်ပါအတိုင်း ဆောင်ရွက်ရန်ဖြစ်ပါသည်။

(က)**လုပ်ငန်းမှတ်ပုံတင်ခြင်းနှင့်အဆိုပြုလွှာများထုတ်ယူခြင်း။** အဆိုပြုလွှာတင်သွင်းလိုသူများသည် ၂၀၀၃ခုနှစ် ဩဂုတ်လ၁၈ရက်မှစ၍ အမှတ်(၆၆)၊ ကမ္ဘာအေးစေတီလမ်း၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)တွင် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ မှတ်ပုံတင်ကြေးငွေများပေးသွင်း၍ မှတ်ပုံတင်ပြီး အဆိုပြုလွှာများထုတ်ယူခြင်း၊ လုပ်ကွက်မြေပုံများကို ကြည့်ရှုလေ့လာခြင်းများ ဆောင်ရွက်နိုင်ပါသည်။

(ခ)**အဆိုပြုလွှာများတင်သွင်းခြင်း။** အဆိုပြုလွှာတင်သွင်းလိုသူများသည် သတ်မှတ်လုပ်ကွက်များအတွက် သတ်မှတ်အဆိုပြုလွှာ(မကလ–၂)နှင့် ပုံစံ(သမ–၁)တို့တွင်လည်းကောင်း၊ ဖော်ထုတ်ကွက်များအတွက် ဖော်ထုတ်လုပ်ကွက်အဆိုပြုလွှာ(မကလ–၅)နှင့် ပူးတွဲပုံစံ(ဖထ–၁)တို့တွင်လည်းကောင်း လိုအပ်သည်များကို ပြည့်ပြည့်စုံစုံရေးသွင်းရပါမည်။ ၎င်းအဆိုပြုလွှာများကို တစ်စောင်စီခွဲ၍ စာအိတ်နှစ်ထပ်တွင် အတွင်း၊အပြင် ချိပ်ထိုးပြီး ၂၀၀၃ခုနှစ် ဩဂုတ်လ၁၈ရက်မှ၂၀၀၃ခုနှစ်စက်တင်ဘာလ၁၂ရက်အတွင်းမြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)၊ အမှတ်(၆၆)၊ ကမ္ဘာအေးစေတီလမ်း၊ ရန်ကုန်မြို့တွင် သတ်မှတ်ချက်များနှင့်အညီ တင်သွင်းရပါမည်။

၇။ အသေးစိတ်သိလိုသည်များကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)ရန်ကုန်မြို့တွင်လည်းကောင်း၊ မိုးကုတ်နှင့်လုံးခင်းတွင် အခြေပြုသည့် ကျောက်မျက်/ကျောက်စိမ်းတူးဖော်ရေးဌာနများ၊ မန္တလေး၊ မြစ်ကြီးနား၊ ခန္တီးနှင့် မိုင်းရှူး/လွိုင်ဆောင်ထောက်တွင် အခြေပြုသည့် ကျောက်မျက်/ကျောက်စိမ်းစခန်းရုံးများတွင်လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ကျောက်မျက်ရတနာလုပ်ကွက်များခွင့်ပြုမိန့်ချထားပေးရေး၊
စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီ။

ဇော် အီလက်ထရွန်နစ်အထူးသင်တန်း

ရေဒီယို၊ ကက်ဆက်၊ အသံချဲ့စက်၊ တီဗွီ၊ ဗီဒီယို၊ စီဒီ၊ ဗွီစီဒီ၊ ကွန်ပျူတာမော်နီတာ၊ ကြိုးမဲ့တယ်လီဖုန်း၊ အင်ဗာတာ၊ စလောင်းနှင့် ဂြိုဟ်တုရုပ်သံဖမ်းစက်အပါအဝင် အီလက်ထရွန်နစ်ပစ္စည်းအမျိုးမျိုး ပြုပြင်နည်းနှင့် တည်ဆောက်ပုံများကို စာတွေ့၊ လက်တွေ့ စနစ်တကျသင်ကြားပေးလျက်ရှိပါသည်။

စလောင်းသီးသန့် အထူးသင်တန်းရှိသည်

***စုံစမ်းရန်နေရာ–ဇော် အီလက်ထရွန်နစ်သင်တန်း**

02-21108:23841 တိုက်ခန်းအမှတ်(B-3)၊ (၃၅)လမ်း၊ ၈၆ x ၈၇လမ်းကြား၊ မန္တလေးမြို့။

ရွှေလမင်းစက်ချက်နို့ဆီ
အကောင်းကြိုက်သူများအတွက် တကယ်ကောင်းတဲ့
ရွှေလမင်းစက်ချက်နို့ဆီကိုသုံးပါ

ပျော်ဘွယ်မြို့ ရွှေလမင်းနို့ဆီချက်စက်ရုံကြီးမှ သတ်မှတ်ပေးထားသော ယခင်ဈေးနှုန်းအတိုင်း ရောင်းချနေပါသည်။

ရွှေလမင်းစက်ချက်နို့ဆီ၊ နို့ဆိမ့်အရသာ စုပါပုံးအစိမ်းကို ၁၄၅၀၀ကျပ်နှင့် ပုံးအဝါ ချိုဆိမ့်အရသာရှယ်ကို ၁၃၅၀၀ကျပ်နှင့်သာ ရောင်းချနေပါသည်။

မိတ်ဟောင်း၊ မိတ်သစ်များ ကျန်းမာရွှင်လန်းကြပါစေ။ အောက်ဖော်ပြပါ ကိုယ်စားလှယ်ကြီးများထံတွင် ရွှေလမင်းစက်ချက် နို့ဆီများကို လက်လီလက်ကား ဝယ်ယူအားပေးနိုင်ပါသည်။

